


The VOICE Daily




Vol. 5 / No. 68 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်၊ (Friday, June 30, 2017)

# မတရားအသင်းဥပဒေကို ပြန်လည်သုံးသပ်မည်ဟု သူရဦးရွှေမန်းပြောကြား

**နေပြည်တော်၊ ဇွန် ၂၉**

ကိုလိုနီခေတ် ဗြိတိသျှအစိုးရက မြန်မာလူငယ်များ အသင်းဖွဲ့ပြီးလွတ်လပ်ရေးကြိုးပမ်းမှု မလုပ်နိုင်စေရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့သော မတရားအသင်းဥပဒေကို ပြန်လည်သုံးသပ်မှုများလုပ်နေသည်ဟု ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ သူရဦးရွှေမန်းက ပြောကြားသည်။

ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာတွင် ဇွန်လ ၂၉ ရက်က ပြုလုပ်သည့် ပညာရည်ချွန်ဆုပေးပွဲအပြီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နယ်မြေအတွင်း သွားရောက်သတင်းယူသည့် သတင်းမီဒီယာသမားသုံးဦးကို တပ်မတော်စစ်ကြောင်းက စာ 25



ဓာတ်ပုံ – ရဲပြည့်စာနည်

ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဇွန်လ ၂၉ ရက်နေ့ ညနေပိုင်းက သီရိလင်္ကာနိုင်ငံမှ သီရိသံဃာမိအဖွဲ့က ပန်းပေါင်းတစ်သန်း၊ ဆီမီးပေါင်း တစ်သောင်းရှစ်ဆယ်ဖြင့် ပူဇော်ခဲ့သည်ကို တွေ့ရစဉ်

## ရန်ကုန်တိုင်း အပါအဝင် တိုင်းနှင့် ပြည်နယ် ခုနစ်ခုမှ နယ်/လုံဝန်ကြီးများ ပြောင်းရွှေ့မည်

**ရန်ကုန်၊ ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းနှင့်ပြည်နယ်ခုနစ်ခုရှိ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးခုနစ်ဦးကို အပြောင်းအရွှေ့ပြုလုပ်ရန် ဇွန်လနောက်ဆုံး စာ 25

## ကုလလူ့အခွင့်အရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့ကို ပြည်တွင်းသို့ ဝင်ခွင့်မရရန် ကာကွယ်တားဆီးသွားမည်

စာ 2

## နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာပြည်သို့ မျက်စိကျနေကြဆဲ

စာ 21

## သုံးရက်အတွင်း ထိုင်းရောက် မြန်မာအလုပ်သမား ၂၀၀၀ ကျော် နေရပ်ပြန်

**ရန်ကုန်၊ ဇွန် ၂၉**

ထိုင်းနိုင်ငံအစိုးရက ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးနောက် သုံးရက်အတွင်း အထောက်အထားမဲ့ မြန်မာနိုင်ငံသား ၂၀၀၀ ကျော်ခန့် နေရပ်ပြန်နေကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ အလုပ်သမားသံအရာရှိ ဦးနိုင်မင်းသူက ပြောသည်။

ထိုင်းနိုင်ငံအစိုးရသည် အဆိုပါ ဥပဒေကို ဇွန်လ ၁၉ ရက်၌ အတည်ပြုပြဋ္ဌာန်းပြီးနောက် ဇွန်လ ၂၀ ရက်မှ စတင်၍ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို စစ်ဆေး စာ 25

## ထူးအယ်လင်းနှင့် ကော်ဘရာ ရွှေ့နေပါဝါတင်

**ရန်ကုန်၊ ဇွန် ၂၉**

ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၃၀ (က) ဖြင့် အမှုဖွင့်တရားစွဲဆိုခံရသူ အဆိုတော် ထူးအယ်လင်း (ခ) စိုးလှိုင်ရှိန်နှင့် ကော်ဘရာ (ခ) နေလင်းသင်းတို့နှစ်ဦးသည် ဇွန်လ ၂၉ ရက်နေ့လယ်ပိုင်းက ဒဂုံမြို့နယ်တရားရုံးတွင် တရားရင်ဆိုင်ရန် ရှေ့နေပါဝါတင်ခဲ့ကြောင်း စာ 25



ဓာတ်ပုံ – အောင်မိုးလွင်



# ကုလ လူ့အခွင့်အရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့ကို ပြည်တွင်းသို့ ဝင်ခွင့်မရရန် ကာကွယ်တားဆီးသွားမည်

**နေပြည်တော်၊ ဇွန် ၂၉**

ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ပြန့်စွာရှိခဲ့သည့် စွပ်စွဲချက်များနှင့် ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းထားသည့် အချက်အလက်ရှာဖွေစုံစမ်းဖော်ထုတ်ရေးအဖွဲ့ (Fact Finding Mission) ကို မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းမရှိရန် ကာကွယ်တားဆီးမှုများ ပြုလုပ်ရန်ညွှန်ကြားထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်က ပြောကြားသည်။

ဇွန်လ ၂၇ ရက်က ကျင်းပသောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဇေယျာသီရိ မဲဆန္ဒနယ်မှ ဦးလှဌေးဝင်းက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ရခိုင်ပြည်နယ်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသို့ စေလွှတ်ရန် ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စု အစိုးရအနေနှင့် ထိရောက်လုံလောက်သော တားဆီးကန့်ကွက်မှု ပြုလုပ်ရန် စီစဉ်ထားမှုအခြေအနေ မေးမြန်းချက်ကို ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စေလွှတ်မည့်ကိစ္စကို လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် မြန်မာပြည်၏အမြဲတမ်း ကိုယ်စားလှယ်က Fact Finding Mission ဆုံးဖြတ်ချက်တစ်ခုလုံးအား သဘောတူ လက်ခံခြင်းမရှိဟု တရားဝင်ပြောကြားခဲ့ပြီးဖြစ်ပြီး အိန္ဒိယ၊ တရုတ်စသည့် လူ့အခွင့်အရေး ကောင်စီဝင်နိုင်ငံအချို့ကလည်း သဘောတူလက်ခံခြင်းမရှိဟု ပြောကြားထားပြီး ဖြစ်ကြောင်း ဒုတိယ ဝန်ကြီး ဦးကျော်တင်က ဆိုသည်။

မြန်မာနိုင်ငံအနေနှင့် လူ့အခွင့်အရေးကောင်စီဝင်အဖွဲ့ဝင်နိုင်ငံမဟုတ်သောကြောင့် အချက်အလက် ရှာဖွေရေးအဖွဲ့ စေလွှတ်ရေးကိစ္စ၏ ဆုံးဖြတ်ချက်ကို သဘောတူ လက်ခံနိုင်ခြင်း မရှိကြောင်း မတ်လ ၁၄ က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အနေနှင့်လည်း မေလနှင့် ဇွန်လအတွင်း ဥရောပသမဂ္ဂဌာနချုပ်နှင့် အနောက်နိုင်ငံများသို့ သွားရောက်ချိန်တွင်လည်း ယင်းမစ်ရှင်စေလွှတ်ရေးကိစ္စတွင် မြေပြင်အခြေအနေများနှင့် ကိုက်ညီမှုမရှိ၍ လက်မခံနိုင်ကြောင်းနှင့် မစ္စတာကိုဖီအာနန်၏ အကြံပေးကော်မရှင်၏ ထောက်ခံတင်ပြချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုရရှိရန် ဆောင်ရွက်နေကြောင်း ရောက်ရှိရာနိုင်ငံတွင် ပြောကြားခဲ့ကြောင်း ဦးကျော်တင်က ရှင်းပြသည်။

အဆိုပါအဖွဲ့ကို ပြည်တွင်းသို့ဝင်ရောက်လာခြင်းမရှိအောင်ကာကွယ်တားဆီးသွားမည်ဖြစ်သော်လည်း ယင်းအဖွဲ့သည် ပြည်တွင်းရှိသက်ဆိုင်သူများကို ဆက်သွယ်မေးမြန်းမှုများပြုလုပ်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံ အချို့ထံ သွားရောက်စုံစမ်းပြီး အစီရင်ခံစာပြုလုပ်ကာ လူ့အခွင့်အရေးကောင်စီသို့တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အဆိုပါကိစ္စသည် နိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ် ဖြစ်သောကြောင့် မေးခွန်းမေးသည့် ကိုယ်စားလှယ် အပါအဝင် ပြည့်စုံစွာဖြေကြားခဲ့သည့် ဒုတိယဝန်ကြီးတို့ကို အလေးထား မှတ်တမ်းတင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်က ပြောကြားခဲ့သည်။

■ S-01

# တောင်ဥက္ကလာပ KBZ ဘဏ်တွင်တွေ့သည့် ငွေစက္ကူအတုများ ရဲစခန်းအပ်

**ရန်ကုန်၊ ဇွန် ၂၉**

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သစ္စာလမ်းမပေါ်ရှိ KBZ ဘဏ်ခွဲတစ်ခုတွင်တွေ့ရှိခဲ့သည့် ငွေစက္ကူအတုနှစ်ရွက်ကို ဇွန်လ ၂၉ ရက် ညနေ ၄ နာရီခန့်က ယင်းမြို့မ ရဲစခန်းသို့လာရောက်အပ်နှံခဲ့သည်။

ယင်းငွေစက္ကူအတုများမှာ ဇွန်လ ၂၆ ရက်နေ့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအမျိုးသမီးတစ်ဦးက ဘဏ်အကောင့်တွင် ငွေလာရောက်အပ်နှံသည့် ကျပ်တစ်သောင်းတန်၊ ငါးထောင်တန်၊ တစ်ထောင်ကျပ်တန် အပါအဝင် စုစုပေါင်း ငွေကျပ်သိန်းတစ်ထောင်အတွင်းမှ ပါရှိလာသော ငွေကျပ်ငါးထောင်တန်အတုတစ်ရွက်၊ ဇွန်လ ၂၉ ရက် မွန်းလွဲ ၁ နာရီခန့်က ဗဟန်းမြို့နယ်နေ အမျိုးသားတစ်ဦးမှ ဘဏ်အကောင့်တွင် လာရောက်အပ်နှံသည့် ငွေကျပ်ခြောက်သိန်း တစ်သောင်း ငါးထောင်အတွင်းမှ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူ အတုတစ်ရွက်တို့ဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ငွေအတုတွေက တစ်နေ့တစ်နေ့ကို တစ်ရွက်နှစ်ရွက်တော့ အမြဲလိုလို တွေ့တယ်၊ အရောင်၊ စက္ကူသားကွဲရင် သေချာမြင်ရပေမယ့် တစ်ခါတစ်ရံနံပါတ်ကိုသေချာတိုက်ကြည့်မှ သိရတာ၊ အရင်တုန်းကတော့ အပေါက်ဖောက်ပြီး စွန့်ပစ်ပေမယ့် အခုကျတော့ တွေ့တာနဲ့ သက်ဆိုင်ရာကို အပ်နှံရမယ်ဆိုပြီး ဗဟိုဘဏ်ကနေ ညွှန်ကြားထားတယ်"ဟု ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုတွေ့ရှိသည့် ငွေစက္ကူအတုများနှင့်ပတ်သက်၍ ယင်း KBZ ဘဏ်မှ လက်ထောက်မန်နေဂျာ (ငွေကြေး) ဌာနမှ အသက် ၃၄ နှစ်အရွယ် ဦးသီဟလင်းက အပ်နှံခဲ့ရာ တောင်ဥက္ကလာပမြို့မရဲစခန်းမှ ဒုရဲအုပ်သက်ပိုင်ဦးက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် လက်မှတ်ရေးထိုးလက်ခံထားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတစ်ဆင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

■ J 16

# ကျိုင်းတုံတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန ဖွင့်မည်

**ကျိုင်းတုံ၊ ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးဌာန (CICC)ကို ဇူလိုင်လဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့ ပြည်နယ် ဒုတိယ စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးလှစိုးကပြောကြားသည်။

"စားသုံးသူတွေကို သိသင့်သိထိုက်တဲ့ သတင်းတွေ ပြန်ကြားပေးမှာ ဖြစ်သလို နစ်နာတဲ့တိုင်ကြားမှုတွေကို လက်ခံဆောင်ရွက်ပေးမှာပါ၊ နောက်တစ်ချက်အနေနဲ့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှာ ညှိနှိုင်းလို့ အဆင်မပြေတာတွေကို တရားဥပဒေအရဖြေရှင်းနိုင်ဖို့ ကူညီဖြေရှင်းပေးမယ်"ဟု ၎င်းက ဆိုသည်။

ကျိုင်းတုံဒေသခံများက အိမ်နီးချင်း တရုတ်၊ ထိုင်းနိုင်ငံတို့မှ တင်သွင်းသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အဓိကသုံးစွဲနေရသဖြင့် စားသုံးသူ အငြင်းပွားမှု ပြဿနာများ ကြုံတွေ့ဖြေရှင်းနေရသည့်အပြင် စားသုံးရန်မသင့်သော အအေးခဲအသားမျိုးစုံနှင့်မုန့်မျိုးစုံကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းက စတင် ရှာဖွေသိမ်းဆည်းကာ မီးရှို့ဖျက်ဆီးနေရကြောင်း ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းစိုးက ရှင်းပြသည်။

■ R-16

**ဖြန့်ချီရေးကိစ္စ** ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊

၀၉ ၇၇၈၈၃၃၀၇၃ (မန္တလေး)

# NEWS PHOTO



ဓာတ်ပုံ - ရဲပြည့်ဇာနည်

သရုပ်ဆောင် ညီထွဋ်ခေါင်နှင့် အေးမြတ်သူတို့ ရန်ကုန်မြို့ ၃၁၊ ၃၂ လမ်း နောက်ဖေးလမ်းကြား ဥယျာဉ်တွင် ဇွန်လ ၂၉ ရက် နေ့လယ်က လာရောက်ပြီး နံရံဆေးရေးပန်းချီများ ရေးဆွဲခြင်း၊ ကလေးငယ်များနှင့်အတူ ဓာတ်ပုံရိုက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

# ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ကို အာမခံ မပေးခြင်းမှာ မဖြစ်သင့်ဟု သူရဦးရွှေမန်းဆို

**နေပြည်တော်၊ ဇွန် ၂၉**



ဓာတ်ပုံ - ရဲပြည့်ဇာနည်

သတင်းမီဒီယာသမားအပါအဝင် အင်တာနက် အွန်လိုင်းသုံးစွဲသူများကို ခြိမ်းခြောက်နေသည့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နှင့်ပတ်သက်၍ စွပ်စွဲခံရသူကို အာမခံ မပေးခြင်းမှာ မဖြစ်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြား သည်။

ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာတွင် ဇွန်လ ၂၉ ရက်နေ့က ဂုဏ်ထူးရကျောင်းသားများ ဆုချီးမြှင့်သည့်ပွဲ၌ ၆၆(ဃ) နှင့် ပတ်သက်သည့် ကော်မရှင်က ဆောင်ရွက်ထားမှုအနေအထားကို သတင်းမီဒီယာများက မေးမြန်းရာ သူရဦးရွှေမန်းက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းအစိုးရက Eleven မီဒီယာကို တရားစွဲဆိုပြီး မရှေးမနှောင်းတွင် ကော်မရှင်သို့ရောက်ရှိလာခဲ့ရာ ၆၆(ဃ) ကို ပြင်ဆင်ရန် အကြံပြုခဲ့ကြောင်း၊ ၆၆ (ဃ) နှင့် စွပ်စွဲခံရသူကို အာမခံ မပေးခြင်းမှာ မဖြစ်သင့်ဟု ကော်မရှင်ရှိ ဥပဒေပညာရှင်အားလုံးက သုံးသပ်ပြီး သက်ဆိုင်ရာကို ပို့ထားပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခင်အစိုးရလက်ထက်တွင် ၆၆(ဃ)ဖြင့် တရားစွဲခံရမှု ၇ မှုရှိခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခံရမှု ၅ မှုရှိခဲ့သော်လည်း လက်ရှိအစိုးရလက်ထက်တွင် တရားရုံးတင် တရားစွဲဆိုခံရသည့် အမှုပေါင်း ၆၄ မှုအထိ မြင့်တက်ခဲ့ရာ ထိုအမှုများတွင် တပ်မတော်က တရားစွဲခဲ့သောအမှု ၇ မှု၊ NLD ပါတီက တရားစွဲခဲ့သောအမှု ၆ မှုနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ကြားလူများက တရားစွဲခဲ့သောအမှု ၈ မှုနှင့် သတင်းမီဒီယာသမားများအပေါ် အရေးယူထားသောအမှု ၉ မှုအထိရှိကြောင်း ဆက်သွယ်ရေးဥပဒေကို အမြန်ဆုံးပြင်ဆင်ပေးရေးအဖွဲ့၏ ဇွန်လ ၂၇ ရက်အထိ ထုတ်ပြန်ချက်အရ သိရသည်။

■ T.L

# တောင်ငူတွင် လိုက်ထရပ်ယာဉ်က ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်ကိုတိုက်၊ တစ်ဦးသေ

**တောင်ငူ၊ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွှေဘိုလေးကွေ့အနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ဇွန်လ ၂၈ ရက် ညပိုင်းက လိုက်ထရပ်ယာဉ်က တစ်ဖက်ယာဉ်ကြောတွင် မောင်းလာသော ၁၂ဘီးယာဉ်ကို ဝင်တိုက်ပြီး ရပ်ထားသော ဆိုင်ကယ်ကို ထပ်မံတိုက်မိရာမှ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း တောင်ငူမြို့မ ရဲစခန်းထံမှ သိရသည်။

"လိုက်ထရပ်ယာဉ်က ရှေ့ကားကို ကျော်တက်ချိန်မှာ တစ်ဖက်ယာဉ်ကြောက ကုန်တင်ယာဉ်ကို တိုက်မိပြီး တရွတ်ဆွဲပါသွားချိန် ဆိုင်ကယ်တစ်စီးကို ဆက်တိုက်မိတာ၊ လိုက်ထရပ်ယာဉ်ပေါ်လိုက်လာတဲ့ အမျိုးသားတော့သေဆုံးသွားပြီး ယာဉ်မောင်းတော့ ဒဏ်ရာရသွားတယ်" သွားရောက်ကူညီပေးသော ၂၄ နာရီ လူမှုကူညီရေးအသင်းမှ ဦးမောင်ခိုင်က ပြောကြားသည်။

ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် ကံရိုးဘက်မှ တောင်ငူဘက်သို့ ဦးမြစိုးလွင်(ခ)ဖိုးထူး( ၄၀ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဦးနိုင်လင်း (ခ) ဘခင် (၅၉ နှစ်) လိုက်ပါလာသော လိုက်ထရပ်ယာဉ်မှာ ရှေ့ယာဉ်တစ်စီးကို ကျော်တက်ရာမှ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ (၂၇ နှစ်) နေလင်းဦး မောင်းလာသော ၁၂ ဘီးယာဉ်ကို တိုက်မိခဲ့ကြောင်း၊ ယင်းနောက် လမ်းဘေးရှိ ဆိုင်ကယ်တစ်စီးကို တိုက်မိခဲ့ပြီး လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်ကို ထပ်မံတိုက်မိပြီး လိုက်ထရပ်ယာဉ်ပေါ်လိုက်ပါသူ ဦးနိုင်လင်း (ခ) ဘခင်မှာ ကားတွင် ညပ်မိကာ သေဆုံးခဲ့ကြောင်း၊ အဆိုပါယာဉ် မတော်တဆမှုကြောင့် လိုက်ထရပ်ယာဉ်မောင်းကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၃၃၈ ဖြင့် အမှုဖွင့်ထားကြောင်း တောင်ငူမြို့မ ရဲစခန်းထံမှ သိရသည်။

■ R-15

## NEWS IN BRIEF

### ကလေးမြို့တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ပင်လုံရပ်ကွက် ဆည်းဆာစားသောက်ဆိုင်တွင် ဇွန်လ ၂၈ရက် ညနေပိုင်းက သံဖရိန်ဖြင့် ပြုလုပ်ထားသော ဆိုင်းဘုတ်ကို တပ်ဆင်ရာမှ ဆိုင်ပိုင်ရှင်၏ သား ကိုသားမင်းချူး (၂၃ နှစ်) မှာ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း ကလေးမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဗိုလ်ဗိုလ်ဝင်းထွန်းက ပြောကြားသည်။

အဆိုပါ ဆိုင်းဘုတ်တပ်ဆင်ရာတွင် ဆိုင်းဘုတ်ကိုင်ထားသူ ကိုသားမင်းချူး (၂၃နှစ်)နှင့် ကိုမျိုးလှိုင်ဌေး( ၂၁နှစ်)တို့ ဆိုင်းဘုတ်နှင့် ၄၀၀ဗို့ ဓာတ်အားလိုင်းကြိုး ထိမိရာမှ ဓာတ်လိုက်ရာ ကိုသားမင်းချူးက သေဆုံးပြီး ကျန်တစ်ဦးမှာ ဒဏ်ရာရရှိသဖြင့် ကလေးမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရကြောင်း၊ ယင်းသေဆုံးမှုကို သေမှုသေခင်း အမှတ်စဉ် ဖွင့်လှစ်ထားကြောင်း ကလေးမြို့မရဲစခန်းထံမှ သိရသည်။

### အမြန်လမ်းတွင် ယာဉ်နှစ်စီးတိုက် ၄ ဦး ဒဏ်ရာရ

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၁၁၈ အနီး ဇွန်လ ၂၈ ရက် နံနက်အစောပိုင်းက ကိုယ်ပိုင်ယာဉ်နှစ်စီး တိုက်မိရာမှ လိုက်ပါလာသူ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖြူးအမြန်လမ်း ရဲစခန်း ထံမှ သိရသည်။

ဦးသန့်ဇင်အောင် (၃၄နှစ်)မောင်းနှင်လာသော ဟွန်ဒါဖစ် အမျိုးအစား ကိုယ်ပိုင်ယာဉ်က မိုင်တိုင် ၁၁၈ အနီးတွင် ရှေ့ဘီးပေါက်ကာ လမ်းလယ်ကျွန်းကို ကျော်တက်ပြီး တစ်ဖက်ယာဉ်ကြောမှ ဦးရဲမိုး( ၄၃နှစ်) မောင်းလာသော ကယ်ဒီနား ကိုယ်ပိုင်ယာဉ်ကိုတိုက်မိရာမှ ယာဉ်နှစ်စီးပေါ်မှ လူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများကို ဖြူးဆေးရုံတွင် တင်ပို့ထားပြီး ယာဉ်မတော်တဆမှုကြောင့် ဟွန်ဒါဖစ်ယာဉ်မောင်းကို ရာဇသတ်ကြီးပုဒ်မ ၃၃၇၊ ၃၃၈ ဖြင့်အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

R-15

### မိတ္ထီလာတွင် အမျိုးသားနှစ်ဦးကို မူးယစ်ဆေးဝါးများနှင့် ဖမ်းမိ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာတွင် ဇွန်လ ၂၈ ရက်နေ့က အမျိုးသားနှစ်ဦးကို စိတ်ကြွရူးသွပ်ဆေး ၇၂ ပြားနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း မိတ္ထီလာခရိုင် မူခင်းနှိမ်နင်းရေးဌာနစိတ်ထံမှ စုံစမ်းသိရှိရသည်။

ယင်းသို့ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ နယ်မြေခံ အမှတ်(၂) ရဲစခန်းက မယ(ပ) ၁၀/၂၀၁၇၊ မူးစိတ်ပုဒ်မ ၁၅/၁၉(က) ၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

R-01

အောင်ပြည့်စုံ
10",14",16"-စီး
09-421041338,
09-73224763,09-250095114

09-5125681

# E D I T O R I A L

## ‘ ဝိ ’ဖြစ်လာအောင် ‘ ဝ ’များ အရင်ဆောင်ထားပါ

ယခုရက်ပိုင်းအတွင်း စင်ကာပူအခြေစိုက် Institute of International Affairs က သုတေသနစစ်တမ်းတစ်ခု ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီအစိုးရလက်ထက် ပြုပြင်ပြောင်းလဲရေးခြေလှမ်းများ နှေးကွေးနေခြင်းနှင့် ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စိုးရိမ်မှုများရှိနေသော်လည်း မြန်မာ့စီးပွားရေးအလားအလာနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် အမြင်များဆက်ရှိနေဆဲပင်ဖြစ်သည်ဟု ဖော်ပြလာပါသည်။ ဒီမိုကရေစီအစိုးရ အာဏာရရှိလာပြီးနောက် တစ်နှစ်ကျော်ကြာကာလ၌ တိုင်းပြည်စီးပွားရေး အေးတိအေးစက်ဖြစ်ရုံသာမက အရင်းအနှီးရှိသူများပင် မလုပ်ရဲမကိုင်ရဲဖြစ်ကာ စောင့်ကြည့်နေချိန်တွင် မြန်မာ့စီးပွားရေးနှင့်ပတ်သက်၍ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အားတက်သရောရှိနေခြင်းမှာ တစ်မျိုးတစ်ဖုံ ဝမ်းသာရမည့်ကိစ္စဟု ဆိုရမည်ထင်သည်။ သို့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍအတွက် ကြီးမားသော အဟန့်အတားများသဖွယ်ဖြစ်နေသည့် လျှပ်စစ်စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားဥပဒေရေးရာကိစ္စများမှာ ရတက်မအေးနိုင်စရာအဆင့်တွင်ပင်ရှိနေပါသေးသည်။ အဆိုပါပြဿနာများအနက် လျှပ်စစ်စွမ်းအင်ကိစ္စမှာ ၂၀၁၁ ခုနှစ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စတင်ဖိတ်ခေါ်ခဲ့ကာ ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းကြီးများနှင့် ကုမ္ပဏီအချို့ ဝင်ရောက်လာသည့်အချိန်ကတည်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား သောကများစရာပြဿနာတစ်ခုဖြစ်လာခဲ့သည်။ အမှန်တကယ်စိတ်ဝင်စား၍ မြန်မာပြည်သို့ရောက်လာခဲ့ကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အဓိကထောက်ပြခဲ့ကြသည်မှာလည်း ရှိသင့်ရှိထိုက်သည့် အခြေခံအဆောက်အဦများ၊ အထူးသဖြင့် မှီခိုအားထားလောက်သော လျှပ်စစ်စွမ်းအင်မရရှိမှုပင်ဖြစ်ခဲ့ပါသည်။

ကုန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်ကျော်ခန့်က မြန်မာ့စီးပွားရေးသည် ဂျက်လေယာဉ်တစ်စီးကဲ့သို့ လေယာဉ်ပြေးလမ်းပေါ်သို့ရောက်ရှိနေပြီဖြစ်ပြီး ပျံတက်ရန်သာရှိတော့သည်ဟူ၍ အစိုးရထိပ်တန်းအရာရှိကြီးတစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့ရာ စီးပွားရေးပညာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပွက်လောညံသွားခဲ့သည်။ ၎င်းပြောသည့်အတိုင်း အမှန်တကယ်ပျံတက်နိုင်ပါမည်လော၊ မည်သည့်အချိန်တွင်ပျံတက်မည်လော စသည့်မေးခွန်းများကိုမူ မည်သည့် စီးပွားရေးပညာရှင်ကမျှ တိတိပပခန့်မှန်းနိုင်ခြင်းမရှိသေးသလို မှတ်ချက်ပေးရန်လည်း မဝံ့မရဲဖြစ်လျက်ရှိသည်ကိုသတိပြုမိပါသည်။ အကြောင်းမှာ မရှိမဖြစ်လိုအပ်နေသည့် အခြေခံအဆောက်အဦများ အဆင်သင့် မဖြစ်သေးဘဲ တစ်ရှိန်ထိုးတက်မည်ဟူသောကိစ္စမှာ ‘ဝ’ မရှိဘဲ ‘ဝိ’ လုပ်မိသည့်သဘောမျိုးဖြစ်နေသောကြောင့်ပင်။ ရန်ကုန်မြို့တော်ဝန်က မြေအောက်မြို့တော်တစ်ခုဖန်တီးမည်ဟု ဆိုခဲ့သည့်ကိစ္စတွင်လည်း အမှန်တကယ်တော့ လျှပ်စစ်မီးရမှသာ လုပ်မည့်သဘောကို ဆိုလိုသွားခြင်းဖြစ်သည်ကို စာဖတ်သူများမှတ်မိပါလိမ့်ဦးမည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသာမက မြန်မာ့စီးပွားရေးအတွက် အခရာကျသည့်နေရာတစ်ခုဖြစ်သော ရန်ကုန်ကဲ့သို့မြို့ကြီးတစ်မြို့၌ပင် လျှပ်စစ်စွမ်းအင်ကို လုံလောက်စွာမရရှိခြင်း၊ အခြားအခြေခံအဆောက်အဦများ နိမ့်ကျလျက်ပင်ရှိနေခြင်းတို့က မြန်မာကို မည်မျှပင် မျက်စိကျသည်ဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လက်တွေ့ကျကျလာရောက် ရင်းနှီးမြှုပ်နှံမှုမပြုရဲအောင် ဖန်တီးပေးနေသကဲ့သို့ဖြစ်နေပါသည်။ မြန်မာ့စီးပွားရေးတိုးတက်အောင် အကူအညီပေးလျက်ရှိသည့် နိုင်ငံများတွင် ထိပ်ဆုံးကပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အမှန်တကယ်စိတ်ဝင်စားသည့် ဂျပန်နိုင်ငံရှိ ဂျပန်ကုန်သည်ကြီးများအသင်း၌ အဖွဲ့ဝင်လုပ်ငန်းကြီး ၁၂၀ ရှိရာ အဘယ့်ကြောင့် မြန်မာ၌လက်တွေ့ကျကျရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းစုစုပေါင်း ၁၀ ခုကျော်သည်အထိ မရှိသေးသနည်းဟု မေးလျှင် ယင်းအခြေခံအဆောက်အဦပြဿနာကိုသာ လက်ညှိုးထိုးရမည်ဖြစ်ပေသည်။ အတိုချုံးပြောရလျှင် မြန်မာ့စီးပွားရေးအမှန်တကယ်မိုးပေါ်ပျံတက်လိုသည်၊ ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လိုသည်ဆိုပါက မြန်မာပြည်သို့လာရောက်လေ့လာဖူးသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအကြား ပြောစရာဖြစ်ခဲ့သည့်ကိစ္စမျိုးထပ်မဖြစ်အောင် အခြေခံအဆောက်အဦကောင်းများအား အလုပ်ဖြင့်သက်သေထူပြရန်သာကျန်သည်ဟု တိုက်တွန်းလိုက်ရပါသည်။ သူတို့ပြောသည့်စကားအရ သူတို့သည် ‘NATO’ မျှသာဖြစ်သည်၊ NATO ဟူသည်မှာ‘No Action , Talk Only’ ဟူ၍ပင်။ ထို့ပြင် သူတို့သည် ‘Look, Listen, Learn and Leave’ ဟူသည် အင်္ဂလိပ်အက္ခရာ ‘L’ လေးလုံးအတိုင်းလုပ်နေကြရသည်ဟုလည်း ဆိုသည်။ ‘လာ၍ကြည့်၊ ကြည့်ပြီးလေ့လာ၊ ပြီးတော့ ပြန်သွား’ ဟုပင်ဆိုရပေမည်။

**အယ်ဒီတာ ( ၂၉ - ၆ - ၂၀၁၇ )**

# သာသနာ့အလံကို နိုင်ငံရေး၊ လူမှုရေးနှင့် လောကီရေးရာများ၌ သုံးစွဲလျှင် အရေးယူမည်

**ရန်ကုန်၊ ဇွန် ၂၉**

သာသနာ့အလံတော်ကို နိုင်ငံတော်အဆင့်သံဃာ့အဖွဲ့အစည်းများက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း သုံးစွဲခြင်းမရှိဘဲ ၎င်းတို့၏ ဆန္ဒသဘောနှင့်အညီ နိုင်ငံရေး၊ လူမှုရေးနှင့် လောကီရေးရာများ၌ သုံးစွဲလျှင် တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဇွန်လ ၂၈ ရက်၌ ထုတ်ပြန်ခဲ့သည်။

သာသနာ့ အလံတော်ကို ကဆုန်လပြည့်၊ နယုန်လပြည့်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ ဝါဆိုပွဲတော်၊ အဘိဓမ္မာအခါတော်နေ့၊ ရှင်ပြု ရဟန်းခံမင်္ဂလာ၊ ဆွမ်းကြီးလောင်းပွဲ၊ မဟာဘွဲ့နှင်းသဘင်၊ စူဠဘွဲ့နှင်းသဘင်၊ ပရိယတ္တိဆိုင်ရာ စာမေးပွဲ၊ စာပြန်ပွဲ၊ ပူဇော်ပွဲများ၊ သံဃနာယကအဖွဲ့က ခွင့်ပြုသည့် တရားပွဲများ၊ ထီးတော်တင်ပွဲ၊ ဗုဒ္ဓပူဇနီယပွဲတော်၊ သံဃာ့အဖွဲ့အစည်းပွဲ၊ သံဃဝိနိစ္ဆယအဖွဲ့စစ်ဆေးဆုံးဖြတ်သည့်ဌာန၊ ဘာသာရေး သာသနာရေးနှင့်ဆိုင်သည့် သင်တန်းများ၊ ပဋ္ဌာန်းရွတ်ပူဇော်ပွဲစသည့် အခမ်းအနားတို့တွင်သာ သုံးစွဲခွင့်ရှိကြောင်း သံဃနာယကလက်စွဲ အပိုဒ် ၃၁၄၊ ၃၁၅ တို့တွင် သတ်မှတ် ပြဋ္ဌာန်းထားသည်။

ယခုအခါ အချို့သော ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့သည် သာသနာ့ အလံတော်ကို နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းများက သတ်မှတ် ပြဋ္ဌာန်းထားသည့်အတိုင်း သုံးစွဲခြင်းမရှိဘဲ ၎င်းတို့ဆန္ဒနှင့်အညီ နိုင်ငံရေး၊ လူမှုရေးစသည့် လောကီရေးရာများ၌ တလွဲသုံးစွဲနေခြင်းကို တွေ့ရှိရခြင်းကြောင့် အဆိုပါ ပုဂ္ဂိုလ်များအနေနှင့် သတိပြု ဆင်ခြင်ရန်နှင့် နောင်တွင် သာသနာ့အလံတော်ကို မသင့်လျော်သော နေရာများတွင် အသုံးပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

အလားတူ ရဟန်း (သို့မဟုတ်) သာမဏေတစ်ပါးပါးသည် သံဃာ့အဖွဲ့အစည်း တစ်ရပ်ရပ်၏ သတ်မှတ်ပြဋ္ဌာန်းထားသည့် သံဃာအဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှ ဆုံးမသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါက သံဃာ့အဖွဲ့အစည်း ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

■ J-07

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သမီးလေး မစိုးရတနာဝင်း ခုံအမှတ်-ဆကရ-၇၆၁၊ အ.ထ.က(၂)ကမာရွတ်သည် ၂၀၁၇ တက္ကသိုလ်ဝင် စာမေးပွဲကို (မြန်မာဘာသာဂုဏ်ထူး) ဖြင့်အောင်မြင်ခဲ့ခြင်းသည် ''ဝင်းညွန့်ညွန့်စိန်ရွှေရတနာ'' မိသားစုအတွက် အထူးဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

သမီးလေး မစိုးရတနာဝင်းအား ပညာသင်ကြားပေးခဲ့ပါသော အ.ထ.က(၂)ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဖွားဖွား ဒေါ်ညွန့်ညွန့် (ဝင်းညွန့်ညွန့်စိန်ရွှေရတနာဆိုင်)
ဖေဖေ ဦးစိုးကျော်သူ + မေမေ ဒေါ်တင်ဥမ္မာလွင်
ဖွားဖွား ဒေါ်ညွန့်လှ၊ ဖွားဖွား ဒေါ်ညွန့်မြ၊ အန်တီ - ဒေါ်မိမိနိုင်
ဦးဦး-ဗိုလ်မှူးကြီးတင်မောင်လတ် + ဒေါ်စန္ဒာနိုင်



WNN ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် WNN

ဈေးဝယ်သူများအတွက် ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2017 မှ 30.7.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားဆိုးရွှေကလပ် (၁)ခု လက်ဆောင်ပေးသွားပါမည်။ ကံစမ်းရန်မလိုပါ။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁-၅၃၆၀၀၀၀၊ ၅၃၉၅၁၂ ၅၂၅၀၀၀
PH; ၀၉-၇၇၇၇၀၀၁၆၉၇၊ ၀၉- ၂၅၅၂၀၀၀၂


# မကွေးတွင် သက်တမ်းရင့် သစ်ပင်ကြီးများ ခုတ်လှဲမည်ကို ကန့်ကွက်

**မကွေး၊ ဇွန် ၂၉**

မကွေး- တောင်တွင်းကြီးကားလမ်းပေါ်ရှိ ခုတ်လှဲမည့် သက်တမ်းရင့်သစ်ပင်ကြီးများကို အဖြူရောင်ကြက်ခြေခတ် အမှတ်အသား ပြုလုပ်ထား၍ သစ်ပင်ကြီးများ ခုတ်မည်ကို ကန့်ကွက်ကြောင်း ဒေသခံများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက ပြောကြားသည်။

“ဒီအပင်တွေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရမ်းကို အရေးကြီးတဲ့ကဏ္ဍမှာရှိတယ်။ အခုကိစ္စကတော့ လမ်းဧရိယာဖြစ်နေတော့ လမ်းနဲ့မလွတ်ကင်းတာဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်ဟာအဓိကကျပါတယ်။ သစ်ပင်တွေခုတ်တယ်ဆိုတာ ကျွန်တော်တို့အသည်းကို ဓားနဲ့ထိုးလိုက်သလိုခံစားရပါတယ်” မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိမ်းခိုင်က ဆိုသည်။

မကွေးမြို့အတွင်း တောင်တွင်းကြီးလမ်းဘေးရှိသစ်ပင်များတွင် အဖြူရောင်ကြက်ခြေခတ်များ ရေးဆွဲထားခြင်းမှာ လမ်းနှင့်မလွတ်သည့်အပင်များကိုရွေးချယ်အမှတ်အသားပြုထားခြင်းဖြစ်ပြီး လာရောက်စစ်ဆေးမည့် တာဝန်ရှိသူများမြင်သာစေရန် ပြုလုပ်ထားခြင်းသာဖြစ်ကြောင်း၊ ခုတ်လှဲခြင်းပြု မပြုကိုမူ သက်ဆိုင်ရာတာဝန်ရှိသူများက ဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း အဆိုပါလမ်းပိုင်းကို BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့်မက်စ်မြန်မာကုမ္ပဏီမှ မကွေးခရိုင်အဆင့် တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါသစ်ပင်ကြီးများသည် နှစ်သက်တမ်း ၁၀၀ ကျော်ပြီဖြစ်ပြီး ယင်းကဲ့သို့ ကြက်ခြေခတ် အမှတ်အသားများကို ရေးဆွဲသည့်နေ့မှစတင်ကာ သစ်ပင်ကြီးများကိုခုတ်လှဲရန် သတ်မှတ်ထားသည်ဟု ယူဆကြကြောင်း၊ မကွေးမြို့ခံအများအပြား၏ ကန့်ကွက်ဝေဖန်ခြင်းကို ခံနေရပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်အရသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက အတည် ပြုပြောဆိုသည်။

ယင်းလမ်းပိုင်းရှိ လမ်းနှင့်မလွတ်ကင်းသည့်သစ်ပင်များကို တာဝန်ရှိသူများက ဇွန်လ ၂၈ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လမ်းအတွက် သစ်ပင်ကြီးများခုတ်လှဲခဲ့မည်ဆိုပါက အပင်အစားထိုးပြန်လည်စိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

လမ်းမကြီးတိုးချဲ့ရန် လျာထားသည့် လမ်းတစ်လျှောက်တွင် သက်တမ်းရင့် သစ်ပင်ကြီးများဖြစ်သည့် ညောင်ပင်၊ တမာ၊ ကုက္ကိုနှင့် ယင်းမာပင်များအပြင် လမ်းဘေးဓာတ်တိုင်များနှင့် လမ်းဘေးပလက်ဖောင်းများကိုပါ ဖျက်သိမ်းရမည့် အခြေအနေသို့ရောက်ကြောင်း၊ အဆိုပါပြဿနာအတွက် ပြုပြင်ပြောင်းလဲရေးသမား အချို့ကထောက်ခံလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ကန့်ကွက်နေ


ဓာတ်ပုံ-ပေါ်ဦး

ကြသည့်အတွက် အငြင်းပွားဖွယ်အနေအထားပင်ဖြစ်ကြောင်း မကွေးမြို့ခံအချို့က ပြောဆိုသည်။

မက်စ်မြန်မာကုမ္ပဏီအနေနှင့် ရန်ကုန်-ပြည်-မကွေးကားလမ်းပိုင်းတွင် မော်ဘီမှ မကွေးတက္ကသိုလ်လမ်းဆုံအထိ BOT စနစ်ဖြင့်လုပ်ကိုင်ခွင့် ရရှိထားပြီး ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ လမ်းအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေစဉ် ယင်းလမ်းပိုင်းအတွင်းရှိ ယခုတောင်တွင်းလမ်းရှိသစ်ပင်ကြီး ၈၇ ပင်ကိုလမ်းနှင့်မလွတ်သည့်အတွက် မည်သို့ဆောင်ရွက်ရမည်ကို ဇွန်လ ၉ ရက်နေ့က သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ တင်ပြတောင်းခံထားခဲ့ကြောင်း အဆိုပါကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

အဆိုပါလမ်းပိုင်းမှာ မကွေးလေတပ်တောင်ဘက်အပေါက်မှ မကွေး တက္ကသိုလ်ရှေ့အထိ နှစ်မိုင်ခန့်ရှည်လျားပြီး ယခင်လမ်းအကျယ် ၃၃ ပေမှ ၄၄ ပေအထိ တိုးချဲ့မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ခံက ပြောကြားသည်။

အလားတူယခင်နှစ်ကလည်း မကွေး-ရေနံချောင်း-ငွေးချိုလမ်းပိုင်းအဆင့်မြှင့်တင်ရေးအတွက် လမ်းနယ်မြေတိုးချဲ့ရန် လမ်းဘေးဝဲယာရှိ သက်တမ်းရင့်အပင်များဖြစ်သည့် ညောင်မှတ်ဆိတ်၊ ထနောင်းစသည့်အပင်ပေါင်း ၅၀၃ ပင်ကိုလည်း ခုတ်လှဲရန်စီစဉ်ခဲ့ရာတွင် ဒေသခံများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ၏ကန့်ကွက်မှုကြောင့်ရပ်ဆိုင်းခဲ့သည်။

■ R-02

# ပညာဒါနကျောင်းများသို့ HERO အဖွဲ့သွားရောက်သင်ကြားမည်

**ရန်ကုန်၊ ဇွန် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သင်ကြားရေးလိုအပ်ချက်ရှိသော ပညာဒါနကျောင်းများသို့Health and Education Reactivating Organization (HERO) အဖွဲ့ သွားရောက်ပညာသင်ကြားပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

HERO အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဒုတိယအကြိမ် ပညာဒါနခရီးစဉ်ကို ဇူလိုင်လ ဒုတိယပတ်အတွင်း စတင်ကာ သင်ကြားမှု လိုအပ်ချက်ရှိနေသည့် ပညာဒါနကျောင်းများသို့ အထောက်အပံ့ ရရှိစေရန် သွားရောက်သင်ကြားပေးမည်ဖြစ်ကြောင်း အဖွဲ့အတွင်းရေးမှူး ဆရာဦးဇော်မျိုးထက်က ပြောကြားသည်။

"ပထမ ကျွန်တော်တို့ဦးတည်ချက်က ပညာသင်ကြားနေရတဲ့ ကလေးတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ ကျန်းမာရေးကို အထောက်အပံ့ပေးဖို့ ရည်ရွယ်ခဲ့တာပါ။ နောက်ပိုင်းမှာ ကျန်းမာရေးအပြင် ပညာရေးနဲ့ပတ်သက်ပြီး အခုလို သွားရောက်သင်ကြားတာတွေနဲ့ ပညာသင်စရိတ်ထောက်ပံ့တာတွေပါ လုပ်ဖြစ်လာတယ်။ တတ်နိုင်သလောက်ပေါ့" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် HERO အနေနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများကို လိုအပ်ချက်ရှိနိုင်မည့် ဘာသာရပ်တစ်ခုစီမှ အခန်းတစ်ခန်းကို ပိုင်နိုင်စွာ သင်ကြားပေးခြင်းဖြစ်ပြီး မူလတန်းနှင့် အလယ်တန်းအတွက်လည်း သင်ကြားပေးရန် ဆက်သွယ်လာသည့်ကျောင်းများရှိပါက အဖွဲ့ဝင်များနှင့် ညှိနှိုင်းကာ သင်ကြားပေးသွားမည်ဟု ဦးဇော်မျိုးထက်က ပြောကြားသည်။

ပညာဒါနခရီးစဉ် တစ်ပတ်အတွင်း ဆရာ၊ ဆရာမများ၏ နေရေးစားရေးကို သက်ဆိုင်ရာ ပညာဒါနကျောင်းက တာဝန်ယူပေးစေလိုကြောင်းနှင့် လိုအပ်ချက်ရှိသော ကျောင်းများအတွက်မူ နေရေးကိုသာ တာဝန်ယူစေမည်ဖြစ်ပြီး စားရေးကို HERO အဖွဲ့မှ ပြန်လည်စဉ်းစားပေးမည်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

ပညာဒါနပြုလို၍ သင်ကြားရေးခရီးစဉ်သို့ လိုက်ပါလိုသည့် ဆရာ၊ ဆရာမများနှင့် မိမိတို့ ပညာဒါနကျောင်းအတွက် သင်ကြားပေးစေလိုသည့် တက္ကသိုလ်ဝင်တန်း ပညာဒါနကျောင်းများအနေနှင့် ဆရာဇော်မျိုးထက်၊ ဖုန်း ၀၉၇၇၇၉၇၄၅၄၆၊ ၀၉၉၇၁၁၁၆၈၉၀ တို့သို့ ဆက်သွယ်နိုင်မည် ဖြစ်သည်။

HERO အဖွဲ့ကို တိုင်းနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပြင်ပကျူရှင်ဆရာများ စုစုပေါင်း ၁၀ ဦးခန့်ဖြင့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ■ ရွှေဖူးခင်


ဓာတ်ပုံ-The Voice

# ဗဟိုအမျိုးသမီးဆေးရုံကြီး နှစ် ၁၂၀ ပြည့် အထိမ်းအမှတ် ကျင်းပမည်

**ရန်ကုန်၊ ဇွန် ၂၉**

ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံ ဖွင့်လှစ်မှု နှစ် ၁၂၀ပြည့်နှစ် အထိမ်းအမှတ်ပွဲကို ဇူလိုင်လ ၁ ရက်မှစ၍ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်)မှဆေးရုံအုပ် ဒေါက်တာပပက ပြောကြားသည်။

အမျိုးသမီးဆေးရုံကြီး၏ ၁၂၀ ပြည့်နှစ်ပွဲတွင် ဆေးရုံကြီး၌ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ဆေးရုံအုပ်ကြီး ကိုးဦးနှင့်အတူ ရောဂါကုသဆောင်များတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားပါမောက္ခဆရာဝန်ကြီး ၄၀ ခန့်နှင့် ဝန်ထမ်းအဆင့်ဆင့်ကို တက်ရောက်ပေးရန် ဖိတ်ကြားထားကြောင်း ၎င်းက ပြောကြားသည်။

အမျိုးသမီးဆေးရုံကြီးနှင့် ပတ်သက်၍ အင်္ဂလိပ်လက်ထက် သုံးခဲ့သော ပန်းကန်များ၊ ခွက်များ၊ ရုံးသုံးပစ္စည်းများနှင့် နှစ်ပေါင်း ၁၂၀ နှစ်တိုင် ရပ်တည်ခဲ့သော သားဖွားမီးယပ်ပညာဌာန၏ ခေတ်အလိုက်သုံးစွဲခဲ့သော ရုံးသုံးနှင့် ဆေးရုံသုံးပစ္စည်းများ၊ ကလေးငယ်များကို အာဟာရတိုက်ကျွေးရာတွင် အသုံးပြုသည့်ဒယ်အိုးများ စသောပစ္စည်းများကို ပြည်သူများလေ့လာနိုင်ရန် ပြခန်းအနေနှင့် ဇူလိုင်လ ၁ ရက် မှ ၃ ရက်အထိ သုံးရက်တိုင် နေ့စဉ်နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ပြသပေးမည်ဖြစ်ကြောင်း အဆိုပါဆေးရုံကြီးထံမှ သိရသည်။

အမျိုးသမီးဆေးရုံကြီးကို ဂျပန်ခေတ်က ဂျင်မခန်နာ (Gymkhana) ဆေးရုံကြီးဟုလည်း အမည်တွင်ခဲ့ပြီး အင်္ဂလိပ်အင်ဂျင်နီယာများက ၁၈၉၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆေးရုံကြီး၏ ပင်မအဆောက်အအုံတွင် မူလရှိခဲ့သော ကြေးပြားအမှတ်တံဆိပ်မှာ ယခုအချိန်အထိ ကျန်ရစ်ခဲ့ကြောင်း၊ ရန်ကုန်မြို့ပြ ရှေးဟောင်းအမွေအနှစ်ထိန်း သိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust) အနေနှင့်လည်း အများပြည်သူ ထိန်းသိမ်းစောင့်ရှောက် ရန် လိုအပ်သည့် ရှေးဟောင်းအမွေအနှစ် အထိမ်းအမှတ် ကမ္ပည်းကျောက်ပြား တပ်ဆင်ထားသည်။

■ J-17

# ဆာဘိုးသာခြံကိစ္စ တိုင်းအစိုးရအဖွဲ့နှင့်ဆွေးနွေးပြီးပါက အကြောင်းပြန်မည်

**ရန်ကုန်၊ ဇွန် ၂၉**

ဗဟန်းမြို့နယ်တွင် ကျူးကျော်နေထိုင်သူများဟု သတ်မှတ်ခံထားရသည့် ဆာဘိုးသာခြံတွင် နေထိုင်သူများကို သတ်မှတ်မှုအမှန်အတိုင်းဖြစ်စေရန် တိုင်းအစိုးရအဖွဲ့နှင့် ဆွေးနွေးပြီးပါက အကြောင်းပြန်သွားမည်ဖြစ်ကြောင်း ဗဟန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က ပြောကြားသည်။

လက်ရှိတွင် ဆာဘိုးသာခြံတွင် နေထိုင်သူများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ စာတင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခုလက်ရှိ ဝန်ကြီးချုပ်နဲ့ တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးတချို့ကလည်း ပြည်ပခရီးစဉ်သွားနေတာ ပြန်မရောက်သေးဘူး။ ဝန်ကြီးချုပ် ပြန်ရောက်ရင်တော့ ဆာဘိုးသာခြံကကိစ္စကို ထပ်တင်ပြီး တိုင်းအစိုးရအဖွဲ့နဲ့ ဆွေးနွေးသွားမယ်" ဟု ဦးအောင်မြတ်ကျော်က ဆိုသည်။

ဆာဘိုးသာခြံပိုင်ရှင်ဖြစ်သူ ဦးကျော်ပိုင်က ဇွန်လ ၁၈ ရက်တွင် ခြံပိုင်ရှင်နှင့် ခြံအတွင်း နေထိုင်သူများတွေ့ဆုံပွဲ၌ ဆာဘိုးသာခြံတွင် နေထိုင်သူများကို ပိုင်ဆိုင်မှုအထောက်အထားဖြင့် ဆက်လက်နေထိုင်နိုင်စေရန် ဆောင်ရွက်ပေးမည်ဟုပြောကြားခဲ့ကြောင်း ဆာဘိုးသာခြံတွင်း နေထိုင်သူများထံမှ သိရသည်။

"ဆာဘိုးသာခြံနေထိုင်သူတွေကို ပထမအကြိမ်တွေ့ဆုံပြီး ခြံပိုင်ရှင်က လက်ရှိနေရာမှာပဲ နေခွင့်ရဖို့ ဆောင်ရွက်ပေးမယ်ပြောတယ်။ ဒုတိယအကြိမ်တော့ ခြံပိုင်ရှင်က ထပ်မံတွေ့ဆုံတာတော့ မရှိသေးဘူး။ ဝန်ကြီးချုပ် ပြည်ပခရီးစဉ်က ပြန်လာမှပဲ ဆာဘိုးသာခြံမှာ နေတဲ့သူတွေအတွက် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာ သိရမယ်" ဟု ဆာဘိုးသာခြံတွင် နေထိုင်သူ ဦးဇော်ဇော်က ဆိုသည်။

ဗဟန်းမြို့နယ်ရှိ တောင်တွင်းကြီးကျောင်းတိုက်တွင် ဇွန်လ ၁၂ ရက်နှင့် ၁၃ ရက်များ၌ ကျူးကျော်အသိအမှတ်ပြုစမတ်ကတ်ထုတ်ပေးရန် တိုင်းအစိုးရက စီစဉ်ထားသော်လည်း ဆာဘိုးသာခြံတွင် နေထိုင်သူများက စမတ်ကတ် လာရောက်ထုတ်ယူခြင်း မရှိသည့်အတွက် ဇွန်လ ၁၃ ရက်တွင် ကောက်ယူမှုရပ်ဆိုင်းခဲ့သည်။

နှစ်ပေါင်း ၆၀ နီးပါးနေထိုင်ခဲ့သည့် ဗဟန်းမြို့နယ်ရှိ ဆာဘိုးသာခြံတွင် အိမ်ထောင်စု ၃၇၃ စု နေထိုင်လျက်ရှိသည်။

■ J-10

"ရွှေမောင်"
မီးယပ်သွေးဆုံးကိုင်သောက်ဆေး



ဓာတ်ပုံ- ဇော်မိုးထွန်း

# အမှတ်(၂)လမ်းမကြီးပေါ်တွင် ကွန်တိန်နာယာဉ်တိမ်းမှောက်

**ရန်ကုန်၊ ဇွန် ၂၉**

ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်၊ လေးထောင့်ကန်ကျေးရွာ၊ အမှတ် ၂ လမ်းမပေါ်တွင် ဇွန်လ ၂၉ ရက် နံနက် ၄ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ်ဘက်မှ ရန်ကုန်ဘက်သို့ အမှတ်(၂)လမ်းမကြီးအတိုင်း မောင်းနှင်လာသော ၁၀ ဘီး နစ်ဆန်း အဖြူရောင်ကုန်တင်ယာဉ်သည် သံလမ်းကွေ့ကားမှတ်တိုင်အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ပုလင်းခွံများ ပျက်စီးခဲ့ပြီး အသက် ၄၀ အရွယ် ယာဉ်မောင်းကိုကျော်ကျော်နိုင်မှာ ဘယ်လက်ကျိုး ဒဏ်ရာရရှိခဲ့ကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ကားပေါ်မှာက ယာဉ်မောင်းတစ်ယောက်တည်းပါ၊ ကားပေါ်ပါတဲ့ပုလင်းခွံတွေကတော့ အားလုံးနီးပါးကွဲတယ်၊ ယာဉ်မောင်းကတော့ ဒဏ်ရာပဲရတာမစိုးရိမ်ရဘူး၊ ကားက တုံးလုံးလဲကျသွားတာ၊ ယာဉ်ထိန်းကတော့ အမှုဖွင့် ဖို့စစ်ဆေးဆောင်ရွက်နေပါတယ်"ဟု ယင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ ကျောက်တန်းမြို့နယ်၊ သီလဝါအထူးစီးပွားရေး စက်မှုဇုန်လမ်းမပေါ်၊ သီလဝါကွေ့အနီးတွင် ဇွန်လ ၂၉ ရက်နံနက် ၈ နာရီခန့်ကဆောက်လုပ်ရေးလုပ်ငန်းသုံးသံစည်းများ သယ်ဆောင်လာသည့် ၁၈ ဘီး ကုန်တင်ယာဉ် တွဲကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်ရောက်ရှိကာ မြေသားအိကျပြီး လမ်းဘေးထိုးကျခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အမျိုးသားကို ကျောက်တန်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားသည်။ ■

J 16


# အခမဲ့ ကြော်ငြာကဏ္ဍ

Classifieds

| | | | | | |
|---|---|---|---|---|---|
| ကိုမောင်အေး(KICKER) Ph:09-422747009 | Royal Rose မဒီနို Online Cosmetics Whole Sale Shop Ph:09-73117711,09-420082828 09-778415594,09-32358080 | Di Mak GARMENT INDUSTRY No.64/68, Ph:09-5127373,09-955127373 | အောင် Mobile GSM, CDMA, HANDEST & Accessories Sales hardware& Software Service No.(A-10), Ph: 09-73062340,09-420088264 09-974522277 | ရတနာသုဆေးဆိုင် Ph:09-5039539 | S&S Ph: 09-5167199,09-975176787 |
| လင်းလက်ရောင်ရှိန် Ph:09-250020876,09-781273278 | မဝေ Ph: 09-25494749 | Win (Home Decoraction) No.(87), Ph:09-975409287 | Phyo Nyi (Home Decoration & Aircon Service) No.229, Ph: 09-790800712,09-250800490 | အောင်သီဟ Ph:09-78888857,09-2010942 | TZ Education Center Ph:09-781628725,09-795839095 |
| ချမ်းသာ Ph: 09-450044312,09-448004958 | Hexagon Smart Education Centre No.92, Ph:09-5073165 | Scholar Education Centre No.219, Ph:09-420068031 | MMM Ph:09-73204889 | J.L.C (language Centre) Ph:09-796301238 | Rherin Mann Car Servies Ph:09-790226921 |
| စံရှိန်ဇို Car Servicing Ph:09-773870253 | Thein Min Myanmar Vision Ph:09-254449878 | The Lady Silk & Cotton No.29(B), Parami Road (16)Quater, Hlaing Tsp Ph:09-5157518,09-765157518, 09-965157518 | Seller Net အလှကုန်ဆိုင် Ph:09-780631651 | The Maw Art Studio ပန်းချီလုပ်ငန်း Ph: 09-73075696,09-799687663 | Sun Control Engineering Ph: 09-5161902 |
| ကိုအုန်းမြင့် ဆေးဆိုင် Ph:01-9190282 | Ph: 09-259950772 | Grace Air con Sales & Service No.49/B, Ph: 09-451466652 | ဒီဗာ Ph:09-73023780 | Zephyr air-con Sales & Service Ph:09-43184785,09-250023060 | Kyaw Gyi Air-con Refrigerator Washing Machine Sales & Service Ph:09-421129657,09-791663598 |

# ၅ နှစ် အရွယ် ညီမကို အစ်မအရင်းက လည်ပင်းဓားဖြင့်လှီး သတ်ဖြတ်

**ဟသ်ာတ၊ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် ကညွှတ်ကွင်းအုပ်စု ဝါဘိုကျေးရွာတွင် ဇွန်လ ၂၈ရက် ညနေ ၃နာရီခွဲက အသက် ၅ နှစ်အရွယ် ညီမကို အသက် ၁၉ နှစ်အရွယ် အစ်မက စိတ်ဖောက်ပြန်ကာ ဓားဖြင့် လှီးသတ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

မိခင်ဖြစ်သူက ကွင်းကောက်ဒေသနန်ကသူ ဆည်ပေါ်တွင် မျှစ်ချိုးရန်သွားစဉ် အစ်မဖြစ်သူ မသဇင်(၁၉နှစ်)နှင့် ညီမဖြစ်သူ မနှင်းနှင်းဝေ( ၅နှစ်) တို့ကို အိမ်တွင်ထားခဲ့ကြောင်း၊ ဒေသခံများက ယင်းအိမ်တွင် ဆူညံသံ ကြားသဖြင့် သွားရောက်ကြည့်ရှုရာမှ မနှင်းနှင်းဝေ၏ လည်ပင်းတွင် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း ၊ ဖခင်နှင့် မိခင်မှာ လွန်ခဲ့သော ၃ နှစ်ခန့်မှ စတင်ကာ ကွဲကွာနေပြီး ဖခင်မှာ မွန်ပြည်နယ်ဘက်တွင် အလုပ်သွားရောက်လုပ်ကိုင်ရာမှ အဆက်အသွယ်မရှိတော့ကြောင်း ယင်းကျေးရွာတွင် နေထိုင်သော ဦးမောင်မြက ပြောကြားသည်။

အစ်မဖြစ်သူက ညီမကို ခဲတံချွန်ဓားဖြင့် လည်ပင်းလှီးခဲ့ပြီး အစ်မဖြစ်သူမှာ လွန်ခဲ့သော သုံးလမှစတင်ကာ စိတ်ဖောက်ပြန်ခြင်းကြောင့် မကြာခဏ ထိန်းသိမ်းရကြောင်း၊ သေဆုံးသူ၏ အလောင်းကို ကွင်းကောက်တိုက်နယ် ဆေးရုံသို့ တင်ပို့ခဲ့ပြီး ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးထားကြောင်း အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■

R-13

# ဖြူးမြို့တွင် မီးသင်္ဂြိုဟ်စက် ပေါက်ကွဲ၊ နာရေးပို့သူ သုံးဦး ဒဏ်ရာရ

**တောင်ငူ၊ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ အုပ်စု သဖန်းတန်းကျေးရွာသုသာန်တွင် ဇွန်လ ၂၈ ရက် မွန်းလွဲ၂ နာရီခန့်က အလောင်းကို မီးသင်္ဂြိုဟ်စဉ် မီးအရှိန်ပြင်းရာမှ သင်္ဂြိုဟ်စက်ပေါက်ကွဲမှုဖြစ်ပြီး နာရေးလိုက်ပို့သူ အမျိုးသားသုံးဦး ဒဏ်ရာရခဲ့ကြောင်း ဖြူးမြို့မ ရဲစခန်းထံမှ သိရသည်။

“မီးအရှိန် ပြင်းထန်လွန်းတဲ့အတွက် ပေါက်ကွဲခဲ့တာ၊ ဒဏ်ရာရတဲ့ သုံးယောက်မှ နှစ်ယောက်က စိုးရိမ်ရလို့ ဖြူးဆေးရုံကနေ နေပြည်တော် ဆေးရုံကြီးကိုလွှဲပြောင်းထားပါတယ်”ဟု ဖြူးမြို့မရဲစခန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမီးသင်္ဂြိုဟ်စက် အသစ်တွင် အသက် ၇၀နှစ်အရွယ် အမျိုးသမီး အလောင်းကို ပထမဆုံးအကြိမ် မီးသင်္ဂြိုဟ်ခဲ့ရာမှ ထင်းမီးအရှိန်ပြင်းထန်သဖြင့် မီးခိုးခေါင်းတိုင် ပြုတ်ကျကာ၊ တံခါးနှစ်ချပ် လွင့်စဉ်ခဲ့ကြောင်း၊ ယင်းလွင့်စဉ်မှုကြောင့် နာရေးလိုက်ပို့သော ဦးကျော်မြင့် (၆၅နှစ်) ၊ ဦးစိန်ဝင်း( ၅၅နှစ်)နှင့် ဦးစိုးသန်းဝင်းတို့မှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါ တံခွန်တိုင်ရွာ သုသာန် မီးသင်္ဂြိုဟ်စက်ကို တစ်လကျော်ခန့်က စတင် တည်ဆောက်ခဲ့ပြီး ထင်းမီးအသုံးပြုရသည့် သင်္ဂြိုဟ်စက်ဖြစ်သည်။ ■

R-15

# ဟသ်ာတတွင် တရားမဝင် ခိုင်းနွား ၈ ကောင်ဖမ်းမိ

**ဟသ်ာတ၊ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ညောင်ပင်ရပ် ကျောက်ကုန်းလမ်းမပေါ်တွင် ဇွန်လ ၂၉ ရက် နံနက်ပိုင်းက တရားမဝင်သယ်ဆောင်လာသော ခိုင်းနွား ၈ကောင် ဖမ်းမိခဲ့ကြောင်း ယင်းရပ်ကွက်နေသူ ဦးအောင်စိန်က ပြောဆိုသည်။

အဆိုပါ နွားရှစ်ကောင်ကို လူလေးဦးက ဆွဲယူလာစဉ် ရဲတပ်ဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိသူများက ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ ယင်းသို့ စစ်ဆေးရာတွင် တရားဝင်ဖြစ်ကြောင်း၊ အထောက်အထား ပြသနိုင်ခြင်းမရှိသဖြင့် ခိုင်းနွားများကို သယ်ဆောင်လာသော ဟင်္သာတမြို့နယ် ညောင်ထိုးကျောင်းရွာ၌ နေထိုင်သော ကိုရဲ၊ ထွန်းဝင်း၊ စိုးနိုင်၊ ဇော်လင်းတို့ကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၈၀ / ကျင့် ၅၄ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

တရားမဝင် နွားမှောင်ခိုလုပ်ငန်းများကို ရဲတပ်ဖွဲ့က နည်းမျိုးစုံဖြင့် ဖမ်းဆီးနေသော်လည်း စက်လှေများဖြင့် နွားများကို သယ်ဆောင်ကာ ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ တစ်ဆင့် ရန်ကုန်၊ ပဲခူးတိုင်းတို့ကိုတရားမဝင် သယ်ဆောင်နေကြောင်း၊ သန်မာသည့် ခိုင်းနွားများကို တစ်ဆင့်ချင်းစီတစ်နေရာမှ တစ်နေရာသို့သယ်ဆောင်နေသည်ကို သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း ပျဉ်းမချောင်းကျေးရွာနေ နွားအရောင်းအဝယ်လုပ်ငန်းနှင့်နီးစပ်သူ အမျိုးသားကြီး တစ်ဦးက ပြောကြားသည်။ R-13

## NEWS IN BRIEF

### Huawei က Y စီးရီး ဖုန်းသစ်များ မိတ်ဆက်မည်

**ရန်ကုန်၊ ဇွန် ၂၉**

စမတ်ဖုန်းကုမ္ပဏီ Huawei က အသစ်တင်သွင်းထားသည့် Y စီးရီး စမတ်ဖုန်းများကို မြန်မာနိုင်ငံတွင် ရောင်းချရန် စတင်မိတ်ဆက်ပြသမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

ယင်းမိတ်ဆက်ပွဲကို ရန်ကုန်မြို့ စက်မှု ၁ လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ မြန်မာပလာဇာ၌ ဇူလိုင်လ ၁ ရက်နေ့တွင် နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ကြောင်း Huawei Myanmar ထံမှ သိရသည်။ ■ S-04

### အိမ်ရာချေးငွေ တွက်ချက်နိုင်မည့် ဝက်ဘ်ဆိုက်စတင်

**ရန်ကုန်၊ ဇွန် ၂၉**

အိမ်ရာချေးငွေကို အလွယ်တကူ တွက်ချက်နိုင်မည့် ဝက်ဘ်ဆိုက်ကို အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှား ဝက်ဘ်ဆိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် iMyanmar House.com က စတင်ထုတ်လွှင့်လိုက်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

ချေးငွေတွက်ချက်လိုသူများသည် မိမိချေးယူလိုသော ချေးငွေပမာဏနှင့် ချေးယူလိုသည့် နှစ်ကာလတို့ကို ရိုက်ထည့်လိုက်ပါက လစဉ်ဘဏ်သို့ ပြန်ဆပ်ရမည့်ပမာဏ၊ ချေးယူသည့် ကာလတစ်လျှောက်တွင် ပေးဆပ်ရမည့် အတိုးပမာဏတို့ကို အလိုအလျောက် တွက်ချက်ပေးမည်ဖြစ်ပြီး http://www.imyanmarhouse.com/home-loan-calculator တွင် ဝင်ရောက်တွက်ချက်နိုင်သည်။ ■ S-04

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

**ဆက်သွယ်ရန် - ၀၁ - ၃၈၉၂၀၄ (Hot Line)**
**နံနက် ၉ း ၃၀မှ ညနေ ၅ း ၃၀ နာရီအထိသာ**

The VOICE Daily CARTOON



# မြန်မာ-တရုတ်နယ်စပ်တွင် စီးပွားရေးဇုန်သစ် တည်ဆောက်ရန်စီစဉ်

**ရန်ကုန်၊ ဇွန် ၂၉**

မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ရန်အတွက် နှစ်နိုင်ငံနယ်စပ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်သစ်တစ်ခု ထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါဇုန်သစ် တည်ဆောက်ရန်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူအားဖြင့်သဘောတူထားကြပြီး စီးပွားရေးဇုန်သစ် တည်ဆောက်မည့်နေရာကို မသတ်မှတ်ရသေးကြောင်း၊ လက်ရှိ၌ ဆွေးနွေးနေဆဲအဆင့်သာရှိသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

"စီးပွားရေးဇုန်ဆောက်ဖို့အတွက် နေရာရွေးဖို့နဲ့ အဖွဲ့ဖွဲ့ဖို့တွေ လုပ်ရပါဦးမယ်။ ဘယ်နေရာမှာ ဆောက်မလဲဆိုတာတော့ မသိသေးဘူး။ ဇုန်သစ်ဆောက်ဖို့အတွက် မူအားဖြင့်တော့ သဘောတူထားပြီးပါပြီ"ဟု ၎င်းကပြောဆိုသည်။

တရုတ်နိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုလုပ်နေသည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်ကတည်းကပင် ကုန်သွယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်စည်တင်ပို့မှုမှာ ၁၀ ဆခန့် မြင့်တက်လာခြင်းကြောင့် စီးပွားရေးဇုန်သစ်တစ်ခု တည်ဆောက်ရန် စီးပွားရေးလုပ်ငန်းရှင်များက စီးပွား/ကူးသန်းဝန်ကြီးဌာနထံ အကြံပြုတင်ပြခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

"တရုတ်နဲ့ ကုန်သွယ်ရေးက ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တစ်ခုတည်းကိုပဲ အားပြုနေရတာပါ။ ဒါပေမဲ့ Export Volume က ၁၀ ဆလောက်အထိ တက်လာတဲ့ အတွက် လုံလောက်မှုမရှိပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနကို တင်ပြခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောဆိုသည်။ ■J-11

## NEWS IN BRIEF

### အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲ ဒေါ်လာ ၁၀ သန်းကျော်ဖိုးရောင်းရ

**ရန်ကုန်၊ ဇွန် ၂၉**

အိမ်၊ ခြံ၊ မြေရောင်းဝယ်ငှားဝက်ဘ်ဆိုက် House.com.mm နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းကာ ဇွန်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ပြုလုပ်ခဲ့သည့် အိမ်၊ ခြံ၊ မြေနှင့် လူ့အသုံးအဆောင်ပစ္စည်း အရောင်းပြပွဲတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ဖိုးရောင်းချရကြောင်း House.com.mm ထံမှ သိရသည်။

ယင်းပြပွဲတွင် အိမ်ရာချေးငွေပေးသည့် ဘဏ်၊ အိမ်ရာနှင့် သက်ဆိုင်သည့် အာမခံလုပ်ငန်းများ၊ အိမ်အလှဆင်လုပ်ငန်းများ၊ နေအိမ်လုံခြုံရေးကင်မရာ CCTV ရောင်းချသည့်ကုမ္ပဏီများ၊ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များ၊ အိမ်ရာပရိဘောဂပစ္စည်းများ၊ အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများကို ပြသရောင်းချခဲ့ခြင်းဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ထံမှ သိရသည်။ ■ J-11

# ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခမဲ့သင်တန်းများ မန္တလေးတွင်ဖွင့်မည်

**ရန်ကုန်၊ ဇွန် ၂၉**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာ လေ့ကျင့်ရေးဦးစီးဌာန နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်ကျောင်း)တို့ ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခမဲ့သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနထံမှ သိရသည်။

သင်တန်းများမှာ အခြေခံဧည့်ကြိုသင်တန်း (ဇူလိုင် ၂၀၁၇)၊ အခြေခံအစားအသောက် တည်ခင်းဧည့်ခံကျွေးမွေးဝန်ဆောင်မှုသင်တန်း (ဩဂုတ် ၂၀၁၇)၊ အခြေခံအိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း (စက်တင်ဘာ ၂၀၁၇)တို့ဖြစ်ပြီး သင်တန်းအားလုံးကို မန္တလေးမြို့တွင် တက်ရောက်ရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များလျှောက်ထားနိုင်ကြောင်းနှင့် လူတွေ့စစ်ဆေးမှုအောင်မြင်မှသာ လက်ခံမည်ဖြစ်ကြောင်း မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်းမှ သိရသည်။

သင်တန်းတစ်ခုလျှင် သင်တန်းသား ၄၀ ဦး လက်ခံမည်ဖြစ်ပြီး နေ့တစ်ဝက်ဖြင့် တစ်လကြာ တက်ရောက်ရမည်ဖြစ်သည်။

သင်တန်းအောင်မြင်ပြီးဆုံးပါက ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း လူ့စွမ်းအားရင်းမြစ်အသင်းတို့၏ အသိအမှတ်ပြု ကျွမ်းကျင်မှုအဆင့် (၁) လက်မှတ်ကို ချီးမြှင့်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက်ရောက်လိုသူများအနေနှင့် လျှောက်လွှာများကို မန္တလေးစက်မှုလက်မှုသိပ္ပံ (၇၀-၂၈ လမ်းထောင့်၊ ဖုန်း ၀၉-၇၇၆၆၀၂၃၈) နှင့် မန္တလေးဟိုတယ်နှင့်သက်မွေးပညာသင်တန်းကျောင်း (သိပ္ပံလမ်း၊ ၆၆ x ၆၈ ကြား၊ ဖုန်း ၀၉-၃၀၀၈၅၅၇၉) သို့ ဇူလိုင် ၁၄ရက်နောက်ဆုံးထား လျှောက်ထားနိုင်သည်။

သင်တန်းလျှောက်လွှာအပြင် ပတ်စပို့ဆိုဒ် ဓာတ်ပုံ၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။■

# မူဆယ်နယ်စပ်တွင် ကျောက်မျက်စင်တာ ဖွင့်ခွင့်ပေးရန်စီစဉ်

**ရန်ကုန်၊ ဇွန် ၂၉**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား အဓိကကုန်သွယ်ရေးနယ်စပ်ဖြစ်သည့် မူဆယ်နယ်စပ်တွင် ကျောက်မျက်စင်တာ အကြီးစား ဖွင့်ခွင့်ပေးရန် ရှမ်းပြည်နယ် ကျောက်မျက်အသင်းက တင်ပြလာသည့်အတွက် ဖွင့်ခွင့်ပေးရန်စီစဉ်နေကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာထွက် ကျောက်စိမ်းအများစုကို တရုတ်ကဝယ်ယူနေသည့်အတွက် မူဆယ်တွင် ကျောက်မျက်စင်တာဖွင့်ပါက ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်မှာ ပိုမိုကောင်းမွန်လာနိုင်ကြောင်း၊ မူဆယ်သာမက အခြားသောမြို့ကြီးများတွင်လည်း ကျောက်မျက်ရောင်းဝယ်ရေးစင်တာများ ဖွင့်ခွင့်ပေးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"Jade Mall တစ်ခုဖွင့်ဖို့အတွက် အစိုးရဆီကို ခွင့်ပြုမိန့်တင်ထားတယ်။ လုပ်ခွင့်ကျလာတာနဲ့ ဖွင့်ခိုင်းမှာပါ။ နောက်တစ်ခုစဉ်းစားရတာက နယ်စပ်ဒေသဖြစ်လို့ အခွန်နဲ့ တခြားကိစ္စတွေကိုလည်း စဉ်းစားရသေးတယ်။ အဓိကကတော့ အခွန်ကိုမပေးဘဲနဲ့ ထွက်မသွားဖို့ပါပဲ" ဟု ၎င်းကဆိုသည်။

သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ကျောက်မျက်ရောင်းဝယ်ရေးစင်တာများ ဖွင့်ခွင့်ရရှိပါက အသေးစား၊ အလတ်စား ကျောက်မျက်လုပ်ငန်းများ ဈေးကွက်ရလာနိုင်ပြီး ပြည်တွင်းသာမက ပြည်ပဝယ်လက်များပါ ပိုတိုးလာနိုင်ကြောင်း၊ လက်ရှိတွင် ကျောက်မျက်စင်တာ မရှိသောကြောင့် နေပြည်တော်နှင့် မန္တလေးရှိ ကျောက်မျက်စင်တာပြပွဲများသို့ သွားရောက်ပြသရောင်းချနေရကြောင်း ကျောက်မျက်လုပ်ငန်းရှင် ဦးထွန်းက ပြောကြားသည်။

ကျောက်မျက်နည်းဥပဒေတွင် ကျောက်မျက်ပြပွဲအသေးစားနှင့် ကျောက်မျက်ပြပွဲအကြီးစားများ ပြသခွင့်ပြုရန် ထည့်သွင်းရေးဆွဲထားပြီး ကျောက်မျက်အသင်းချုပ်များက တောင်းဆိုပါက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ခွင့်ပြုလျှင် ပြပွဲအကြီးစားများ ကျင်းပခွင့်ပေးနိုင်သည်။

■ J-13

UN DP

AdvertisementVacancy Announcement
(020/UNDP/HR/2017)

Functional Title: Local Security Assistant
Agency: UNDSS
Reports to: (Chief) Security Adviser / Field Security Coordination Officer
Type of Contract: Fixed Term
Salary Level GS6
Duration of Contract: Initial One Year
Duty Station: Sittwe, Rakhine State, Myanmar

To apply: https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=10672
Required Skills and Experience
- Secondary education. University Degree desirable, but it is not a requirement.
- 6 years experiences in security, preferably in the military or police context or related field of work. Prior experience with the UN system or an international NGO is desirable.
- Fluency in English and Myanmar Languages.
- Knowledge of HF and VHF radio operation;
- Experience in diplomatic security, protection and intelligence considered an asset;
- Knowledge of host country safety codes;
- Solid computers skills (MS Word, Excel, Access and PowerPoint);
- Possession of a valid driver's license;
- Ability to travel;
- Physically fit.

Closing Date:13 July 2017

Candidates must apply on-line through UNDP job website together.
Please note: Paper-based applications will not be accepted

UNDP is an equal opportunity employer and is committed to achieving workforce diversity in terms of gender, nationality and culture. Individuals from minority groups, indigenous groups and persons with disabilities are equally encouraged to apply.

# ပြင်ဦးလွင်အုပ်ချုပ်ရေးမှူးများ လာဘ်ယူမှု ငွေပေးငွေယူလုပ်ပေးရသော ဝန်ထမ်းကို စစ်ဆေး

**မန္တလေး၊ ဇွန် ၂၉**

ပြင်ဦးလွင်အုပ်ချုပ်ရေးမှူးများ ကိုယ်စား ဒေသခံရွာသားများထံမှ လာဘ်ငွေရယူပေးခဲ့ရသော ယင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းအမျိုးသမီးတစ်ဦးကို တရားလိုပြသက်သေအဖြစ် ဇွန်လ ၂၉ ရက်နေ့တွင် မန္တလေးတိုင်းတရားရုံးက စစ်ဆေးခဲ့သည်။

"ဒီစာရေးမက ဦးတင်နိုင်စိုးတို့ရုံးက စာရေးမတစ်ဦးပါ။ မြေဂရန်ရရှိဖို့ကိစ္စမှာ ဦးတင်နိုင်စိုးတို့မအားတဲ့အခါမျိုးဆိုရင် သူက ငွေယူပေးရတဲ့သူပါ။ ဒါကြောင့် သူလည်း တရားလိုပြသက်သေထဲ ပါနေတာ" ဟု အုပ်ချုပ်ရေးမှူးများလာဘ်စားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားခဲ့သည့် ကမ္ဘာမြေအောင်ကုမ္ပဏီပိုင်ရှင် ဦးထွန်းနိုင်က ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အသက် ၃၀ အရွယ်ရှိတရားလိုပြသက်သေ ဝန်ထမ်းဒေါ်ကြူကို မေးမြန်းရာတွင် ၎င်းက ဖြေဆိုရန် ငြင်းဆိုခဲ့သည်။

ပြင်ဦးလွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဒုဦးစီးမှူး ဦးကျော်ကျော်နိုင်တို့က ယင်းမြို့နယ် မန်ကျည်းအင်းကျေးရွာနှင့် ဝါးနက်ကျေးရွာတို့မှ မြေများကို ပြည်ထဲရေးအမည်ပေါက်ရရှိအောင် ဆောင်ရွက်ပေးမည်ဟုဆိုကာ မြေပိုင်ရှင်များထံမှ ငွေကြေး တောင်းယူခဲ့သည့်အတွက် ငွေကြေးပေးခဲ့ရသည့် ကမ္ဘာမြေအောင်ကုမ္ပဏီနှင့် ရွာသားများက မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားခဲ့ပြီး ယင်းကော်မတီ စစ်ဆေးရေးမှူး ဦးကောင်းဇော်သန့်က ယင်းမြို့နယ်ရဲတပ်ဖွဲ့တွင် အမှုဖွင့်ခဲ့သည့်အတွက် တိုင်းဒေသကြီး တရားရုံးတွင် အမှုရင်ဆိုင်နေရခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူးက တရားစွဲဆိုထားသည့်အတွက် ဦးတင်နိုင်စိုးကို(ပ)၂၂၀/၂၀၁၆၊ အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ (ပ)၂၁၉/၂၀၁၆၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆၊ ဦးကျော်ကျော်နိုင်ကို (ပ)၂၂၁/၂၀၁၆ အဂတိတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆၊ (ပ)၂၂၂/၂၀၁၆ အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ တို့ဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးသည် မန်ကျည်းအင်းကျေးရွာသစ်ကို ပြည်ထဲရေးအမည်ပေါက် ရွာမြေတိုးချဲ့ပေးရန်ကိစ္စနှင့် ပတ်သက်ပြီး ရွာသားများထံမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ၅၀,၀၀၀ ကျပ်တန် လက်ဆောင်ပစ္စည်းခြင်းတစ်ခြင်းနှင့် ငွေ ၅၀၀,၀၀၀ ကျပ် လက်ခံရယူခဲ့ကြောင်း၊ ၂၉ ရက်နေ့တွင် ၁၁၅၀၀ ကျပ်တန်ဖိုးရှိ ပုဆိုးနှင့် အကျႌအပါအဝင် ကျပ်သိန်း ၃၀၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျပ်သိန်း ၃၀ စသည်ဖြင့် လက်ခံထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူး ဦးကောင်းဇော်သန့်က စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းတွင် တစ်ခုချင်းစီအတွက် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။



ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးနှစ်ဦးကို ဇွန်လ ၂၉ ရက်နေ့က မန္တလေးတိုင်းလွှတ်တော်တွင် ရုံးထုတ်ခဲ့သည်ကိုတွေ့ရစဉ်

ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်သည်လည်း မန်ကျည်းအင်းကျေးရွာ ပြည်ထဲရေးအမည်ပေါက် ရွာမြေတိုးချဲ့ပေးရန်ကိစ္စနှင့် ပတ်သက်၍ ရွာသားများထံမှ ကျပ် ၁၅,၀၀၀ တန်ဖိုးရှိ အကျႌနှင့်ပုဆိုး၊ နေ့လယ်စာဧည့်ခံစရိတ် ၂၅,၀၀၀ ကျပ်နှင့် ကျပ်သိန်း ၅၀ ကို ၂၀၁၆ ခုနှစ် မတ်လ ၁၁ ရက်နေ့က လက်ခံရယူခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူး ဦးကောင်းဇော်သန့်ကပင် ပြင်ဦးလွင်မြို့မရဲစခန်းတွင် တိုင်ကြား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအုပ်ချုပ်ရေးမှူးနှစ်ဦးနှင့်အတူ ကျေးရွာဒေသခံများထံမှ ငွေကြေးရယူရာတွင်ပါဝင်ခဲ့သည့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ဦးအောင်စိုးမိုးကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ ဖြင့်အမှုဖွင့်ထားပြီး ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် စစ်ဆေးလျက်ရှိသည်။ ■

M-04

# မတ္တရာ သိမ်းဆည်းမြေဧက သုံးရာကျော် ထပ်မံစွန့်လွှတ်မည်

**မန္တလေး၊ ဇွန် ၂၉**

မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအတွင်း သိမ်းဆည်းခံခဲ့ရပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့် မြေဧက သုံးရာကျော်ကို ဇူလိုင်လအတွင်း ထပ်မံစွန့်လွှတ်ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးသန်းက ပြောကြားသည်။

"ရေနံ့သာကျေးရွာက တောင်သူတွေဆီက သိမ်းဆည်းထားတဲ့ မြေဧကသုံးရာကျော်ကို စွန့်လွှတ်ဖို့ စီစဉ်နေပါတယ်။ ပုံစံ (၇) ထုတ်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ရေနံ့သာကျေးရွာတောင်သူများ ပိုင်ဆိုင်သည့် မြေ ၃၁၂ ဒသမ ၂၆ ဧကကို ဇူလိုင်လ ဒုတိယသီတင်းပတ်အတွင်း၌ မြေယာပုံစံ (၇) ထုတ်ပေးရန် စီစဉ်ထားကြောင်း၊ ယင်းမြေဧကသုံးရာကျော်ကို တစ်ပြိုင်နက်တည်း စွန့်လွှတ်ပေးမည်ဖြစ်ကြောင်း ဦးစိုးသန်းက ဆက်လက် ပြောကြားသည်။

"မြေခွန်ပြေစာ အထောက်အထားပြနိုင်တဲ့တောင်သူ ၁၈ ဦးရဲ့မြေ ၅၇ ဧကလည်း ပါနေတယ်။ သူတို့ကိုတော့ မြေယာအစားထိုးပေးနိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းကရှင်းပြသည်။

မတ္တရာမြို့နယ် ရေနံ့သာအနာကြီးရောဂါကုဆေးရုံတည်ဆောက်ရန် သိမ်းယူခဲ့သော အဆိုပါမြေယာများအနက် တောင်သူ ၃၂ ဦး ပိုင်ဆိုင်သော မြေ ၂၀၈ ဒသမ ၃၅ ဧကကို ၂၀၁၆ ခုနှစ် ဇူလိုင်လက ပထမအကြိမ် ပြန်လည်ပေးအပ်ခဲ့ပြီး မူလတောင်သူများထံ ယာယီလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ (၇) ထုတ်ပေးခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့သည်။

ယင်းသို့ပြန်လည်စွန့်လွှတ်ပြီး ယာယီလုပ်ကိုင်ခွင့် မြေယာပုံစံ (၇) ထုတ်ပေးခဲ့သောမြေများမှာ ၁၉၇၇- ၁၉၇၈ ခုနှစ် ဝန်းကျင်က စက်မှု (၁) ဝန်ကြီးဌာနက သိမ်းယူခဲ့သော မြေများဖြစ်ကာ ၁၉၉၀- ၁၉၉၁ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ရေနံ့သာအနာကြီး ရောဂါကုဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည့်မြေများဖြစ်သည်။ ■

M-04

# ဖွဲ့စည်းပုံအပြည့် အကျဉ်းထောင်ဆရာဝန်ရရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း

**မန္တလေး၊ ဇွန် ၂၉**

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် တာဝန်ထမ်းဆောင်ရမည့် ဆရာဝန်များ ဖွဲ့စည်းပုံအပြည့်ရရှိနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာဝန် ၂၄၉ ဦးသာရှိကြောင်း၊ ဖွဲ့စည်းပုံအရ ဆရာဝန် ၇၃၄ ဦးရှိရမည်ဖြစ်ကြောင်း၊ လိုအပ်နေသည့်ဆရာဝန်များရရှိနိုင်ရန် ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာန၊ လုံခြုံရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက ပြောကြားသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင် ၄၆ ခုတွင် အကျဉ်းသားပေါင်း ရှစ်သောင်းကျော်ရှိရာ အကျဉ်းသား၊အကျဉ်းသူများ၏ ကျန်းမာရေးအတွက် အင်းစိန်၊ မန္တလေး၊ သာယာဝတီ ဗဟိုထောင်များအတွက် ကြိုတင်ငွေ ကျပ်သိန်း ၅၀ စီနှင့် အခြားသော ထောင်စခန်းများအတွက် ကြိုတင်ငွေ ကျပ်သိန်း ၂၀ စီကို ကျန်းမာရေးအသုံးစရိတ်အဖြစ် ထုတ်ပေးထားကြောင်း အကျဉ်းဦးစီးဌာနရှိ စာရင်းများအရ သိရသည်။ ■

M-05

# ဂုဏ်သိက္ခာထိခိုက်စေသည့်အရေးအသားများ လူမှုကွန်ရက်တွင်ဖော်ပြပါက ပုဒ်မ ၆၆ ဃ ဖြင့်အရေးယူရန် ရှေးသု(ပုဂံဌာနခွဲ) စီစဉ်

**မန္တလေး၊ ဇွန် ၂၉**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) အပေါ် ထင်ရောင်ထင်မှားဖြစ်စေသည့် သတင်းမှားများ၊ ဌာနဂုဏ်သိက္ခာ ကျဆင်းစေသည့် ရေးသားမှုများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားမှုများနှင့် ပတ်သက်၍ဆက်သွယ်ရေးဥပဒေပုဒ်မ၆၆(ဃ) ဖြင့် အရေးယူနိုင်ရန် စီစဉ်နေကြောင်း ယင်းဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း အလှဓာတ်ပုံနှင့် အပျော်တမ်းဓာတ်ပုံရိုက်မည်ဆိုပါက ရှေးဟောင်းသုတေသန (ပုဂံဌာနခွဲ) သို့ ပိုက်ဆံပေးရသည်ဟူသော သတင်းများ လူမှုကွန်ရက် (Facebook) တွင် ပျံ့နှံ့နေခြင်းနှင့် ပတ်သက်၍ ၎င်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

"အခု လူမှုကွန်ရက်မှာ ပျံ့နေတာရှိတယ်။ အပျော်တမ်းရိုက်ရင် ပိုက်ဆံပေးရတယ်ဆိုပြီး တွေ့နေရတယ်။ ဌာနဂုဏ်သိက္ခာ ကျဆင်းစေတဲ့အတွက် ၆၆ ဃ နဲ့ အရေးယူဖို့ စီစဉ်နေတယ်။ ဒါတွေကို စိစစ်ဆောင်ရွက်သွားမယ်" ဟု ဦးအောင်အောင်ကျော်က ပြောဆိုသည်။

ရှေးဟောင်းအဆောက်အအုံများနှင့်ပတ်သက်၍ စီးပွားဖြစ်ဓာတ်ပုံရိုက်ကူးမည်ဆိုပါက တစ်ရက်လျှင် အခွန်ငွေ ကျပ်တစ်သိန်း ပေးဆောင်ရမည်ဟု စည်းကမ်းသတ်မှတ်ထားကြောင်း၊ စီးပွားဖြစ်ရိုက်ကူးသည့် ရုပ်ရှင်၊ ဗီဒီယို၊ ကြော်ငြာ၊ စီးပွားဖြစ်ရိုက်ကူးသည့် လုပ်ငန်းများ ပါဝင်ကြောင်း၊ အပျော်တမ်းရိုက်ကူးမှုများအတွက် အခွန်ကောက်ခံခြင်းမရှိကြောင်း ၎င်းကရှင်းပြသည်။

လက်ရှိတွင် ဌာနဂုဏ်သိက္ခာ ကျဆင်းစေသည့် ရေးသားမှုများနှင့်ပတ်သက်၍ ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူနိုင်ရန် ဥပဒေ ပညာရှင်များနှင့် တိုင်ပင်နေကြောင်း၊ စုံစမ်းမေးမြန်းမှုမရှိဘဲ ဝေဖန်ရေးသားမှုများကို ကာကွယ်နိုင်ရန် ယင်းသို့စီစဉ်ရခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

"အခုချိန်မှာ လူတော်တော်များများက ကင်မရာတွေကိုင်နိုင်လာကြတယ်။ တချို့ဆို ကင်မရာအကောင်းစားကြီးတွေ ကိုင်ကြတယ်။ စီးပွားရေးလုပ်တဲ့သူနဲ့၊ အပျော်လုပ်တဲ့သူတော့ ကွာပါတယ်။ ဒေသရဲ့ပုံတွေကိုရိုက်တာက ပြည်သူပြည်သားတစ်ယောက်အနေနဲ့ အခွင့်အရေးရှိပါတယ်။ အပျော်တမ်းတွေကိုတော့ ခွင့်ပြုရမယ်။ Pre Wedding တွေကိုတော့ စိစစ်သင့်တယ်။ အခုက ဘုရားတွေပေါ်ကိုတက်ပြီး နိုင်ငံခြားအဝတ်အစားတွေနဲ့ မပေါ်တပေါ်ရိုက်တာမျိုး ပိုက်ဆံရလည်း ခွင့်မပြုသင့်ဘူး။ အဂါရဝအပြုအမူတွေပေ့ါ။ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ ရိုက်တာကိုတော့ ပြောစရာမရှိပါဘူး" ဟု ပုဂံညှေ့လမ်းညွှန်အသင်းနာယက ဦးဇော်ဝင်းချိုက မှတ်ချက်ပြုသည်။

လူမှုကွန်ရက်စာမျက်နှာထက်၌ "ပုဂံမှာ ယခု ဖြစ်နေတာပါ။ ဓာတ်ပုံရိုက်တဲ့အခါမှာ ပျော်လို့ပဲရိုက်ရိုက်၊ ပျင်းလို့ပဲရိုက်ရိုက်၊ ပြိုင်ပွဲအတွက်ပဲ ရိုက်ရိုက် ကင်မရာကြီး ၊ ဒေါက်ကြီးတွေ၊ ကိုရင်တွေနဲ့ ရိုက်မယ်ဆိုရင် လာထား တစ်ရက်ကို ၁၁၀,၀၀၀ ကျပ် ရှေးဟောင်းကို ဦးခိုက်လိုက်ပါ ဓာတ်ဆရာအပေါင်းတို့၊ ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများဟုဆိုရာတွင် ဝါသနာအရ အလှဓာတ်ပုံ ရိုက်ကူးသူများလည်း ပါဝင်သလို ခရီးသွားဟန်လွှဲ ရိုက်ကူးပါက ခွင့်ပြုမည်ဟုသိရပြီး၊ ကင်မရာ၊ ကင်မရာဒေါက် ၊ အလင်းပြန် အရာဝတ္ထု စသည့် ဓာတ်ပုံပစ္စည်းများ သုံးပါကအခွန်ဆောင်ရမည်ဟု သိရပါသည်" ဟု ပျံ့နှံ့နေသည်။ ■

**M-05**




**မန္တလေးတိုင်းအတွင်းရှိ ခရိုင်ငါးခုမှ တောင်သူတစ်ထောင်ကျော် ဇွန်လ ၂၉ ရက်နေ့က အောင်မြေသာစံမြို့နယ်အတွင်း ဆန္ဒထုတ်ဖော်နေစဉ်**

# မန္တလေးမြို့ပေါ်တွင် တောင်သူတစ်ထောင်ကျော် ဆန္ဒထုတ်ဖော်

**မန္တလေး၊ ဇွန် ၂၉**

မန္တလေးတိုင်းအစိုးရအဖွဲ့အနေနှင့် လယ်ယာမြေပြဿနာများ ဖြေရှင်းပေးရေးအတွက် ခရိုင်ငါးခုမှ တောင်သူတစ်ထောင်ကျော်က အောင်မြေသာစံမြို့နယ်အတွင်း လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မန္တလေးတိုင်းအတွင်းရှိ ခရိုင်ငါးခုမှ တောင်သူတစ်ထောင်ကျော် တရားဝင်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း ဦးဆောင်သူများက ပြောကြားသည်။

လယ်ယာမြေသိမ်းဆည်းခံရမှု၊ တရားစွဲဆိုခံရမှုများနှင့်ပတ်သက်၍ တောင်သူများက ၎င်းတို့အခက်အခဲကို ပြည်ထောင်စုအစိုးရနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ သိစေရန် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းအစိုးရအဖွဲ့အနေနှင့် တိုင်းအတွင်းရှိ တောင်သူများနှင့် သက်ဆိုင်သော ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးရန်လိုကြောင်း ဆန္ဒပြပွဲဦးဆောင်သူ ဦးမောင်စိုးက ပြောဆိုသည်။

"အရင်အစိုးရလက်ထက်တုန်းက တောင်သူတွေကို ပုဒ်မ ၄၄၇၊ ၄၂၇ စတဲ့ အာမခံရတဲ့ပုဒ်မတွေနဲ့ တရားစွဲဆိုတာတွေ ရှိပေမယ့် NLD ပါတီဦးဆောင်တဲ့ ပြည်သူ့အစိုးရလက်ထက်မှာ တောင်သူတွေကို စွဲဆိုတဲ့ပုဒ်မတွေ တိုးလာတယ်။ ပုဒ်မ ၄၄၇၊ ၄၂၇ အပြင် ကျင့်ထုံး ၆/၁၊ ၄၄၀ စတဲ့ အာမခံမရတာတွေနဲ့ တရားစွဲခံရတာတွေ များလာတယ်" ဟု တရားစွဲဆိုခံတောင်သူများ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးဆန်းထွန်းအောင်က ပြောကြားသည်။

မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများမှ တောင်သူများက မန္တလေးတောင်ခြေသုခမ္မာဇရပ်တန်း၊ ၁၂ လမ်းမှ ၆၆ လမ်းအတိုင်း ၂၆ လမ်းအထိ၊ ယင်းမှ ၆၂ လမ်းအတိုင်း ၁၂ လမ်းအထိ လမ်းလျှောက်ဆန္ဒထုတ်ဖော်သည်။ ■

**M-01**

# နယ်စပ်လမ်းကြောင်းမှတစ်ဆင့် သကြားတင်သွင်းခွင့်လိုင်စင် ယာယီဆိုင်းငံ့

**မန္တလေး၊ ဇွန် ၂၉**

နယ်စပ်လမ်းကြောင်းမှတစ်ဆင့် သကြားတင်သွင်းခွင့် လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းကို ဇွန်လကုန်ပိုင်းတွင် ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Voice သို့ ပြောကြားသည်။

"တရုတ်ဘက်ကလည်း ဧပြီလကစပြီး အဖမ်းအဆီးတွေများနေတယ်။ ပြည်တွင်းမှာလည်း သကြားတန်ချိန် လေးသိန်းရှိနေပြီလို့ ကုန်သည်တွေ တင်ပြထားတယ်။ ပြည်တွင်းမှာ စုပုံမသွားအောင်ပေ့ါ။ ဒါကြောင့် သကြားတင်သွင်းခွင့် ခေတ္တဆိုင်းငံ့ထားမှာပါ။ ဘယ်ကာလအထိဆိုတာကိုတော့ မပြောနိုင်သေးပါဘူး" ဟု ၎င်းကပြောဆိုသည်။

Re-export စနစ်ဖြင့်တင်ပို့ရန် ပြည်ပမှသကြားတင်သွင်းမှုကို နယ်စပ်လမ်းကြောင်းဖြင့် တင်သွင်းခြင်းအပြင် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်သွင်းရကြောင်း၊ နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တင်သွင်းခွင့် လုပ်ငန်းလိုင်စင်ကိုသာ ခေတ္တဆိုင်းငံ့ထားခြင်း ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှနေ၍ တင်သွင်းလာသောသကြားများကို Re-export စနစ်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဧပြီလကစ၍ ဖမ်းဆီးလျက်ရှိကြောင်း၊ ဇွန်လ ၂၇ ရက်နေ့က ရရှိထားသော သတင်းများအရ မန်စီနှင့် ကူမင်းလမ်းကြောင်းတစ်လျှောက် ကူးသန်းလျက်ရှိသော သကြားနှင့်ဆန် ကားအစီး ၂၀ ကို တရုတ်ဘက်က ဖမ်းဆီးခဲ့ကြောင်း ဦးခင်မောင်လွင်က ထပ်မံပြောကြားသည်။

ယမန်နှစ် ဧပြီ၊ မေ၊ ဇွန်လခန့်က ပြည်ပနိုင်ငံများမှ တင်သွင်းခဲ့ပြီး တရုတ်ဘက်သို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် သကြားတန်ချိန် နှစ်သန်းခန့် တင်ပို့ခဲ့ကြောင်း ယခုနှစ်ကာလတူတွင်မူ ယခင်နှစ်အောက် တန်ချိန် နှစ်သိန်းခြောက်သောင်းခန့် လျော့ကျသွားကြောင်း ၎င်းကရှင်းပြသည်။

ပြန်လည်တင်ပို့ခြင်း (Re-export) ဆိုသည်မှာ ပြည်ပတင်သွင်းလာသော ကုန်ပစ္စည်းများကို မူလအတိုင်းဖြစ်စေ၊ မြန်မာနိုင်ငံအတွင်း ပြုပြင်ထုတ်လုပ်၍ မူလတင်သွင်းလာသောနိုင်ငံသို့ဖြစ်စေ အခြားနိုင်ငံတစ်ခုသို့ဖြစ်စေ ပြန်လည်တင်ပို့ခြင်းဖြစ်ကြောင်း သကြားကုန်သည်များ အသိုင်းအဝိုင်းထံမှ သိရသည်။

၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်က ပြည်တွင်းရှိ သကြားစက်ရုံ (၂၂) ရုံမှ ထုတ်လုပ်သည့် သကြားတန်ချိန် ၁၁၀,၅၈၀ ရှိပြီး ပုဂ္ဂလိကစက်ရုံများမှ ထုတ်လုပ်သည့် သကြားတန်ချိန် ၃,၈၇၁,၅၆၇ ရှိကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ကြံရာသီတွင် အရောက်ပို့စနစ်ဖြင့် ကြံတစ်တန်လျှင် ၄၅,၀၀၀ ကျပ်ဖြင့် ဝယ်ယူလျက်ရှိရာ သကြားဈေးအနေနှင့် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။

ယခင်နှစ်က သကြားတစ်တန်လျှင် ကျပ်ငါးသောင်းပေါက်ဈေးရှိသော်လည်း ယခုနှစ်တွင် ကျပ် ၄၃,၀၀၀ မှ ၄၆,၀၀၀ ခန့်သာ ဈေးရသောကြောင့် ပြည်တွင်းသကြားဈေးကျနေပြီး ကြံစိုက်တောင်သူများ အခက်အခဲဖြစ်ရကြောင်း ကြံစိုက်တောင်သူများထံမှလည်း သိရသည်။

"နယ်စပ်ကရော၊ ပင်လယ်ရေကြောင်းတွေကပါ ပိတ်လိုက်မယ်။ တရုတ်ဘက်ကလည်း ပုံမှန်ဝယ်သွားမယ်ဆိုရင်တော့ ပြည်တွင်း သကြားဈေး ပုံမှန်ဖြစ်သွားမယ်။ အခုက သကြားစက်တွေမှာလည်း သကြားလက်ကျန်တွေရှိနေတယ်" ဟု မြန်မာသကြား ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဌေးက ပြောကြားသည်။

သကြားတစ်ပိဿာလျှင် အမျိုးအစားအလိုက် အနိမ့်ဆုံး ကျပ် ၄၅၀ မှ အမြင့်ဆုံး ၁၁၉၀ ကျပ်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့် သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း (မန္တလေး) ထံမှ သိရသည်။ ■

**ဝင်းရွှေရည်ဦး**

# လှော်ကားရေပိုက်လိုင်း ချို့ယွင်းမှုကြောင့် ရေ နှစ်ရက် ပြတ်မည်

**ရန်ကုန်၊ ဇွန် ၂၉**

ရန်ကုန်မြို့သို့ ရေပေးဝေနေသည့် မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေလှောင်ကန်မှ ရေပိုက်လိုင်း ချို့ယွင်းသွားသောကြောင့် ရန်ကုန်မြို့ရှိ မြို့နယ် ၁၄ ခုတွင် နှစ်ရက်ကြာ ရေပြတ်တောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနထံမှ သိရသည်။

လှော်ကားရေလှောင်ကန်မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် ၆၆ လက်မ ကွန်ကရစ်ရေပို့ပိုက်မကြီးမှာ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ အောင်ချမ်းသာလမ်းအနီး ရေတွန်းစက်နား၌ ဇွန်လ ၂၉ ရက်၊ နံနက် ၉ နာရီတွင် ချို့ယွင်းခဲ့သောကြောင့် အမြန်ဆုံး ပြင်ဆင်လျက်ရှိကြောင်း ရေနှင့် သန့်ရှင်းမှုဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့ ပြင်ဆင်စဉ်ကာလအတွင်း ဇွန်လ ၂၉ ရက်၊ နံနက် ၁၀ နာရီမှ ဇွန် ၃၀ ရက် ည ၈ နာရီအချိန်ထိ မြို့နယ် ၁၄ ခုတွင် နှစ်ရက်ကြာ ရေပြတ်တောက်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ရေဖြတ်မယ်ဆိုတာ YCDC Facebookနဲ့ City FM မှာလည်းဖြစ်ဖြစ်ချင်း ကြေညာပေးနေပါတယ်။ ရေတွန်းစက်နားက ပိုက်လိုင်းချို့ယွင်းမှုကို နေ့ရောညရော အမြန်ဆုံးပြင်ဆင်နေတယ်။ မနက်ဖြန်ပြင်လို့ပြီးတာနဲ့ ရေကို ပုံမှန်အတိုင်းပေးပါမယ်" ဟု၎င်းကဆိုသည်။

နှစ်ရက်ကြာရေပြတ်တောက်မည့် ၁၄ မြို့နယ်မှာ ရွှေပြည်သာ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ လှိုင်သာယာ၊ ကမာရွတ်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ သာကေတ၊ မင်္ဂလာတောင်ညွန့်နှင့် ကျောက်တံတားမြို့နယ်များတွင် ရေပြတ်တောက်မည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ကျန်ရှိသည့် မြို့နယ်များကို ငမိုးရိပ်ရေလှောင်ကန်နှင့် ဂျိုးဖြူရေလှောင်ကန်မှ ရေပုံမှန်ပေးဝေလျက်ရှိသည်။

■ J-10

# ရက်ပိုင်းအတွင်း YBS ယာဉ် နှစ်စီး မီးလောင်

**ရန်ကုန်၊ ဇွန် ၂၉**

ဇွန်လနောက်ဆုံးပတ်ဖြစ်သည့် ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်က YBS တံဆိပ်တပ်ယာဉ်နှစ်စီး စက်ချို့ယွင်းကာ ယာဉ်မီးလောင်မှုဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ YRTAထံမှ သိရသည်။

"ဒီလထဲမှာတော့ ဒီနှစ်ကြိမ်ပဲဖြစ်တာပါ။ ဒီနေ့ဖြစ်တဲ့ YBS ၃၈ ယာဉ်လိုင်းက YRTAကို အကြောင်းကြားစာပို့တယ်။ အရင်လတွေကလည်း မီးလောင်တဲ့ဖြစ်စဉ်မျိုး သိပ်မရှိခဲ့ဘူး" ဟု YRTA မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဇွန်လ ၂၉ ရက် နံနက် ၈ နာရီ ၄၀ မိနစ်ခန့်က YBS ၃၈ ယာဉ်တစ်စီးသည် တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းမ၊ စာတိုက်မှတ်တိုင်အနီးတွင် စက်အင်ဂျင်ပိုင်းချို့ယွင်းကာ ယာဉ်မီးလောင်မှုဖြစ်ခဲ့ပြီး ခရီးအချို့အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

"ခါတ်ဆီဆိုင်ရှေ့မှာ ကားက မီးလောင်တာ။ ဆိုင်ကို မီးမကူးတာပဲ ကံကောင်းတယ်" မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

အဆိုပါ YBS ၃၈ ယာဉ်ကို တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းက မီးသတ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း YRTA ထံမှ သိရသည်။

အလားတူ ဇွန်လ ၂၈ ရက်က YBS ၆၁ ယာဉ်တစ်စီးသည် မီးခွက်ဈေးမှတ်တိုင်အကျော် ငါးထိပ်မှတ်တိုင်အနီးတွင် ယာဉ်၏ အင်ဂျင်ပိုင်း မီးလောင်ခဲ့ပြီး ခရီးသွားပြည်သူများကို ထိခိုက်မှုမရှိခဲ့ပေ။

ရန်ကုန်မြို့အတွင်း YBS တံဆိပ်တပ်ယာဉ်လိုင်းများတွင် စတင်ပြေးဆွဲချိန်မှစ၍ လက်ရှိအချိန်အထိ ကြံ့ခိုင်မှု မရှိခြင်း၊ ယာဉ်အိုဟောင်းခြင်းတို့ကြောင့် စက်ချို့ယွင်း၍ ယာဉ်လေးစီးခန့် မီးလောင်မှုဖြစ်ခဲ့ပြီး YBS ၁၂၊ ၆၁၊ ၃၈ ယာဉ်လိုင်းများမှ ယာဉ်များဖြစ်ကြောင်း YRTA ထံမှ သိရသည်။

■ J-06

The VOICE Daily

CARTOON




# ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ မိုင်းနော်မြို့ ဖာတာအုပ်စု၊ နာဂီးရွာမှာ နေထိုင်တဲ့အသက် ၄ လအရွယ် သမီးငယ်လေးက မွေးရာပါ ဦးခေါင်းမှာ အနာပေါက်ပါလာတယ်လို့ သိရပြီး မိဘတွေက တောင်သူတွေဖြစ်လို့ ခွဲစိတ်ကုသဖို့ ငွေကြေးခက်ခဲနေတယ်လို့ သိရပါတယ်။ အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်း လှူဒါန်းလိုတယ်ဆိုရင် အမေ့အိမ်ပရဟိတ ကွန်ရက် ကိုဇော်မျိုးလွင် ဖုန်း ၀၉ ၇၉၈၅၀၁၀ ၂၀၊ ၀၉၉၆၄၅၀၁၀ ၂၀ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■




# ဈေးဝယ်လမ်းညွှန်

## ခြင်တွေ အိမ်ထဲမဝင်အောင် ကာကွယ်မယ်

မိုးတွင်းမှာ ခြင်ကိုက်ခံရပြီး သွေးလွန်တုပ်ကွေးမဖြစ်စေဖို့အတွက် ကိုယ့်ရဲ့အိမ်ထဲကို ခြင်တွေမဝင်ရောက်စေဖို့အတွက် ခြင်လုံဆန်ခါတွေကို ညွှန်ပေးချင်ပါတယ်။ လိုက်ကာပုံစံမျိုး အလယ်ခွဲဖြစ်ပြီး တံခါးမကြီးတွေမှာ အလွယ်တကူ တပ်ဆင်သုံးနိုင်မှာဖြစ်ပါတယ်။ ရင်စေ့မှာ သံလိုက်ကြိုးထည့်ပေးထားလို့ ဖွင့်ပြီးတာနဲ့ အလိုအလိုက် ပြန်ပိတ်သွားမယ့် အားသာချက်ရှိပြီး လေတိုက်လို့ ဟသွားတာမျိုး မဖြစ်စေဘူးလို့ ရောင်းချသူက အာမခံစကားဆိုပါတယ်။ ဈေးနှုန်းက ၃ ပေ ၆ ပေခွဲ တံခါးတစ်ပေါက်စာကို ၃၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး CMTS Online Store အမှတ် ၂၅၊ မြေညီထပ်၊ ၁၄ လမ်း (အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၂၂၄၅၆၉ မှာ သွားဝယ်နိုင်ပါတယ်။ ■



**ယခုဆောင်းပါးတွင် ပါရှိသော ထင်မြင်ယူဆချက်များသည် ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပြီး The Voice Daily အယ်ဒီတာအဖွဲ့၏ အာဘော်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။**

**အယ်ဒီတာ**

ယခု ရက်ပိုင်းအတွင်း တပ်မတော်နှင့် သတင်းမီဒီယာတို့အကြား ဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုများက ဖတ်ရ မြင်ရ ကြားကြရသူ ကျွန်ုပ်တို့ စာဖတ်သူပြည်သူအပေါင်းကို စိတ်မကောင်းစရာ ဖြစ်စေခဲ့သည်။ ၎င်းတို့နှစ်ဖွဲ့အကြား ဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များ အပေါ် လေ့လာကြည့်သည့်အခါ သတင်းမီဒီယာအဖွဲ့အစည်းများဘက်က ကြည့်လျှင်လည်း ၎င်းတို့ဘက်တွင် ကျင့်သုံးလိုက်နာကြရသည့် ကျင့်ဝတ်များ နှင့် စာပေသဘောတရားများအရမှန်သည်ဟု ယုံကြည်နေကြသလို တပ်မတော်ဘက်မှကြည့်လျှင်လည်း သူတို့အဖွဲ့အစည်းအတွင်း အထက်အောက် ဆက်ဆံရေး၊ တပ်တွင်းစည်းလုံးညီညွတ်ရေးတို့အတွက်၊ ၎င်းတို့၏ ဂုဏ်သိက္ခာအတွက် သူတို့ဘက်ကကြည့်လျှင် သူတို့မှန်သည်ဟု ဆိုနေခဲ့ကြသည်။ ယနေ့အချိန်အထိ တစ်ဖက်ဖက်က အလျှော့ပေးမည့်အရိပ်အရောင်များ မတွေ့ကြရသေးချေ။ သဘောထားကွဲလွဲမှုများက စတင်ခဲ့သည့်အခြေအနေမှ ယနေ့အချိန်တွင် သဘောထားတင်းမာမှုအဆင့်ထိ ဖြစ်ခဲ့ရကာ တရားရင်ဆိုင်နေကြရသည်အထိ ဖြစ်နေခဲ့ကြသည်။ ထိုအမှုတွင်လည်း တပ်မတော် ဘက်ကပြောခဲ့သည်မှာ ၎င်းတို့အနေနှင့် သတင်းမီဒီယာ ဥပဒေအတိုင်းသာ ပထမအဆင့် သတင်းမီဒီယာကောင်စီမှတစ်ဆင့် ညှိနှိုင်းခဲ့ကြသည်။ အဆင်မပြေမှသာ ၎င်းဥပဒေအတွင်းမှ ပြဋ္ဌာန်းချက်အတိုင်း တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် တရားစွဲရန် ရဲတပ်ဖွဲ့ထံ တိုင်ကြားခဲ့ခြင်းသာဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း ရဲတပ်ဖွဲ့နှင့် ဥပဒေအရာရှိတို့ဘက်ကသာ ဥပဒေကြောင်းအရ လွဲမှားပြီး ပုဒ်မ ၆၆(ဃ)ဖြင့် စွဲဆိုခဲ့ခြင်း ဖြစ်တန်ရာသည့် သဘော သက်ရောက်ခဲ့သည်။

သတင်းမီဒီယာအဖွဲ့အစည်းများဘက်ကမူ ဖော်ပြခဲ့သည့်စာမှာ သရော်စာအမျိုးအစားဖြစ်ပြီး တပ်မတော်အပေါ် သွေးခွဲလိုသည့်သဘော မရှိခဲ့ကြောင်း၊ ထိုသို့သဘောသက်ရောက်မှုရှိခဲ့ပါကလည်း သတင်းမီဒီယာ ဥပဒေဖြင့်သာ တရားစွဲဆိုသင့်ကြောင်း ပြောကြားခဲ့သည်ကို တွေ့ရှိခဲ့ရပြန်သည်။ နောက်ဆုံးရလဒ်အနေနှင့်မူ ရုံးချိန်း (၄) ခါမြောက် ထုတ်ပြီးသည့်အချိန်အထိ The Voice သတင်းစာအယ်ဒီတာချုပ်ကို အာမခံမပေးခဲ့သေးသည့်အပြင် တပ်မတော်ဘက်က သတင်းစာတွင် ဖော်ပြခဲ့မှုအတွက်ပါ ထပ်တိုးပြီး တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ပြန်သည်။ ထိုသို့ဖြစ်ခဲ့သည့်အပေါ် သတင်းမီဒီယာအသိုင်းအဝိုင်းကလည်း ကျေနပ်ခြင်း မရှိကြဘဲ သတင်းလွတ်လပ်ခွင့်အတွက် ရန်ကုန်မြို့နှင့် အခြားနယ်မြို့များတွင် လှုပ်ရှားမှုများပြုလုပ်ခဲ့ကြကာ ဆန္ဒသဘောထားများ ပြခဲ့ကြသည်။ တစ်ဖန် တပ်မတော်ဘက်ကို ထောက်ခံသူဆိုသူများကလည်း ဇွန်လ ၂၆ ရက်တွင် တပ်မတော်ဘက်ကထောက်ခံကြောင်း တန်ပြန်ဆန္ဒထုတ်ဖော်ခဲ့ကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။

ထိုဖြစ်စဉ်များနှင့် တစ်ထပ်တည်းကျစွာပင် ဘာသာရေးကိစ္စများ အတွက်လည်း ဆန္ဒထုတ်ဖော်ကြသည့်ပွဲများ၊ လက်ပံတောင်းတောင် ပဋိပက္ခနှင့် နိုင်ငံ၏မြောက်ဖျား၊ အရှေ့မြောက်ဖျားနှင့် အနောက်ဘက်ခြမ်းစည်းရိုးဘက်အခြမ်းများမှ စစ်ရေးတိုက်ပွဲသတင်းများကလည်း မြင်ရ၊ ကြားကြရသူ ပြည်သူအပေါင်းကို စိတ်မကောင်းစရာများအဖြစ် တစ်ခုပြီး တစ်ခု ထပ်တိုးနှိပ်စက်နေဘိသကဲ့သို့ ဖြစ်နေကြရသည်ဟု အများက ဆိုနေကြသည်။

ထို့အတွက် ဆိုလိုချင်သည်မှာ ယခုဖြစ်ပေါ်နေသည့်တပ်မတော်နှင့် သတင်းမီဒီယာတို့အကြား သဘောထားကွဲလွဲ တင်းမာမှု၊ တရားစွဲဆိုဖြေရှင်းနေကြရမှုနှင့် သတင်းလွတ်လပ်ခွင့်ပြဿနာ၊ တပ်မတော်မှ ၎င်းတို့ သိက္ခာတရား စသည့်ကိစ္စများထက် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက်၊ တစ်မျိုးသားလုံးအတွက် အလွန်အရေးကြီးသည့် နိုင်ငံ့ရေးရာပြဿနာများ များစွာရှိနေပါသေးသည်။ ယနေ့နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ဘာသာ

**...နိုင်ငံတော်၏ ရှေ့အနာဂတ်အတွက် လတ်တလောဖြစ်ပွားနေသည့် ကိစ္စရပ်များ အပေါ် တပ်မတော်နှင့် မီဒီယာတို့က အစိုးရ၏တာဝန်သာဖြစ်သည်ဟု လျစ်လျူရှုထား၍မရဘဲ အားလုံးပါဝင် ပူးပေါင်းဖြေရှင်းကြမှသာ ပြဿနာများ ချုပ်ငြိမ်းသွားနိုင်၍ ဖြစ်ပါသည်။**




ရေးကိစ္စ သွေးကွဲမှုအပေါ် ပြန်လည်သွေးစည်းညီညွတ်စွာ သာသနာတော် တည်တံ့ရေးကိစ္စ၊ နိုင်ငံရေးပါတီများ များပြားလာခြင်းနှင့်အတူ နိုင်ငံရေး သဘောတရားခံယူချက်များ ဝိဝါဒကွဲပြားစွာ မစည်းလုံး မပူးပေါင်းဘဲ သူငါအတိုက်အခံလုပ်နေကြသည့်ကိစ္စများ၊ နိုင်ငံ့စီးပွားရေးအကျပ်အတည်း ဖြစ်ပြီး မြေဈေးကြီးမြှင့်မှုနှင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မဝင်ရောက်နိုင်သေးသည့်ကိစ္စ၊ ပြည်တွင်း ထုတ်ကုန်အရည်အသွေး လျော့ကျလာခြင်းနှင့်အတူ ပြည်ပသွင်းကုန်ကို သာအားကိုးပြီး ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုပြဿနာ ဖြေရှင်းရေးကိစ္စ၊ ယနေ့အချိန်အခါတွင် ပြည်သူလူထုအတွင်းနှင့် လူငယ်ထု အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြန့်ပွားပေါ်များကာ ထိန်းချုပ်ရန် ခက်ခဲနေသည့် မူးယစ်ဆေးဝါးများ၏အန္တရာယ်မှ ကာကွယ်တားဆီးရေး ကိစ္စများ၊ ခိုးဆိုးနှိုက်မှုများပြားလာပြီး လက်ရဲဇက်ရဲသတ်ဖြတ်ကြခြင်း နှင့် မြို့ရွာများအတွင်း တရားဥပဒေစိုးမိုးမှုလျော့ရဲလာနေသည့်ကိစ္စများ ချုပ်ငြိမ်းရေးကိစ္စများ အများအပြားပင်ရှိနေပါသည်။

ထို့အပြင် အနောက်ဘက်တံခါးဘက်မှ လူမျိုးရေးပဋိပက္ခများ ချုပ်ငြိမ်းပြီး သာယာအေးချမ်းသည့် လူ့ဘောင်တစ်ခု ဖြစ်ပေါ်စေရေး၊ နိုင်ငံ့မြောက်ဖျားနှင့် အရှေ့မြောက်ဖျားဆီမှ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဖြစ်ပွားနေသည့်စစ်ပွဲများ အဆုံးသတ်ပြီး စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကိစ္စသည်လည်း အထူးအရေးကြီးနေသည့် အချိန်အခါကာလဖြစ်သည်။ အမှန်အတိုင်း ပြောကြမည်ဆိုလျှင် နိုင်ငံအနေနှင့်လည်း အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတို့ထက် အစစအရာရာ နောက်ကောက်ကျလျက် စီးပွားရေး လည်းကျဆင်းလျက်ရှိနေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုနှင့် တစ်ရက်တာဝင်ငွေ နိမ့်ပါးမှုများကြောင့် တိုင်းတစ်ပါးသို့ထွက်ကာ အလုပ်လုပ်နေရသည့် နိုင်ငံသားအမြောက်အမြား၏ အရေးလည်း ရှိနေသေးသည်။ နိုင်ငံတော်အတွင်း ပညာရေးစနစ်ပြောင်းလဲပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများလည်း တိုးမြှင့်လုပ်ဆောင်ရန် အချိန်အခါ သင့်နေသည့်ကာလလည်းဖြစ်ပြီး အကျင့်ပျက်ခြစားမှုများကိုလည်း ပူးပေါင်း တိုက်ထုတ် အမြစ်ပြုတ်ရှင်းလင်းရန် လိုအပ်နေသည်။

သို့ဖြစ်၍ အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံအတွင်းဖြေရှင်းရန်များ ပြားနေသည့် စိန်ခေါ်မှုပြဿနာရပ်များအပေါ် အစိုးရတစ်ခုတည်းကပဲ အောင်မြင်စွာ ကျော်လွှားနိုင်ရေးမှာ ဖြစ်နိုင်သည့်အလုပ်မဟုတ်ပါ။ ထိုကိစ္စများ အပေါ် အောင်မြင်စွာကျော်လွှာပြီး အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများ၊ မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့်အမွေပေးခဲ့ကြရမည် ဆိုလျှင် နိုင်ငံ့သမိုင်းကြောင်းနှင့်ချီပြီ အချိန်ကြာမြင့်စွာ ရပ်တည်လာခဲ့သည့် ခိုင်မာအားကောင်းသည့် အင်စတီကျူးရှင်းကြီးဖြစ်သည့် တပ်မတော်နှင့် ပြည်သူများအပေါ် အတော်အသင့် သတင်းသြဇာထိုးဖောက်မှုကောင်းလာနေသည့် စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာတို့၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးသည့်အပိုင်းမှ ပါဝင်နေသည်မှာ ငြင်းမရနိုင်ပေ။

ယနေ့ကမ္ဘာ့နိုင်ငံရေးရာသီဥတုနှင့် ဖြစ်ပွားနေသည့်စစ်ပွဲများအပေါ် ခြုံငုံသုံးသပ်ကြည့်ရလျှင်လည်း အစွန်းရောက်ဘာသာရေးစိတ်များနှင့် လူမျိုးရေးခွဲခြားမှုများကြောင့်ဖြစ်သည့်အပြင် ထိုစစ်မီးအန္တရာယ်သည် ကျွန်ုပ်တို့နေထိုင်ရာ အရှေ့တောင်အာရှ အာဆီယံဒေသတွင်းနိုင်ငံသို့ပင် ကူးစက် ကာ အခြေတည်လျက်ရှိနေခဲ့ရာ ကျွန်ုပ်တို့နိုင်ငံသားများအပေါ် ထိုအန္တရာယ် ကြီးမကျရောက်စေရေးနှင့် အခြားအကြမ်းဖက်သမားများ၏ ဖျက်ဆီးနှောင့်ယှက်မှုများမှ ကာကွယ်တားဆီးရေးတို့အတွက်ဆိုလျှင် ယခင်ကတည်းက သန္ဓေတည် အစဉ်အလာကောင်းခဲ့သည့် တပ်မတော်ဟူသည့် ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းကြီးတစ်ခု အမှန်ပင်လိုအပ်လျက် ရှိနေသည့်ကာလဖြစ်သည်။ ထို့အတွက်ပင် ယနေ့အချိန်အခါကာလတွင် ဖြစ်ပေါ်နေသည့် ကမ္ဘာအရပ်ရပ်မှ အခြေအနေများအပေါ် သုံးသပ်ကာ အကြမ်းဖက်အန္တရာယ်များ မိမိတို့၏တစ်မျိုးသားလုံးအပေါ် မကျရောက်ဖို့ဆိုလျှင် ထိုတပ်မတော်ကြီးနှင့်ပြည်သူများ၊ သတင်းမီဒီယာများက ပူးပေါင်းကာကွယ် တားဆီးချေဖျက်ကြရမည်ဖြစ်သည့်အပြင် ထိုအဖွဲ့အစည်းကြီး ပျက်စီးရာပျက်စီးကြောင်းကိုလည်း မတွေးမကြံ မပြော၊ မရေးကြရန် ကျွန်ုပ်တို့နိုင်ငံသားအားလုံးက အထူးအမှန်လိုအပ်နေသည့်ကာလလည်း ဖြစ်လာနေခဲ့ပါသည်။

အခြားတစ်ဖက်မှ သတင်းမီဒီယာဟူသည့် စတုတ္ထမဏ္ဍိုင်ကြီးဆိုသည်မှာလည်း ထို့အတူပင်ဖြစ်ပါသည်။ တပ်မတော်နှင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သူ့ဘက်ကိုယ့်ဘက် အပြန်ပြန်အလှန်လှန် ရပ်တည်ထောက်ထားနေကြရသည့်အဖွဲ့ကြီးဆိုရင်လည်း မမှားနိုင်ပေ။ ဥပမာအနေနှင့် ယခင်နှစ်က နိုင်ငံ့အရှေ့မြောက်ဖျားရှိ လောက်ကိုင်ဒေသစစ်ပွဲများ၏ အခြေအနေမှန်သတင်းများကို ကမ္ဘာ့နိုင်ငံများသို့ ပြန့်ပွားရေးနှင့် နိုင်ငံတွင်းမှတိုင်းရင်းသားပြည်သူများ အဖြစ်မှန်သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိကြရေးတို့အတွက် တပ်မတော်မှ သတင်းစာရှင်းလင်းပွဲများ ကျင်းပခဲ့ရသည်။ ထိုအခါ ထိုသတင်းမီဒီယာများကပင် တက်ရောက်ပေးကြသည်။ ထိုအခါ တပ်မတော်ခေါင်းဆောင်တို့ကလည်း တလေးတစား ပြန်လည်သတင်းများရှင်းပြကြသည်။ ပြီးသည့်အခါ သတင်းမီဒီယာတို့က သတင်းများ ထုတ်ပြန်ပေးကြသည်။ ထိုအခါ ပြည်သူလုထုနှင့် အခြားကမ္ဘာ့နိုင်ငံများက အခြေအနေမှန်များ သိရှိသွားကြသည်။ ထိုအခါ တပ်မတော်အပေါ် အကောင်းမြင်လာကြသည်။ ပြည်သူ့ထောက်ခံမှု ပိုမိုရရှိလာကြသည်။ တပ်မတော်သားများ ရှေ့တန်းပြန်ဝင်သည့်အခါ မကြုံစဖူး မြို့ခံလူထုနှင့် ပြည်သူအများက အုန်းအုန်းကျွက်ကျွက်ကြိုဆိုကြသည်။ တပ်မတော်သားများ ရှေ့တန်းတွင် တိုက်ပွဲကျသည့်သတင်း ကြားကြရသည့်အခါ သူတို့ပါဝမ်းနည်းကြသည်။ ထိုတပ်မတော်သားမိသားစုများအတွက် အလှူငွေများ ထည့်ဝင်ပူးပေါင်းလှူဒါန်းကြသည်။

သို့အတွက်ပင် တပ်မတော်နှင့်မီဒီယာဆိုသည်မှာ တစ်ဦးအပေါ် တစ်ဦး အပြန်ပြန်အလှန်လှန် မှီခိုနေကြရပြီး ကင်းကင်းရှင်းရှင်းနေထိုင်ကြရန် မဖြစ်နိုင်ပေ။ ယခုလိုအခြေအနေမျိုးတွင် ပိုပြီးနေလို့ရကြမည် မဟုတ်ဟုထင်သည်။ အကြောင်းမှာ နိုင်ငံတော်၏ ရှေ့အနာဂတ်အတွက် လတ်တလောဖြစ်ပွားနေသည့် ကိစ္စရပ်များအပေါ် တပ်မတော်နှင့် မီဒီယာတို့က အစိုးရ၏တာဝန်သာဖြစ်သည်ဟု လျစ်လျူရှုထား၍မရဘဲ အားလုံးပါဝင် ပူးပေါင်းဖြေရှင်းကြမှသာ ပြဿနာများ ချုပ်ငြိမ်းသွားနိုင်၍ဖြစ်ပါသည်။

ထို့အတွက် နိဂုံးချုပ်အနေနှင့်တင်ပြရလျှင် တပ်မတော်နှင့် သတင်းမီဒီယာတို့ ယနေ့ကာလတွင်ဖြစ်ပေါ်နေသည့် သဘောထားတင်းမာမှုများကို နှစ်ဖက်စလုံးက လျှော့ချကာ Win-Win Solution ဖြေရှင်းနည်းဖြင့်သာ ပြေပြေလည်လည် ချစ်ချစ်ခင်ခင် ညှိနှိုင်းအဆုံးသတ်ကြရန် နိုင်ငံသားအားလုံးက လိုလားလျက်ရှိနေကြပါသည်။ ထိုအမှုသတင်းများအပေါ် ကြားရမြင်ရသည့် နိုင်ငံသားများ၊ တပ်မတော်သားနှင့် သတင်းမီဒီယာတို့ အနေနှင့်လည်း စိတ်နှလုံးမချမ်းမြေ့ကြပါ။ ထို့အပြင် ထောင်သွင်းအကျဉ်းချကာ ချုပ်နှောင်ခံထားရသူဘက်မှကြည့်လျှင်လည်း သူ၏ဂုဏ်သိက္ခာ၊ သူ့မိသားစု၏ဘဝ၊ သူ၏ရပ်တည်မှု ဆိုသည်ကိုလည်း ထည့်တွက်စဉ်းစားကြရမည်ဖြစ်ပြီး သတင်းမီဒီယာများဘက်ကလည်း တပ်မတော်၏အစဉ်အလာ၊ တပ်မတော်၏ တပ်တွင်းစည်းလုံးညီညွတ်ရေးတည်ဆောက်မှု ကိစ္စနှင့် တပ်ပြင်စည်းရုံးရေးကိစ္စများအပေါ် လေးစားတန်ဖိုးထားကြရမည်သာဖြစ်ပါသည်။ ယနေ့နိုင်ငံတော်အတွင်းတွင်လည်း ထိုပြဿနာရပ်ထက်ကျော်လွန်ကာ ပြည်သူတစ်ရပ်လုံးအတွက် အမှန်တကယ်ဖြစ်ပေါ်ကျရောက်နေသည့် အခြားသောကိစ္စရပ်ပေါင်းကလည်း ရှိနေပါသေးသည်။ ထို့အတွက် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ရှေ့ရေး၊ အနာဂတ်မျိုးဆက်သစ် တို့အတွက် ကောင်းမွေများချန်ထားရစ်ခဲ့ကြရေးအတွက် နှစ်ဦးနှစ်ဖက်စလုံးက ကျေအေးခွင့်လွှတ်ကြကာ ဗုဒ္ဓ၏ဘာသာတရား အဆုံးအမနှင့် အေးချမ်းပြုံးပျော် ရင်းနှီးချစ်ကြည်သည့် လူ့ဘောင်သစ်တစ်ခုကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ နိုင်ငံသားတစ်ဦးအနေနှင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်ဗျား။

**သန်းဖြိုးနိုင် (ကညင်ကျိုး)**




တိမ်တမန်သီချင်းသည် ဂန္ထဝင်မြောက် မြန်မာသံစဉ်စစ်စစ် တေးတစ်ပုဒ်ဟု စာရေးသူက ဆိုချင်ပါသည်။ တိမ်တမန်ကို စာရေးသူက နှစ်သက်မြတ်နိုးစွာ နားသောတဆင်ခဲ့သလို ယခုလည်း နားဆင်ဆဲ ဖြစ်၏။ တိမ်တမန်သီချင်းကို ကြားရတိုင်း ၎င်း၏သံစဉ်တွင် နစ်မြောစီးဝင်နေတတ်သည်။ အနှီသီချင်း၏ တေးသွားတွင် ရှူးသွပ်ရင်းမည်သူ့ကို လွမ်းရမည် မသိသော စူးနစ်နစ် ဝေဒနာက စွဲကပ်နေတတ်၏။ ဤသည်ကပင် တိမ်တမန်၏ ထူးခြားချက် ဖြစ်၏။

တိမ်တမန်သီချင်းကို မူရင်းသီဆိုသူမှာ စန္ဒရားလှထွဋ် ဖြစ်၏။ ရေးသားသူမှာ ဂီတစာဆိုမောင်မောင်လတ် ဖြစ်သည်။ အမှတ်မှား၍ ကွဲပြားမှု ရှိပါက အမှန်အတိုင်းသာ မှတ်သားစေလိုပါသည်။ စန္ဒရားလှထွဋ်၏ သီဆိုသံ၊ သံစဉ်နှင့် စာသားတို့က နားဆင်ရသူအပေါင်းအား လွမ်းမောဖွယ်ရသကို ခံစားရရှိစေနိုင်သည်။ သို့ပေမဲ့ တိမ်တမန်သည် အချစ်အလွမ်းနှင့်နွှယ်သော မေတ္တာဘွဲ့တေးတစ်ပုဒ် မဟုတ်။ မည်သို့ပင်ဆိုစေ တိမ်တမန်ကို အသက်သွင်းသော စာဆိုရှင်နှင့် အဆိုရှင်တို့၏ အရည်အသွေးကို အထူးလေးစားမိ၏။ ဆိုရသော် မြန်မာသံစဉ်တေးများ၏ အဆင့်အတန်း မြင့်မားမှုကိုလည်း ဂုဏ်ယူမိသည်။

တိမ်တမန်၏အနက်သည် ရိုးရိုးပင် ဖြစ်၏။ မှိုင်းညို့ညို့တိမ်မည်းများက အနောက်တောင်လေနှင့်အတူ မျောပါစီးနင်းရင်း နိုးကြွားတက်ကြွသော မုတ်သုံလေအဖြစ် ဖန်ဆင်းကာ မြန်မာနိုင်ငံအတွက် မိုးရာသီကို ဖြစ်စေ၏။ တစ်နည်းအားဖြင့် မိုးရာသီ၏ သမိုင်းဖြစ်စဉ်အစဟု တင်စားချင်ပါသည်။ အနောက်တောင်ဘက်အရပ်မှ ကပ္ပလီပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော မုတ်သုံလေသည် မိုးရနံ့ ဖြိုင်ဖြိုင်သင်းလျက် မြင့်မားသော စိမ်းရင့်ရင့် အနောက်ရိုးမတောင်တန်းကြီးကို ကျော်ဖြတ်ပြီး သူချစ်သော အမိမြန်မာပြည်သို့ လက်ဆောင်အဖြစ် မိုးပုလဲပန်းတွေကို ခြွေချပေးနေသည်မှာ စာရေးသူ၏ အတွေးပုံရိပ်ထဲက သရုပ်ဖော်ခံစားချက် မည်၏။ ဤသို့ဆိုရာတွင် တိမ်တမန်တေးကဗျာကို သီကုံးသူ၏ မူရင်းအနက်ကို သက်ရောက်မှု မရှိသလို ကွဲလွဲမှုများ ရှိပါက ခွင့်လွှတ်ပါဟု ကြိုတင်တောင်းပန်လိုပါသည်။

တိမ်တမန်ကို စာရေးသူ၏ ရင်ဘတ်ထဲ၌ နေရာပေးခဲ့သည်မှာ နှစ်များ တော်တော်ကြာခဲ့လေပြီ။ သို့သော် စာရေးသူချစ်သော တိမ်တမန်က ဟိုတုန်းကနှင့်မတူ ၂၀၀၈ ခုနှစ်နောက်ပိုင်း နူးညံ့ရာမှ ခက်ထန်သော အသွင်ကို တဖြည်းဖြည်းဆောင်လာသည်။ တစ်နှစ်ထက်တစ်နှစ် အကြင်နာမဲ့သော အပြုအမူတွေ ပြလာခဲ့သည်။ သူချစ်သော အမိမြန်မာပြည်ကို မေတ္တာတွေ တစ်စတစ်စနဲ့ ခန်းခြောက်လာဟန်ပြသည်။ ယခုနှစ်တွင် မိုရာမုန်တိုင်းနှင့်အတူ တိမ်တမန်က ပူးတွဲကပ်ပါလာသည်။ သို့နှင့် ယခင်နှစ်များထက် ပိုစောပြီး ဝင်ရောက်လာသော်လည်း ပို၍ ဖောက်ပြန်လာသည်။ ပိုကဲလာသည်။ တိမ်တမန်ကို ချစ်မြတ်နိုးချင်စရာ မကောင်းတော့။

ဒီနှစ် မိုးဦး ကောင်းနေသည်၊ အနောက်တောင်မုတ်သုံလေသည် ဇွန်လဆန်းကတည်းက စတင်ဝင်ရောက်လာခြင်းနှင့်အတူ မိုးစက်မိုးပေါက်များကို ခပ်စိပ်စိပ် ဖြန့်ကြဲလာခဲ့ပြီး မြန်မာနိုင်ငံတစ်ခုလုံးကို လွှမ်းခြုံပစ်လိုက်သည်။ သူနှင့်အတူ တစ်ပါတည်း မိုးကြီးခြင်း၊ လေထန်ခြင်းများလည်း ပူးတွဲခွာတုံ ကပ်လျက်ပါရှိလာနေသည်။ မိုးရာသီ၏ အမူအကျင့်အရ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်စေခဲ့ပြီး မိုးသက်လေပြင်းကျရောက်ခြင်း၊ လှိုင်းကြီးခြင်း၊ မိုးကြီးခြင်းများ ဖြစ်ခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းဒေသနေ ပြည်သူတို့အား သတိပေးတပ်လှန့်မှုများ ပြုလုပ်ခဲ့ရသည်။

မြန်မာနိုင်ငံအတွင်း၌ ရေကြီး ရေလျှံမှု သဘာဝဘေးဒဏ်ကို နှစ်စဉ်ခံစားတွေ့ကြုံနေရသော ဒေသများသည် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။ ဇွန်လဆန်းမှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဝါဆိုဝါခေါင်မတိုင်မီကပင် ရေများဖွေးဖွေးလှုပ်အောင် ဖောင်နေခဲ့သည်။ မုတ်သုံလေနှင့်အတူ ခါးသီးသောအဖော်အဖြစ် ကပ်ငြိပါလာတတ်သည်က လေပြင်းမုန်တိုင်း ဖြစ်သည်။ ယခုနှစ်စ၌ပင် လေပြင်းတိုက်ခတ်မှုကြောင့် နေရာအနှံ့အပြား၌ သစ်ပင်နှင့် လူနေအဆောက်အအုံများ ပျက်စီးမှုများစွာ ရှိခဲ့သည်။

ထို့ပြင် မိုးဦးကျ၌ အဖြစ်များသော သဘာဝဘေးအန္တရာယ်တစ်ခုမှာ မြစ်ရေကြီးခြင်းနှင့် မြစ်ရေတိုက်စားမှု ဖြစ်သည်။ လောလောလတ်လတ် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ကာ လူနေအိမ်အချို့ပြောင်းရွှေ့ပေးနေရသည်။ ယခုမှ အစပင် ရှိသေးသည်။ မုတ်သုံက မည်သို့သော သဘာဝဘေးအန္တရာယ်များကို ရှေ့လျှောက် ထပ်မံဖန်တီးလိမ့်မည်ဟု မည်သူကမျှ ကံသေကံမ တပ်အပ်မပြောနိုင်။ ကြိုတင်ခန့်မှန်းခြင်းဖြင့်သာ ကာကွယ်နေရသည်။ မိုးက သည်းသည်းလှုပ် ရွာနေသဖြင့် ချောင်းများ၊ မြစ်များတွင် ရေချိန်အမှတ်များ မြင့်တက်လျက်ရှိနေသည်။ တိမ်တမန်၏ အမုန်းမိုးတွေက ဝေဒနာ ဗရပွနှင့် ဖြစ်နေ၏။

**တိမ်တမန်ကြောင့်**
**မြန်မာနိုင်ငံ တစ်နံ့တစ်လျား၌**
**စပါးနှံ အခက်အလက်များ**
**ဝေဝေဆာဆာနဲ့ မြိုင်ဆိုင်လှသည်ကို**
**ပုံဖော်ခြင်းဖြစ်သော်လည်း**
**လက်ရှိကာလ၌ ဤအဓိပ္ပာယ် မပေါက်။**

သို့သော် အထက်အညာဒေသအချို့၌ မိုးက ရွာချိန်တန် မရွာသဖြင့် ကျေးလက်များတွင် ရေခန်းခြောက်သည့် ဒုက္ခကို ကြုံတွေ့နေရပြန်သည်။ အထက်နှင့် အောက်အရပ် ဒေသအချို့၌ မိုးရွာသွန်းမှု အခြေအနေက ကပြောင်းကပြန် ဖြစ်နေ၏။ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသူအများစုမှာ သာမန် ပစ္စည်းမဲ့ အခြေခံလူတန်းစားများသာ ဖြစ်ကြပြီး ဆင်းရဲမှုဝဲကတော့အတွင်း တဝဲဝဲလည်နေကြပေလိမ့်ဦးမည်။

ဒါတင်မကသေးဘဲ စပါးပျိုးရမှ စိုက်ရမှ စားဝတ်နေရေး အဆင်ပြေသော တောင်သူလယ်သမားများအဖို့ ရေကြီးမှုကြောင့် ဒုက္ခတွင်းထဲ သက်ဆင်းရဖွယ် ရှိ၏။ သည်ပုံအတိုင်းသာဆိုလျှင် မြန်မာပြည်၏ စပါးကျီထဲ၌ စပါးအဝင် နည်းပေလိမ့်မည်ဟု တွေးပူရမည့်အခြေအနေ ဖြစ်သည်။ ဒါတင်မကသေးဘဲ ရေဘေးသင့် ပြည်သူဦးရေလည်း တိုးပွားလာနိုင်၏။

တိမ်တမန်တေးသီချင်းကို ပြန်ကောက်မည်ဆိုလျှင် တို့ပြည်သည်ကား ဆန်စပါး အသက်ပေ။ တို့ပြည်သည်ကား ဆန်စပါး အခက်ဝေဟု သီကုံးထားသည်ကို ဆန်းစစ်မိသည်။ တိမ်တမန်ကြောင့် မြန်မာနိုင်ငံ တစ်နံ့တစ်လျား၌ စပါးနှံ အခက်အလက်များ ဝေဝေဆာဆာနဲ့ မြိုင်ဆိုင်လှသည်ကို ပုံဖော်ခြင်းဖြစ်သော်လည်း လက်ရှိကာလ၌ ဤအဓိပ္ပာယ် မပေါက်။

တိမ်တမန်က သူချစ်သော မြန်မာပြည်ကို စပါးစိုက်ပျိုးရာတွင် အခက်တွေ့အောင် ပြည်သူတွေကို ဘေးဒုက္ခနှင့်တွေ့အောင် ဖန်တီးနေသယောင်ယောင် ထင်ရသည်။ မြန်မာနိုင်ငံကို အကျိုးမရှိ ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသည့် တိမ်တမန်ကို ရန်သူအဖြစ် သံသယဝင်လာသည်။ ထင်ရာစိုင်းနိုင်သည့် တိမ်တမန်၏ထိုးစစ်ကို ခံနိုင်ရည်ရှိရန် ပြည်သူတစ်ရပ်လုံးက အသိဉာဏ်ကတုတ်ဖြင့် ကြိုတင်ကာကွယ်ရမည်သာဖြစ်သည်။

သို့ဖြင့် စာရေးသူက စွဲမက်မြတ်နိုးသော်လည်း ပြည်သူတွေ အပေါ်ရန်သူလို ဆက်ဆံလာနေသည့် တိမ်တမန်ကို ခပ်ထေ့ထေ့လေး ပြောလိုက်ချင်ပါသည်။

'မိုးဦးလေထန် မုန်းရစ်လေဦးတိမ်တမန်' ဟူ၍သာ...။

**ကိုသောင်း ( ပညာရေး)**

The VOICE Daily

# CARTOON



# ပို့ကုန်ပစ္စည်းများ လိုင်စင်မလိုဘဲ တင်ပို့ခွင့်ပြုမည်

**ရန်ကုန်၊ ဇွန် ၂၉**

သွင်းကုန်ပစ္စည်းများကို လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုလျက်ရှိရာမှ ပို့ကုန်ပစ္စည်းများကိုလည်း လိုင်စင်မလိုဘဲ တင်ပို့ခွင့်ပြုရန် စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

မည်သည့် ပို့ကုန်ပစ္စည်းများကို လိုင်စင်မလိုဘဲ တင်ပို့ခွင့်ပြုမည်ကိုမူ စီးပွား/ကူးသန်းဝန်ကြီးဌာနက ဆွေးနွေးဆဲဖြစ်သည့်အတွက် လတ်တလော ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ယင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောဆိုသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သွယ်မှု လျင်မြန်စေရန်အတွက် သွင်းကုန်ပစ္စည်းများကို ၂၀၁၆ ခုနှစ်မတိုင်မီက လိုင်စင်လျှောက်ထား၍ တင်သွင်းခွင့်ပြုနေခြင်းမှ လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ ထပ်မံ၍ ပို့ကုန်ပစ္စည်းများကို ယင်းကဲ့သို့ ခွင့်ပြုရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

ထိုသို့ပြုလုပ်ပေးမည်ဆိုခြင်းမှာ ကောင်းမွန်ပြီး ခွင့်ပြုမည်ဆိုပါကလည်း နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်များကို အဓိကခွင့်ပြုပေးသင့်ကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် နိုင်ငံတကာ၌ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန် လိုင်စင်လျှောက်ထားရန် မလိုအပ်သည့် ကုန်ပစ္စည်းအမည်များအဖြစ် အဆင့်လိုက် ဖြေလျှော့ပေးလျက်ရှိရာမှ သွင်းကုန်ပစ္စည်း ၃၅၂ မျိုးကို ခွင့်ပြုပေးထားသည်။

■ S-04

# ပင်လယ်ရေကြောင်းဘက်က အဝယ်လိုက်၍ဆန်ဈေးတက်

**ရန်ကုန်၊ ဇွန် ၂၉**

မူဆယ်နယ်စပ်တွင်ကုန်သွယ်မှုနှေးကွေးနေသော်လည်း ပင်လယ်ရေကြောင်းဘက်က ဆန်အဝယ်များနေခြင်းကြောင့် ပြည်ပသို့ အဓိကပို့နေသော ဆန်ကြမ်းဈေးနှုန်းမြင့်တက်ကြောင်း ရန်ကုန်မြို့တော်၏ အဓိကဆန်ဈေးကွက်များဖြစ်သည့် ဘုရင့်နောင်နှင့် ဝါးတန်းဆန်ဈေးကွက်များအတွင်းမှ သိရသည်။

ထို့ပြင် ပြည်တွင်းအဓိကစားသုံးသည့် ဆန်ချောအမျိုးအစားများဖြစ်သည့် ရွှေဘိုပေါ်ဆန်းနှင့် ပေါ်ဆန်းဆန်အချို့သည်လည်း ပြည်တွင်းဝယ်လိုအားကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းများမြင့်တက်ပြီး ယခင်အပတ်ကထက် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်နှင့် ဆန်ချောတစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးတက်ကြောင်း ယင်းဆန်ဈေးကွက်အတွင်းမှ သိရသည်။

"ပေါ်ဆန်းကတော့ ပြည်တွင်းစားဆန်ဆိုတော့ တရိပ်ရိပ်လေးတက်နေတာပဲ။ ဆန်ကြမ်းကတော့ ပင်လယ်ရေကြောင်းဘက်က တင်ပို့မှုများနေတော့ ဈေးတက်လာတာပါ" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ပြောဆိုသည်။

လက်ရှိပြည်တွင်းဈေးကွက်အတွင်း ဆန်ချောအရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး ပြည်ပတင်ပို့မှုတွင်မူ ပင်လယ်ရေကြောင်းဘက်ကသာ တင်ပို့မှုအားကောင်းနေကာ မူဆယ် ၁၀၅ နယ်စပ်မှတစ်ဆင့် တင်ပို့မှုသည် တရုတ်အစိုးရဘက်မှ အဖမ်းအဆီးများ ပြုလုပ်နေခြင်းကြောင့် တင်ပို့မှု လျော့ကျနေကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၅,၀၀၀ ခန့်၊ မြောင်းမြပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၆,၀၀၀ နှင့် ၂၅ မှတ် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၇,၀၀၀ မှ ၁၇,၅၀၀ ခန့်ဈေးရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

■ S-04



ဓာတ်ပုံ - အောင်သီဟ

# Grab တက္ကစီများ၌ မိုဘိုင်းလ်ဖုန်းဖြင့် ငွေပေးချေနိုင်မည်

**ရန်ကုန်၊ ဇွန် ၂၉**

ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးအက်ပလီကေးရှင်းဖြင့် အငှားယာဉ်ဝန်ဆောင်မှုပေးသော Grab နှင့် ချိတ်ဆက်ထားသောတက္ကစီများတွင် မိုဘိုင်းလ်ဖုန်းဖြင့် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

အဆိုပါဝန်ဆောင်မှုကို Grab နှင့် ချိတ်ဆက်ထားသော တက္ကစီများကို တယ်လီနောနှင့် ရိုးမဘဏ်တို့ ပူးပေါင်းလုပ်ဆောင်ထားသော Wave Money ဖြင့် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း Grab ၏ မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ Mr. AmrtSagar က ပြောကြားသည်။

"ကျွန်တော်တို့ ယာဉ်မောင်းတွေ နေ့စဉ်ဝင်ငွေထွက်ငွေတွေကို စီမံရာမှာ အဆင်ပြေဖို့ ငွေကြေးကိုင်ဆောင်ဖို့ မလိုတော့ပါဘူး။ ဒါကြောင့် ပိုက်ဆံပျောက်တာတို့၊ ခိုးယူခံရတာတွေအတွက်လည်း စိတ်ပူဖို့မလိုတော့ဘူး" ဟု ၎င်းကဆိုသည်။

Wave Money က Grab ယာဉ်မောင်းများကို Wave e-money အကောင့်များ လုပ်ဆောင်ခြင်းများကို ကူညီသွားမည်ဖြစ်ပြီး ယာဉ်မောင်းအနေနှင့် e-money ဖြင့် ငွေပေးချေမှုများအတွက် ပိုက်ဆံ ပြန်လည်ထုတ်ယူရန် နီးစပ်ရာ Wave အေးဂျင့်ဆိုင်များတွင် ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

Grab ဝန်ဆောင်ပေးနေသော အငှားယာဉ်အရေအတွက်မှာ လာမည့် ဇူလိုင်လတွင် ငါးထောင်ကျော်အထိ ရှိလာမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

■ J-01

# နှမ်းဆီကို အမေရိကနှင့် ဂျပန်ဈေးကွက်သို့ တိုးချဲ့တင်ပို့မည်

**ရန်ကုန်၊ ဇွန် ၂၉**

ပြည်တွင်းထုတ်နှမ်းဆီကို အမေရိကနှင့် ဂျပန်ဈေးကွက်များသို့ တိုးချဲ့တင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

နှစ်စဉ် နှမ်းဆီကို တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး လက်ရှိအချိန်တွင် ပြည်တွင်း၌ နှမ်းဆီကို ၂၀ ရာခိုင်နှုန်းနီးပါး သုံးစွဲနေသဖြင့် ပြည်ပကိုလည်း တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုများ တိုးချဲ့ရန်လိုအပ်ကြောင်း ယင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်ဦးက ပြောကြားသည်။

"စီးပွားကူးသန်းကလည်း ဈေးကွက်ရှာပေးဖို့လိုသလို ကုန်သည်တွေဘက်ကလည်း ဈေးကွက်ရဲ့လိုအပ်ချက်ကို လိုက်ပြီး ထုတ်လုပ်ဖို့လိုတယ်။ အမေရိကန်ဘက်ကိုတော့ အခုမှပြန်ပြီးတင်ဖို့ကြိုးစားမှာပါ" ဟု ၎င်းကဆိုသည်။

ပြည်တွင်းထုတ် ပဲဆီ၊ နှမ်းဆီကို ပြည်ပသို့အများဆုံးတင်ပို့ပြီး ပဲဆီကို တန်ချိန်သုံးသိန်းနီးပါး တင်ပို့ကာ နှမ်းဆီကို တန်ချိန် နှစ်သိန်းနီးပါးသာ တင်ပို့နိုင်သေးကြောင်း၊ အချို့နှစ်များတွင် ရာသီဥတုအခြေအနေကြောင့် ပဲ၊ နှမ်း အထွက်နည်းပါးပြီး တင်ပို့မှုတန်ချိန် လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ပြည်တွင်းတွင် ပဲဆီနှင့် နှမ်းဆီ သုံးစွဲမှုမှာ ရာခိုင်နှုန်း ၄၀ နီးပါးရှိကြောင်း၊ လုပ်ငန်းရှင်များအနေနှင့် အရည်အသွေးကောင်းသည့် ထုတ်ကုန်များထုတ်ပြီး ပြည်ပပို့နိုင်ရန်အတွက် အစိုးရဘက်ကလည်း ချေးငွေများချပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ပြောကြားသည်။

■ J-13

**ဇွန်လ ၂၉ ရက်နေ့**
**စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ**

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13500 | 14000 | 13500 | - | 1806 | 24,509,000 |
| MTSH | 3900 | 3850 | 3850 | -50 | 8460 | 32,571,000 |
| MCB | 9000 | 9000 | 9000 | - | 0 | 0 |
| FPB | 26000 | 26000 | 26000 | - | 900 | 23,400,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 29.6.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၂ | ၁၅၃၈ | ၉၇၇ |
| ရောင်းဈေး(ကျပ်) | ၁၃၅၅ | ၁၅၄၀ | ၉၈၀ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 29.6.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၀၈,၀၀၀ (ဖွင့်) | ၉၀၇,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၄၅ (ဖွင့်) | ၁၂၅၀ (ပိတ်) |

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို  သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ပြပွဲ၊ ဖျော်ဖြေပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ကဗျာဆရာများရဲ့ ရန်ကုန်ကဗျာရွတ်ဆိုပွဲနဲ့ စာပေဟောပြောပွဲ



ရန်ကုန် နောက်ဖေးလမ်းကြား ဉယျာဉ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကဗျာဆရာများရဲ့ ရန်ကုန်ကဗျာရွတ်ဆိုပွဲနဲ့ စာပေဟောပြောပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ မနက်ပိုင်းအစီအစဉ်နဲ့ ညပိုင်းအစီအစဉ်ဆိုပြီး အစီအစဉ်နှစ်ခုခွဲထားပြီး ညပိုင်းမှာတော့ နောက်ဖေးလမ်းကြားကို မီးရောင်တွေနဲ့ အလှဆင်ပေးထားမှာဖြစ်ပြီး နေဘုန်းလတ်၊ ဂျင်မီ၊ သန်းမြင့်အောင်၊ မင်းကိုနိုင်တို့ရဲ့ စာပေဟောပြောပွဲအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို ဇူလိုင် ၂ ရက်နေ့၊ ၃၁ လမ်းနဲ့ ၃၂ လမ်းကြားက နောက်ဖေးလမ်းကြားမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## ရာပြည့်စာအုပ်တိုက်ရဲ့ ပရိုမိုးရှင်းအစီအစဉ်

စာပေချစ်သူတွေအတွက် ရာပြည့်စာအုပ်တိုက်ရဲ့ ပရိုမိုးရှင်းအစီအစဉ်ကို ပြောပြချင်တယ်။ စာအုပ်တွေကတော့ လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ ထေရာဘာသာပြန်ပေါင်းချုပ်၊ ပါမောက္ခဦးတင်ရွှေရဲ့ စာပေနှင့် စာပေသဘောတရားအဖွင့်၊ စာပေနှင့် အနုပညာအတွေးပုံရိပ်တွေ၊ မောင်ပေါ်ထွန်းရဲ့ စီးပွားရေးလုပ်ငန်းဆက်ဆံရေး ကျင့်ဝတ်များ၊ အထောက်တော်လှအောင်ရဲ့ သမီးတစ်ကောင်နွားတစ်ထောင် စတဲ့ စာပေမျိုးစုံကို ရွေးချယ် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ရာပြည့်နဲ့ ဖူးပွင့်ဝေစာအုပ်တိုက်တို့ကထုတ်လုပ်ထားတဲ့ စာအုပ်တွေကို ၂၀ရာခိုင်နှုန်းနဲ့ ကိုယ်စားလှယ်တွေအတွက် ၃၀ ရာခိုင်နှုန်း လျှော့ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အွန်လိုင်းကနေ ဝယ်ယူချင်တဲ့သူတွေအတွက်လည်း ၁၀ ရာခိုင်နှုန်းလျှော့ပေးသွားမှာဖြစ်ပါတယ်။ လိပ်စာက အမှတ် ၂၆ ၂၊ ပန်းဆိုးတန်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်ဖြစ်ပါတယ်။ ■

နောက်ထပ်ပွဲတစ်ခုကတော့ စိတ်ကျန်းမာရေးဆိုင်ရာတွေနဲ့ စိတ်ခွန်အားဖြည့်ကျန်းမာရေးဆိုင်ရာတွေကို အခမဲ့ ဆွေးနွေးနိုင်မယ့် အစီအစဉ်တစ်ခုကို ညွှန်းချင်တယ်။ ဒီအစီအစဉ်မှာ ပါရဂူ ဒေါက်တာကြည်ဖေလင်းက ကျန်းမာရေးဆိုင်ရာ ဗဟုသုတအချက်အလက်တွေကို တယ်လီဖုန်းနဲ့ လူတစ်ယောက်ကို ၁၅ မိနစ်နှုန်း အခမဲ့ ဆွေးနွေးဟောပြောပေးသွားမှာဖြစ်ပါတယ်။ ဟောပြောပွဲကို စိတ်ဝင်စားတယ်ဆိုရင်တော့ အွန်လိုင်းကနေ နာမည်စာရင်းကြိုတင်ပေးသွင်းနိုင်မှာဖြစ်ပြီး http://m.facebook.com/3lcmentalhealthysupport/ မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ■

## အထူးပရိုမိုးရှင်းတွေနဲ့ ဝယ်ယူနိုင်မယ့် Neuro-N Brain Booster



မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ FDA အသိအမှတ်ပြုဖြည့်စွက်အာဟာရဖြစ်တဲ့ Nutra Power ကုမ္ပဏီရဲ့ ပရိုမိုးရှင်း အစီအစဉ်ကို ညွှန်းချင်တယ်။ ဒီအစီအစဉ်မှာ (Neuro-N Brain Booster) ဦးနှောက်နဲ့ မှတ်ဉာဏ်ဖြည့်စွက်အာဟာရတစ်ဘူး ဝယ်ယူတာနဲ့ ၁၀ ရာခိုင်နှုန်းလျှော့ပေးသွားမှာဖြစ်ပြီး အမှတ်တရလက်ဆောင်အနေနဲ့ ထီးတွေကို လက်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒီပရိုမိုးရှင်းအစီအစဉ်ကို ဇွန် ၂၉ ရက်နေ့ကနေ ဇူလိုင် ၂ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၈နာရီအထိ Junction Center (Maw Tin) မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Calla Sigapore အမှတ်တံဆိပ်ရဲ့ နှုတ်ခမ်းနီ ပရိုမိုးရှင်းပွဲ

အလှအပနဲ့ပတ်သက်ပြီး စိတ်ဝင်စားတယ်ဆိုရင်တော့ Calla Sigapore အမှတ်တံဆိပ်ရဲ့ နှုတ်ခမ်းနီ ပရိုမိုးရှင်းပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ Calla နှုတ်ခမ်းနီဝယ်ယူသူတိုင်းကို ၂၀ ရာခိုင်နှုန်းလျှော့ပေးသွားမှာဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ Myanmar Idol ကနေ ပရိသတ်အားပေးမှုရလာတဲ့ တေးသံရှင် သားငယ်၊ ဘီလီလမင်းအေးတို့က တေးသီချင်းတွေနဲ့ ဖျော်ဖြေပေးသွားမှာဖြစ်ပြီး Beauty Blogger Phyodabyday ကလည်း အလှအပရေးရာတွေကို အသေးစိတ်ရှင်းလင်းပြောကြားသွားမယ့် အစီအစဉ်တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ဒီပွဲကို ဇူလိုင် ၁ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၉ နာရီအထိ ဂမုန်းပွင့် စံရိပ်ငြိမ်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## အိမ်၊ ခြံ၊ မြေအရောင်းပြပွဲ

အိမ်၊ ခြံ၊ မြေနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေအတွက် Shwe Property ကပြုလုပ်တဲ့ အိမ်၊ ခြံ၊ မြေအရောင်းပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ KBZ၊ AYA၊ CB၊ Yoma ဘဏ် စတဲ့ ဘဏ်တော်တော်များများက အိမ်ရာတွေ ဝယ်ယူဖို့ ချေးငွေပမာဏသိန်း ၂၀၀ ကနေစပြီး ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အွန်လိုင်းကနေ ကြိုတင်စာရင်းသွင်းထားတဲ့သူတွေအတွက်လည်း အထူးအစီအစဉ်တွေအနေနဲ့ ကံစမ်းမဲတွေ ဖောက်ပေးသွားမှာဖြစ်ပြီး ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို ဇွန် ၃၀ ရက်နေ့ကနေ ဇူလိုင် ၂ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ တပ်မတော်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## ကားအရောင်းပြပွဲ

ကားနဲ့ပတ်သက်ပြီး စိတ်ဝင်စားတယ်ဆိုရင်တော့ Mazda Monsoon Roadshow ပြုလုပ်ထားတဲ့ ကားအရောင်းပြပွဲကိုညွှန်းချင်တယ်။ ဒီပွဲမှာ SKYACTIV TECHNOLOGY က ထုတ်လုပ်ထားတဲ့ Mazda 2၊ Mazda 3၊ Mazda 6 နဲ့ CX-5 ကားတွေကို ရောင်းချပေးသွားမှာဖြစ်ပြီး အထူးလျှော့ဈေးတွေနဲ့ အမှတ်တရလက်ဆောင်အစီအစဉ်တွေပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်လိုင်စင်နဲ့ဝယ်ယူနိုင်မယ့်အခွင့်အရေးတွေနဲ့ Mazda ကားချစ်သူတွေအတွက်လည်း အထူးအစီအစဉ်တွေပြုလုပ်သွား မှာဖြစ်ပြီး ရောဝတီဘဏ်၊ CB ဘဏ်တွေနဲ့လည်း ချိတ်ဆက် အရစ်ကျဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီပွဲကို ဇူလိုင် ၃ ရက်နေ့ကနေ ၄ ရက်နေ့အထိ မြန်မာပလာဇာ မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## ၂ ညအိပ် ၃ ရက်ခရီးကို ၃၉၀၀၀ ကျပ်နဲ့ လည်ပတ်နိုင်မယ့် အစီအစဉ်

ဒီတစ်ပတ်တော့ ဝါဆိုလပြည့်နေ့မှာ ချစ်ခင်ရတဲ့သူတွေနဲ့ ခရီးတွေထွက်ဖို့ စီစဉ်ထားတယ်ဆိုရင် အခုညွှန်ပေးချင်တာကတော့ ၂ ညအိပ် ၃ ရက် ခရီးစဉ် ၂ ခုကို ရွေးချယ်လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဒီခရီးစဉ်တွေကတော့ မန္တလေး ပြင်ဦးလွင်-ကျောက်စိမ်းဘုရားနဲ့ ပုဂံ-ပုပ္ပါးခရီးစဉ်တွေ ဖြစ်ပါတယ်။ ခရီးစဉ် ၁ အတွက်က တန်ခိုးကြီး မဟာမြတ်မုနိဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ ရန်ကင်းတောင်၊ နန်းတွင်း၊ အတုမရှိကျောင်း၊ ရွှေကျောင်း၊ ရွှေကြီးမြင်ဘုရားတွေကို အရင်ဆုံးပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ပြီးရင်တော့ ပြင်ဦးလွင် ကန်တော်ကြီးဉယျာဉ်၊ ဘုံကျောင်း၊ ကိုးမြို့ရှင်နတ်နန်း၊ မဟာအံ့ထူးကံသာ၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြှောင်၊ ဦးပိန်တံတားနဲ့ ကျောက်စိမ်းဘုရားတွေကို ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ အမှတ်တရ လက်ဆောင်ပစ္စည်းဝယ်ယူချင်သူတွေအတွက် အိမ်ပြန်လက်ဆောင်တွေဝယ်ယူနိုင်အောင် စီစဉ်ပေးမှာ ဖြစ်ပါတယ်။

ခရီးစဉ် ၂ မှာ လည်ပတ်ရမယ့်နေရာတွေကတော့ ပုပ္ပါးတောင်နဲ့ ပုဂံမှာရှိတဲ့တန်ခိုးကြီးဘုရားတွေဖြစ်တဲ့ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ သဗ္ဗညု၊ အာနန္ဒာ၊ မနူဟာ၊ မြစေတီ၊ ပြာသာဒ်ကြီး၊ စွယ်တော်လေးဆူ၊ ဓမ္မရာဇက၊ ငှက်ပစ်တောင်၊ ညောင်ဦး၊ ပခုက္ကူ၊ ရွှေဂူကြီးတို့ကိုပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ခရီးစဉ်တွေအတွက် ဝန်ဆောင်မှုတွေကတော့ နေ့လယ်စာ ၂ နပ်နဲ့ ညစာ ၁ နပ်ပါဝင်ပြီး ခရီးစဉ်တစ်လျှောက်ကျွမ်းကျင်တဲ့ Guide တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ခရီးစဉ် ၂ ခုကနေ ကြိုက်တဲ့ခရီးစဉ်တစ်ခုကို ရွေးချယ်နိုင်မှာဖြစ်ပြီး ဈေးနှုန်းက လူတစ်ဦးကို ၃၉,၀၀၀ ကျပ်ဖြစ်ပါတယ်။ ခရီးစဉ်နဲ့ ပတ်သက်ပြီးအသေးစိတ်သိချင်တယ်ဆိုရင်တော့ Daddy Travel & Tour ဖုန်း ၀၉-၄၄၀၃၃၄၈၄၈ နဲ့ ၄၄၈၀၀၁၉၀၃ တို့ကို စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■

## Trance'portation 2@Warden Jetty, Boat Party




သင်္ဘောပေါ်မှာ Electronic သီချင်းတွေနဲ့ အတူကခုန်နိုင်မယ့် Trance'portation 2 @Warden Jetty, Boat Party ကိုညွှန်းချင်တယ်။ ဒီပွဲက သင်္ဘောကြီးပေါ်မှာ အစားအစာတွေစားပြီး ဂိမ်းအစီအစဉ်၊ အကသင်တန်းတွေ၊ မီးအကတွေ ပါဝင်မှာဖြစ်ပြီး Electronic သီချင်းတွေနဲ့အတူ Banana အဖွဲ့ရဲ့ ဖျော်ဖြေမှုတွေကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။ မိုးရာသီအတွင်းပြုလုပ်ပေးမယ့် ရာသီဥတုလုံခြုံရေးအတွက် သင်္ဘောဌာနနဲ့ ဆွေးနွေး တိုင်ပင်ပြီး လုံခြုံရေးတွေထားပေးထားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေကူးဂျက်ကက်တွေနဲ့ မိုးမပက်စေရန် မိုးအကာတွေလည်း ထားရှိပေးထားမှာပါ။ Trance'portation 2@Warden Jetty, Boat Party ကို ဇူလိုင် ၁ ရက်နေ့၊ မွန်းတည့် ၁၂ နာရီကနေ ည ၁၂ နာရီအထိပြုလုပ်သွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းက ၁၅၀၀၀ ကျပ်ဖြစ်ပါတယ်။ ပွဲနဲ့ ပတ်သက်ပြီး အသေးစိတ်စုံစမ်းချင်တယ်ဆိုရင် ဖုန်း ၀၉-၇၉၆၁၄၀၁၇၅ ကို ဆက်သွယ်စုံစမ်း မှာယူနိုင်ပါတယ်။ ■

## Kamiliant တံဆိပ်ရဲ့ ပရိုမိုးရှင်းအစီအစဉ်

ခရီးဆောင်အိတ်တွေဝယ်ဖို့ စီစဉ်ထားတဲ့ဆိုရင် Kamiliant တံဆိပ်ရဲ့ ပရိုမိုးရှင်းအစီအစဉ်ကို ညွှန်းချင်တယ်။ ဒီအစီအစဉ်မှာ Kamiliant တံဆိပ် ခရီးဆောင်အိတ်တွေကို ၂၀ ရာခိုင်နှုန်း လျှော့ပေးထားတာဖြစ်ပြီး အိတ်ဒီဇိုင်းအရောင် ခပ်မိုက်မိုက်လေးကြိုက်သူတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ Kamiliant အိတ်တိုင်းကို တစ်နှစ်အာမခံ ပေးထားတာဖြစ်ပြီး USA Brand ဖြစ်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင်တော့ Kamiliant Showroom တိုင်းမှာ ဝယ်ယူနိုင်မှာဖြစ်ပြီး အွန်လိုင်းကနေ ကြည့်ချင်တယ်ဆိုရင်တော့ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ■

## Parkson Member တွေ ပြုလုပ်ထားတဲ့ အထူးအစီအစဉ်



ဒီတစ်ပတ်တော့ ပြည်လမ်းနဲ့ ကျွန်းတောလမ်းထောင့်မှာဖွင့်ထားတဲ့ Parkson Junction Square မှာ Parkson Member တွေအတွက် အထူးအစီအစဉ်တွေကို ပြောပြချင်ပါတယ်။ ဒီအစီအစဉ်မှာတော့ သတ်မှတ်ထားတဲ့ ကုန်ပစ္စည်းတွေကို ၅၀ ရာခိုင်နှုန်းလျှော့ပေးသွားမှာဖြစ်ပြီး ပွိုင့် ၃ ဆရရှိနိုင်မယ့် အခွင့်အရေးတွေနဲ့ အတူ ၁၀၀,၀၀၀ ကျပ်ဝယ်ယူသူတိုင်းအတွက် ပရိုမိုးရှင်းအစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဇွန်လ ၃၀ ရက်နေ့ တစ်ရက်တည်းကို Happy Member Day သတ်မှတ်ထားတာမို့ ဝယ်ယူချင်တယ်ဆိုရင်တော့ Parkson Junction Square မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■

# The Beguiled

ဒီတစ်ပတ်တော့ ကမ္ဘာကျော် အမျိုးသမီး ဒါရိုက်တာတစ်ဦးဖြစ်တဲ့ Sofia Coppola ရိုက်ကူးတဲ့ The Beguiled ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလေးကို ညွှန်ပေးချင်ပါတယ်။ ဒီဇာတ်ကားနဲ့ပဲ Sofia Coppola က ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးဒါရိုက်တာဆုကိုရရှိခဲ့ပါတယ်။ စာရေးဆရာ Thomas P. Cullinan ရဲ့ဝတ္ထုကို ရိုက်ကူးထားတဲ့ The Beguiled ရုပ်ရှင်မှာတော့ သရုပ်ဆောင် Collin Farrell ၊ Nicole Kidman၊ Kristen Dunst၊ Elle Fanning တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ဇာတ်လမ်းကိုတော့ အမေရိကန်နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေတဲ့ကာလကို အခြေခံပြီး ဇာတ်အိမ်တည်ထားပါတယ်။ Amy ဆိုတဲ့ ကလေးမလေးက သူပညာသင်ကြားနေတဲ့ မိန်းကလေးကျောင်းကိုရောက်ဖို့ သုတ်သုတ်လေး လမ်းလျှောက်လာခဲ့ပါတယ်။ ကျောင်းကို အလာလမ်းမှာတော့ ဒဏ်ရာရနေတဲ့ စစ်သားတစ်ဦးဖြစ်တဲ့ John McBurney (Colin Farrell) ကို သူတွေ့ခဲ့ရပါတယ်။ သူက တာဝန်ကျရာ တပ်စုနဲ့ကွဲကွာပြီး လမ်းပျောက်နေတဲ့အတွက် အကူအညီလိုအပ်နေတဲ့ စစ်သားတစ်ယောက်ပါ။



ပြည်တွင်းစစ်မီး မငြိမ်းသေးတဲ့ကာလဖြစ်တာကြောင့် မိန်းမငယ်လေး Amy က လူစိမ်းတစ်ယောက်ကို ကူညီရမှာကို ကြောက်ရွံ့နေပါတယ်။ နောက်ပိုင်းမှာတော့ ဒဏ်ရာရနေတဲ့ John McBurney ကိုသနားကြင်နာသွားတဲ့စိတ်ကြောင့် သူနဲ့အတူ ကျောင်းကို လိုက်ခဲ့ဖို့ Amy က ခေါ်ဆောင်လာခဲ့ပါတယ်။ ကျောင်းကိုရောက်တဲ့အခါမှာတော့ မဖိတ်ခေါ်ဘဲရောက်လာတဲ့ လူစိမ်းတစ်ယောက်ကိုကျောင်းမှာ နေထိုင်ခွင့်ပြုရမလား၊ ပြန်လွှတ်ရမလားဆိုတာကို ကျောင်းအုပ်ဆရာမကြီး Martha Farnsworth (Nicole Kidman) တစ်ယောက် ဆုံးဖြတ်ရခက်နေပါတော့တယ်။

Amy တက်ရောက်နေတဲ့ကျောင်းမှာက ကျောင်းအုပ်ဆရာမကြီး Martha Farnsworth၊ ဆရာမ Edwina Dabney (Kristen Dunst)၊ ကျောင်းသူတွေဖြစ်တဲ့ Amy ၊ Alicia ၊ Jane ၊ Emily နဲ့ Marie တို့ အပါအဝင် မိန်းကလေးအနည်းငယ်သာ ရှိကြပါတယ်။ သူတို့ကျောင်းက သီးသန့်ကမ္ဘာလေးတစ်ခုလို ဖြစ်နေပြီး ပြင်ပဧည့်သည်လည်း အရောက်အပေါက်နည်းလှပါတယ်။ နောက်ဆုံးမှာတော့ ကျောင်းအုပ်ဆရာမကြီး Martha က လူသားချင်းစာနာတဲ့စိတ်ကြောင့် စစ်သား John McBurney ကို ကျောင်းမှာ ခေတ္တနားခိုဖို့ခွင့်ပြုလိုက်ပြီး ဒဏ်ရာတွေကိုလည်း ကုသပေးပါတယ်။

သိပ်မကြာခင်မှာတော့ John McBurney ရဲ့ ဒဏ်ရာတွေလည်း သက်သာပျောက်ကင်းလာခဲ့ပါတယ်။ သူက ကျောင်းအုပ်ဆရာမကြီး Martha Farnsworth၊ ဆရာမ Edwina ၊ ကျောင်းသူလေး Alicia တို့ကို ညှို့ငင်ဖြားယောင်းပြီး ဇာတ်လမ်းတွေရှုပ်ပါတော့တယ်။ တစ်နေ့မှာတော့ ကျောင်းအုပ်ဆရာမကြီး Martha Fansworth က Jonh McBurney ကို ကျောင်းသူမလေး Alicia နဲ့အတူ အိပ်ရာထဲမှာ ချစ်ရည်လူးနေတာကို တွေ့သွားခဲ့ရာမှာတော့ ဘာတွေဆက်ဖြစ်မလာမလဲဆိုတာ ဆက်လက်ရှုစားရမှာပါ။ ■

## ပျားရည်ဆမ်း ဒွိဟ

ဒီတစ်ပတ်တော့ အိမ်ထောင်ရေးတွေကြားမှာဖြစ်တတ်တဲ့ ပြဿနာတွေကို ရိုက်ကူးတင်ပြထားတဲ့ ပျားရည်ဆမ်းဒွိဟ ဆိုတဲ့ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ တိမ်ညို(ညီထွဋ်ခေါင်)က ချမ်းသာတဲ့ အသိုင်းအဝိုင်းကဖြစ်ပြီး မိဘစီးပွားရေးအလုပ်ဖြစ်တဲ့ ကုမ္ပဏီကို ဦးစီးလုပ်ကိုင်နေတာပါ။ ပျိုရွှယ်နုနယ် (ယုသန္တာတင်) က မိဘတွေမရှိတော့ဘဲ တိမ်ညိုတို့ ကုမ္ပဏီမှာ အလုပ်လုပ်နေရတာပါ။ ဘဝပေးအခြေအနေ ကွာခြားတဲ့ သူတို့နှစ်ယောက်က မကြာခင်မှာ ချစ်သူတွေဖြစ်သွားပြီး တိမ်ညိုက ပျိုရွှယ်နုနယ်ကိုလက်ထပ်ခွင့်တောင်းခဲ့တယ်။ တိမ်ညိုက ပျိုရွှယ်နုနယ်တို့နေထိုင်တဲ့ နယ်ဒေသအထိ လိုက်သွားပြီး အဘိုး၊ အဘွားတွေဆီ မှာ တောင်းရမ်းလက်ထပ်ခဲ့တယ်။ အဆင့်အတန်းကွာခြားတဲ့ ပျိုရွှယ်နုနယ်ကို တိမ်ညို့အစ်မက လုံးဝအမြင် မကြည်ခဲ့ဘူး။ အစ်မဖြစ်သူက အမျိုးမျိုးပြဿနာတွေ ရှာနေတာမို့ တိမ်ညိုနဲ့လည်း မကြာခဏ စကားများ ကြပြန်တယ်။ မောင်ဖြစ်သူနဲ့အဆင်မပြေလေ ပျိုရွှယ်နုနယ်အပေါ် တိမ်ညို့အစ်မက အမြင်တွေ ပိုစောင်းနေခဲ့တယ်။ တစ်နေ့တော့ တိမ်ညိုတို့ကုမ္ပဏီအတွက် ပစ္စည်းသစ်ကြော်ငြာရိုက်ဖို့အတွက် မျက်နှာသစ်ကောင်မလေး တစ်ယောက်ရှာနေချိန်မှာ ဂျစ်ဂျစ်ကန်ကန်ပုံစံလေး ပြောတတ်တဲ့ ရွှေမိုး (ဝါဆိုမြင့်အောင်)ကို ကမ်းလှမ်းခဲ့တယ်။



ရွှေမိုးက တိမ်ညို့အစ်မနဲ့ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ရဲ့သမီး ဖြစ်နေတာကြောင့် တိမ်ညို့ရဲ့ ကမ်းလှမ်းမှုကိုလက်ခံလိုက်တယ်။ ရွှေမိုးက တိမ်ညို ကိုတစ်ဖက်သတ် စိတ်ဝင်စားနေခဲ့ပြီး တိမ်ညိုကလည်း သူ့မှာအိမ်ထောင်ရှိတဲ့ အကြောင်း မပြောပြခဲ့ဘူး။ ဒီလိုနဲ့ သူတို့ကြားမှာ နောက်ဆုံး ဘာတွေဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာ ကျော်သားကြီးက ရိုက်ကူးထားတာ ဖြစ်ပြီး ညီထွဋ်ခေါင်၊ ယုသန္တာတင်နဲ့ ဝါဆိုမြင့်အောင်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။

## RITA ORA ရဲ့ OUR SONG



ဒီတစ်ပတ်တော့ ဗြိတိန်မှ အမျိုးသမီးအဆိုတော် Rita Ora ရဲ့ Our Song လို့အမည်ရတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်ပေးချင်ပါတယ်။ ဒီသီချင်းကိုတော့ အဆိုတော် Ed Shreen နဲ့ Steve Mac တို့ ပူးပေါင်းရေးသားပေးထားပြီး Ed Shreen က Backing Vocal အနေနဲ့ ပါဝင်အားဖြည့်သီဆိုပေးထားပါတယ်။ သီချင်းအကြောင်းအရာကတော့ အချစ်ကိုခံစားမိပြီး ပျော်ရွှင်ကြည်နူးနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့အကြောင်းကို ရေးသားစပ်ဆိုထားတာ ဖြစ်ပါတယ်။ ‘ကိုယ် အခုအလွမ်းအဆွေး သီချင်းတွေကို နားမထောင်ချင်တော့ဘူး။ အချစ်သီချင်းတွေကိုပဲ ကြားချင်တော့တယ်။ ပေါက်ကွဲတဲ့ သီချင်းတွေလည်း မဆိုချင်တော့ဘူး။ မင်းကြောင့်ဖြစ်တည်လာတဲ့ သီချင်းတစ်ပုဒ်ကိုပဲ ကိုယ်ဆိုချင်တော့တယ်’ ဆိုတဲ့ စာသားတွေက အချစ်ကို အရူးအမူးဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်တွေကို မြင်ယောင်ကြည့်လို့ရမှာပါ။ ဂီတဗီဒီယိုမှာတော့ Rita Ora ရဲ့ညှို့အားပြင်းတဲ့ ကကွက်တွေကို မြင်တွေ့ခံစားရမှာပါ။ အချစ်သီချင်း မြူးမြူးလေးတစ်ပုဒ်လောက် နားထောင်ချင်ရင်တော့ Rita Ora ရဲ့ Your Song သီချင်းကို You Tube မှာ အခုပဲ ဖွင့်ပြီးနားထောင်ကြည့်လိုက်ပါ။ ■





ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ယှဉ်ပြိုင်တေးစကား လေဒီစတား

သန့်ဇင်ဦး

## ညီထွဋ်ခေါင်


ဓာတ်ပုံ- သန့်ဇင်ဦး

ဒီပြဇာတ်မှာတော့ ကျွန်တော်က ပြင်ပက မိတ်ကပ်ပညာရှင် ညီညီမောင်(စမ်းချောင်း)ကို နည်းနည်းလေး Satire လုပ်ထားတဲ့ ပုံစံမျိုးလေး သရုပ်ဆောင် ရမှာပါ။ သူ့ပုံစံအတိုင်းလည်း ပြင်ဆင်ပြီး ကပြမှာပါ။ ဒီလိုလုပ်တဲ့အပေါ်မှာ လည်း စော်ကားလိုခြင်း မရှိပါဘူးလို့ ကြိုတင် တောင်းပန်ထားချင်ပါတယ်။ ကျွန်တော်တို့ကို ချပေးတဲ့ ဇာတ်ရုပ်တစ်ခုအပေါ်မှာ ပရိသတ်တွေကို ပျော်စေချင်တဲ့ စိတ်နဲ့ဖျော်ဖြေတင်ဆက်တာပါ။ ဒီပြဇာတ်မှာတော့ယောကျ်ားလေး အဖွဲ့နဲ့ မိန်းကလေး အဖွဲ့က သီချင်းအဆိုပြိုင်ကြမှာပေ့ါ။ ယောကျ်ားလေးတွေကတော့ မိန်းမလျာပုံစံမျိုး ဝတ်ထားမယ်။ မိန်းမလျာဆိုပေမယ့် ကျွန်တော်တို့က တတ်နိုင်သမျှတော့ မိန်းမအစစ်တစ်ယောက်လို ဣန္ဒြေရရလေး သရုပ်ဆောင်ကြမှာပါ။ ပြဇာတ်မှာတော့ ခေတ်ပေါ်သီချင်းလေးတွေကို အဆိုပြိုင်ကြမယ်။ အကျိုးပြုသီချင်းလေးတွေကို ပြိုင်ကြမယ်။ ကျွန်တော့်ရဲ့ နာမည်က တော့ ဒီပြဇာတ်မှာ ညီညီခေါင် (ရေမြောင်း) ပါ။ ပြင်ပက မိတ်ကပ်ပညာရှင် ညီညီမောင်( စမ်းချောင်း) ကိုလည်း လူကြီးတွေက ကြိုတင်ခွင့်တောင်းထားမယ်လို့တော့ ထင်ပါတယ်။ ဒီပြဇာတ်ထဲမှာလည်း သူ့ရဲ့ နာမည်လေးတစ်ခုကိုပဲ ယူထားတာပါ။ ကျန်တာကတော့ အများကြီးမပါပါဘူး။ ကျွန်တော့်ရဲ့ အပြင်အဆင်ပိုင်းကတော့ သူ့ရဲ့ပုံစံနဲ့တူအောင် စု၊ တု၊ ပြုလေးတော့ လုပ်ထားတာပေ့ါ။

## ဂျင်းနီ

ဒီပြဇာတ်မှာတော့ အမျိုးသမီးတွေအဖွဲ့နဲ့ မိန်းမလျာအဖွဲ့က အပြိုင်သဘောမျိုး ဟာသပြက်လုံးလေးတွေ လုပ်မယ်။ သီချင်းလေးတွေ ပြိုင်ကြမယ်။ စကားအပြောတွေ ပြိုင်ကြမယ်ပေ့ါ။ ဒီပြဇာတ်မှာ ခက်ခက်ခဲခဲ လုပ်ပြစရာတော့ မပါဘူးဆိုပေမယ့် ဘယ်အရာမှ တော့ မလွယ်ဘူးပေ့ါနော်။ ပြဇာတ်ကတာက သီချင်းဆိုတာလို ကိုယ်လုပ်နေကျ Professional အလုပ်မဟုတ်တဲ့ အခါကျတော့ နည်းနည်းလေးတော့ အားစိုက်ရတာပေ့ါ။ ပြဇာတ်တိုက်ရက်ကလည်း များများလေးတိုက်ထားတော့ စင်ပေါ်မှာ အဆင်ပြေလိမ့်မယ်တော့ ထင်တာပဲ။ ပြဇာတ်မှာ ကိုယ့်ထက် စီနီယာကျတဲ့ အစ်မတွေ လည်းပါတာဆိုတော့ သူတို့ကို ကြည့်ပြီး ကိုယ်လည်း မီးစင်ကြည့်ကရမှာပေ့ါ။


ဓာတ်ပုံ- သန့်ဇင်ဦး

ပြဇာတ်မှာတော့ ဂျင်းနီ ဆိုခဲ့တဲ့ ဂီတအစဘယ်သူက ဆိုတဲ့သီချင်းတစ်ပုဒ်တော့ ထည့်သုံးထားတယ်။ အရင်နှစ်တွေက အငြိမ့်ကတော့လည်း ပရိသတ်တွေ ကြိုက်ကြတယ်။ အားပေးကြတယ်။ ဒီနှစ်ကတဲ့ ပြဇာတ်လေးကို ကြည့်ပြီးရင်လည်း ရင်ထဲမှာ တစ်ခုခုတော့ ကျန်မှာပါလို့ ဂျင်းနီ ယုံကြည်ပါတယ်။

မြန်မာအမျိုးသမီးများနေ့
အထိမ်းအမှတ်အဖြစ်
ပြုလုပ်တဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့
မှုပြပွဲကို ရန်ကုန်မြို့ မြို့မကျောင်း
လမ်းမှာရှိတဲ့ အမျိုးသားကဇာတ်ရုံမှာ
ဇွန်လ ၂၉ ရက်နေ့နဲ့ ၃၀ ရက်နေ့တွေမှာ
ပြုလုပ်သွားမှာပါ။ ဒီပွဲမှာ နာမည်ကျော်
အနုပညာရှင်တွေပါဝင်တဲ့
'ယှဉ်ပြိုင်တေးစကား လေဒီစတား' ဆိုတဲ့
တစ်ခန်းရပ် ဟာသပြဇာတ်လေးကိုလည်း
တင်ဆက်ကပြခဲ့ပါတယ်။
ဒီပြဇာတ်မှာပါဝင်တဲ့ အနုပညာရှင်အချို့ရဲ့
ရင်တွင်းစကားသံတွေကို
The Voice က
စုစည်းဖော်ပြလိုက်ပါတယ်။

## မြတ်ကေသီအောင်

အစ်မက ဒီပြဇာတ်မှာ သိပ်ပြီး ထူးထူးခြားခြား လုပ်ပြစရာတော့ မရှိပါဘူး။ Presenter တစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ။ ပြဇာတ်လေးကတော့ ပရိသတ်တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ကြည့်ရမယ့် ပြဇာတ်လေးပါ။ ယောကျ်ားလေး အဖွဲ့နဲ့ မိန်းကလေးအဖွဲ့က သံချပ်ပြိုင်ပွဲလေး ပြိုင်ရတဲ့ ပုံစံမျိုးလေးပါ။ မကေရဲ့ နေရာကတော့ အပြင်က မတင်မိုးလွင်တို့လို Presenter တစ်ယောက် နေရာကပဲ။ ကိုယ့်နေရာက သိပ်ပြီးတော့ အဓိကမကျပါဘူး။ တစ်ခါတလေ ဟာသလေး ထဖောက်ပေးရမှာမျိုးတော့ ရှိတာပေ့ါ။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်တဲ့ ဖျော်ဖြေပွဲမှာ အရင် နှစ်တွေကလည်း မကေတို့ ပါဝင်ကူညီပေးခဲ့ပါတယ်။ အရင်နှစ်က ကခဲ့တဲ့ အကယ်ဒမီရွှေပန်းချီ အငြိမ့်ဆိုလည်း ပရိသတ်တွေသဘောကျခဲ့တာပဲလေ။ ဒီနှစ်မှာတော့ နည်းနည်းလေး ထူးထူးခြားခြား ဖြစ်သွားအောင် တစ်ခန်းရပ် ဟာသပြဇာတ်လေး ကကြတာပါ။ ရီဟာဇယ် တိုက်တုန်းက လာကြည့်တဲ့ သူတွေကတော့ အငြိမ့်ထက်ကိုပိုပြီး ကောင်းတယ်လို့တော့ ပြောကြပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)


ဓာတ်ပုံ- သန့်ဇင်ဦး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အတွက် တစ်ခန်းရပ် ဟာသပြဇာတ်လေး စီစဉ်ပေးပါလို့ ပြောတဲ့အတွက် ပါဝင်ကူညီပေးဖြစ်တာပါ။ ပြဇာတ်ကိုလည်း အချိန်ပေးပြီးတော့ တိုက်ထားကြတယ်။ ပရိသတ်တွေ ပွဲကျမယ့် ဟာသ ပြက်လုံးလေးတွေကိုတော့ အားလုံးတိုင်ပင်ပြီး စဉ်းစားထားကြတာပေ့ါ။ ပြဇာတ်စစ်စစ်ကြီးတော့လည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ကမှာက တစ်ခန်းရပ်ပြဇာတ်လို ပုံစံမျိုးပါပဲ။

ဒီဘက်က မိန်းမလျာလို ဝတ်ထားတဲ့ ယောကျ်ားလေးအဖွဲ့နဲ့ မိန်းကလေးအဖွဲ့က ပြိုင်ပွဲလေးတစ် ခုပြိုင်ကြတယ်ပေ့ါ။ သီချင်းဆိုလေးတွေ ပြိုင်ကြတယ်။ သံချပ်လေးတွေ ပြိုင်ကြတယ်ပေ့ါ။ မင်းသမီးတွေလည်း ပါနေတဲ့အတွက် ပြက်လုံးတွေကို အပြင်းစားကြီးတော့ မလုပ်ထားဘူး။ ပေ့ါပေ့ါပါးပါးပုံစံမျိုးလေးပဲ လုပ်ပေးထားပါတယ်။ ပြက်လုံးတွေမှာလည်း အပြုသဘောဆောင်ပြီး ပြောထားတာပဲရှိပါတယ်။ အပျက်သဘော ပြောတာမျိုး မပါပါဘူး။လက်ရှိဖြစ်ပျက်နေတဲ့ အကြောင်းအရာလေးတွေပေါ်မှာပဲ ပြက်လုံးလေးတွေဆင်ထားတာပါ။ ပရိသတ်တွေ သဘောကျကြမယ်လို့ လည်း ယုံကြည်ပါတယ်။

## ပိုင်ဖြိုးသု

ဒီပြဇာတ်မှာ ညီမက မိန်းကလေးအဖွဲ့မှာ သီချင်းဆိုဝင်ပြိုင်မယ့် ပြိုင်ပွဲဝင်တစ်ယောက်အနေနဲ့ ပါဝင်ရမှာပါ။ ညီမကကျတော့ ရုပ်ရှင်ပဲ ရိုက်တာဆိုတော့ ပြဇာတ်ကတဲ့ အတွေ့အကြုံသိပ်မရှိဘူး။ စင်အတွေ့အကြုံ နည်းနေသေးတယ်။ အဲ့ဒါကြောင့် ပြဇာတ်ကရတာ နည်းနည်းတော့ ကြောက်တယ်။ သရုပ်ဆောင်တာထက် ပြဇာတ်ကရတာက ပိုခက်တယ်လို့ ပြောလို့ရမှာပေ့ါနော်။ ပရိသတ်တွေနဲ့လည်း တိုက်ရိုက်ထိတွေ့ရတာ ဆိုတော့လေ။ တစ်ခုခုဆို အမှားမခံဘူး။ စင်ပေါ်မှာ အမှားအယွင်း တစ်ခုဖြစ်သွားရင်လည်း ကိုယ်က ချက်ချင်းပြန်ပြီး ထိန်းနိုင်မှရမှာလေ။ ရုပ်ရှင်ကျတော့ ညီမတို့ မှားသွားရင်တောင် ပြန်ရိုက်လို့ရတယ်၊ ကိုယ်မကြိုက်ရင် ပြန်လုပ်ခွင့်ရှိတယ်။ စင်ပေါ်မှာကျတော့ တစ်ကြိမ်တည်းနဲ့ ပရိသတ်ကို အဆင်ပြေပြေဖျော်ဖြေနိုင်အောင် ကြိုးစားရမှာပေ့ါ။


ဓာတ်ပုံ- သန့်ဇင်ဦး

အဲ့ဒါကြောင့် ပြဇာတ် ကရတာ ပိုပြီး တာဝန်ကြီးပါတယ်။ ညီမ အတွက် သိပ်မလုပ်ဖူးတဲ့ အလုပ်တစ်ခုဖြစ်နေတော့ ရင်လည်း ခုန်ပါတယ်။ အတွေ့အကြုံတွေလည်း အများကြီးရမယ်လို့ ထင်ပါတယ်။



ဓာတ်ပုံ - သန္တာဗို Facebook Page

# အချစ်ရေးက ပိုပြီးတော့ နားလည်မှုရှိလာတယ်၊ ရန်မဖြစ်ကြတော့ဘူးဆိုတဲ့ သန္တာဗို

**ရန်ကုန်၊ ဇွန် ၂၉**

လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကောင်းပြည့်နဲ့ ချစ်သူဖြစ်နေတဲ့ သရုပ်ဆောင် သန္တာဗိုက အချစ်ရေးကတော့ နှစ်ယောက်ကြားမှာ ပိုပြီးတော့ နားလည်မှုရှိလာကြသလို၊ ရန်လည်း မဖြစ်ကြတော့ပါဘူးလို့ The Voice ကို ပြောကြားပါတယ်။

"ညီမတို့ နှစ်ယောက်က အရင်ကထက်ပိုပြီးတော့ နားလည်မှု ရှိလာကြတယ်။ ရန်ဖြစ်တာတွေတော့ နည်းသွားပါတယ်။ နှစ်ယောက်လက်တွဲဖို့ကတော့ ရည်မှန်းထားတဲ့ အချိန်လေးတစ်ခုတော့ရှိတာပေါ့နော်။ လက်ရှိကတော့ နှစ်ယောက်လုံးလည်း ကြိုးစားနေတဲ့အချိန်ဆိုတော့ လိုပါသေးတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ချစ်သူ ကောင်းပြည့်နဲ့ ဗီဒီယိုဇာတ်ကားတစ်ကား ရိုက်ကူးထားပြီး၊ ဆက်လက် ရိုက်ကူးသွားဖို့လည်း အစီအစဉ်ရှိကြောင်း၊ နှစ်ယောက် ရည်မှန်းချက်တွေ ပြည့်စုံလာတဲ့အချိန်မှာတော့ ဘဝတစ်ခုကို အတူရင်ဆိုင်ဖြတ်သန်းသွားဖို့ ဆုံးဖြတ်ထားကြကြောင်း သရုပ်ဆောင် သန္တာဗိုက ပြောကြားပါတယ်။

"ဇာတ်ကားက ညီမတို့ နှစ်ယောက်တိုင်ပင်ပြီး ရိုက်ဖြစ်တာတော့ မဟုတ်ပါဘူး။ ထုတ်လုပ်သူက ညီမတို့ နှစ်ယောက်တွဲပြီး ဇာတ်ကားလေး ရိုက်ချင်တယ်လို့ ကမ်းလှမ်းလာတဲ့အတွက် ရိုက်ဖြစ်တာပါ။ နှစ်ယောက်က ချစ်သူတွေလည်း ဖြစ်နေတော့ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားလေ။ ရိုက်ကွင်းမှာတော့ အခက်အခဲမရှိပါဘူး။ အဆင်ပြေပါတယ်" လို့ ၎င်းကဆိုပါတယ်။ ❍




## "ကျွန်မရဲ့ ပရဟိတလှုပ်ရှားမှုတွေဟာ ယိုကိုအိုနိုနဲ့ ဂျွန်လင်နွန်တို့ကို အားကျလို့ဖြစ်ပါတယ်" လေဒီဂါဂါ

အများအကျိုးကူညီတဲ့ လုပ်ငန်းတွေ လုပ်ဖြစ်စေရန်အတွက် ယိုကိုအိုနိုနဲ့ ဂျွန်လင်နွန်တို့ရဲ့ ပရဟိတလှုပ်ရှားမှုတွေက အားကျစရာ ဖြစ်ခဲ့တယ်လို့ လေဒီဂါဂါက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တေးသံရှင် လေဒီဂါဂါ ဟာ Born This Way ဖောင်ဒေးရှင်းကို ၂၀၁၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီးတော့ ပရဟိတလှုပ်ရှားမှုအတော်များများမှာ ထောက်ပံ့ကူညီမှုတွေ ပေးခဲ့ပါတယ်။

အများကောင်းကျိုး လုပ်ရပ်တွေအတွက် လေဒီဂါဂါကို ချီးကျူးဂုဏ်ပြုကြပေမယ့် သူမကတော့ ကွယ်လွန်သွားတဲ့ ဘီတယ် တေးသံရှင် ဂျွန်လင်နွန်နဲ့ သူ့ချစ်သူ ယိုကိုတို့ရဲ့ ရှေ့ဆောင်လမ်းပြမှုကြောင့် ပြုလုပ်ဖြစ်တာလို့ ဆိုထားပါတယ်။

"ကျွန်မဟာ ယိုကိုအိုနိုရဲ့ ပရိသတ်တစ်ယောက်ဖြစ်ပြီးတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ သူမရဲ့ ခင်ပွန်းသည်နဲ့အတူ လုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်တွေကို အားကျခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာချက်ထုတ်တဲ့အချိန်မှာတောင် သူတို့ဟာ သိပ်ကို ရိုးရှင်းစွာ ဆောင်ရွက်ခဲ့ကြပါတယ်" လို့ လေဒီဂါဂါက ဆိုပါတယ်။

အသက် ၃၁ နှစ်အရွယ် ဂီတ စတား လေဒီဂါဂါဟာ ကျောင်းသားငယ်များအတွက် ပညာရေးအစီအစဉ်အဖြစ် ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ပါတယ်။

မကြာသေးခင်ကမှ နွမ်းပါးတဲ့ဒေသက ကျောင်းတွေကိုလည်း သွားရောက်လည်ပတ်ခဲ့ပြီး ဆယ်ကျော်သက်တွေနဲ့ စကားပြောခဲ့ပါသေးတယ်။

လေဒီဂါဂါဟာ LGBTQ လို့ ခေါ်ကာ အကြမ်းအားဖြင့် လိင်တူ လိင်ကွဲ နှစ်သက်သူများလို့ ဆိုနိုင်သူများ လောကအတွက်လည်း တန်းတူရပ်တည်ခွင့်ဝင်ရောက်လှုပ်ရှားပေးနေသူ ဖြစ်ပါတယ်။

❍F-02

# "ကိုကြံ့တို့နိုင်ငံရဲ့ ဈေးကွက်က စားသုံးသူအကြိုက်ကို ဖန်တီးသူက လိုက်ပေးနေရတယ်။ သူများနိုင်ငံတွေမှာက ဖန်တီးသူနောက်ကို စားသုံးသူက လိုက်ရတယ်"



ဓာတ်ပုံ- ဝင်းထွန်းနိုင်

## ကျော်ကျော်ဗိုနဲ့ တွေ့ဆုံခြင်း ▶ ဝင်းထွန်းနိုင်

**လတ်တလောမှာ 'Ride On Europe' ခရီးစဉ်ထွက်နေတဲ့ သရုပ်ဆောင်ကျော်ကျော်ဗိုနဲ့တွေ့ဆုံပြီး မကြာခင် ရိုက်ကူးတော့မယ့် 'Rose Rider' ရုပ်ရှင်ကားအကြောင်းနဲ့အတူ ရုပ်ရှင်လောကရဲ့ ဈေးကွက်အခြေအနေအကြောင်းများကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: ဩဂုတ်လထဲမှာ ရိုက်ကူးတော့မယ့် 'Rose Rider' ရုပ်ရှင်ကားမှာသုံးမယ့် ဆိုင်ကယ်တွေက အဆင်သင့်ဖြစ်နေပြီလား၊ ကိုယ်တိုင်ဆိုင်ကယ်စီးပြီး စတန့်တွေ ပြသွားမယ့်အစီအစဉ်ပါလား။**

**KKB:** ဒီကားမှာ သုံးမယ့်ဆိုင်ကယ်တွေကတော့ အဆင်သင့်ဖြစ်နေပါပြီ။ လောလောဆယ်မှာ လိုအပ်တဲ့ ဆိုင်ကယ်ကိုယ်ထည်ပစ္စည်းတွေကို တပ်ဆင်နေပါတယ်။ ပြီးတော့ ကိုကြံ့တို့ကတော့ ဆိုင်ကယ်ကို စီးရုံပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ စတန့်ကျတော့ လွယ်လွယ်ကူကူ စီးတတ်ရုံနဲ့ ပြလို့မရပါဘူး။ အမြဲတမ်းကို လေ့ကျင့်နေမှရတာဆိုတော့ လေ့ကျင့်ပြီးသား အပြင်က ညီအစ်တွေရဲ့အကူအညီယူပြီး ရိုက်ရမှာပါ။

**Voice: ဇာတ်လမ်းကလည်း ရိုက်နေကျပုံစံမဟုတ်ဘူးလို့ သိရတယ်၊ ဘယ်လိုစိတ်ကူးရသွားတာလဲ။**

**KKB:** ဒီကားက ကိုကြံ့ခရီးတွေသွားရင်း စိတ်ကူးရလာတာနဲ့ နေတိုးနဲ့ တိုင်ပင်ပြီး ရိုက်ဖြစ်သွားတာပါ။ ပြီးတော့ ဇာတ်လမ်းပုံစံကလည်း မြန်မာ့ရုပ်ရှင်လောကမှာ ရိုက်လေ့ရိုက်ထမရှိတဲ့ ပုံစံပေါ့နော်။ မြန်မာနိုင်ငံမှာက ဆိုင်ကယ်ယဉ်ကျေးမှုက ကန့်သတ်ချက်လေးတွေ ရှိနေတဲ့အတွက် သိပ်မထွန်းကားဘူး။ ဒါပေမဲ့ တခြားနိုင်ငံတွေမှာက အရမ်းထွန်းကားတယ်။ သူတို့မှာ ဆိုင်ကယ်နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတစ်ခုရှိတယ်။ မြန်မာနိုင်ငံမှာက ပျောက်ကွယ်နေတော့ သိပ်မသိကြဘူး။ အဓိက အဲဒါကို ကိုကြံ့တို့က ပြချင်တာပါ။ ပြီးတော့ ဇာတ်ရဲ့တင်ပြပုံအရလည်း ပရိသတ်ကို အသစ်လေးတစ်ခု ပေးချင်တယ်။ အဲဒါကြောင့် အခက်အခဲတွေလည်းရှိပါတယ်။ ဒါပေမဲ့ ကိုကြံ့တို့ ဝမ်းသာပါတယ်။ ကိုကြံ့တို့ စလိုက်တဲ့ ဇာတ်လမ်းတစ်ခုက လူမှုကွန်ရက်မှာ အားလုံးက မင်းလည်း ဆိုင်ကယ်၊ ငါလည်း ဆိုင်ကယ်ဖြစ်ကုန်ကြပြီလေ။

**Voice: ပါဝင်မယ့်မင်းသမီးကို အသစ်ထဲကနေ ရွေးချယ်ဖြစ်တာက အနုပညာလောကအတွက် မင်းသမီးအသစ် ထပ်တင်ချင်လို့လား၊ ဇာတ်ကားကို ပရိသတ် ပိုစိတ်ဝင်စားစေချင်လို့လား။**

**KKB:** ကိုကြံ့တို့ကတော့ နှစ်ခုစလုံးအတွက် အသစ်ကို ရွေးဖြစ်တာပါ။ ဒီကားမှာ အသစ်တစ်ယောက်ကို ပရိသတ်မြင်စေချင်တယ်။ ပြီးတော့ အနုပညာလောကအတွက်လည်း အသစ်တစ်ယောက်ဖြစ်စေချင်တယ်။ ထပ်တိုးလာတော့လည်း ကောင်းတာပေါ့နော်။ ပရိသတ်ချစ်စရာ နောက်တစ်ယောက်တိုးလာတာပေါ့။

**Voice: ကိုယ်တိုင်က ဇာတ်ကားတွေကို ဆက်တိုက်ရိုက်နေပေမယ့် ပရိသတ်တွေက သရုပ်ဆောင်ဘက်မှာ သိပ်မတွေ့ရဘူးလို့ ပြောနေကြတယ်။**

**KKB:** ကိုကြံ့အနေနဲ့ ဇာတ်ကားတွေကို ဆက်တိုက်ရိုက်ပေမယ့် လှုပ်ရှားမှုတွေကို လူမှုကွန်ရက်မှာ မတင်တော့ဘူး။ ဒါကလည်း ပရိုဂျူဆာတွေအတွက် ကိုကြံ့ ပြန်စဉ်းစားပေးတာပါ။ သရုပ်ဆောင်တစ်ယောက်က ရိုက်ကွင်းပုံရိပ်တွေကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်ကနေ ပရိသတ်ကို ဖြန့်ဝေပေးတာဟာ ကောင်းတဲ့အပြုအမူအလေ့အထပါပဲ။ ပရိသတ်ကလည်း ကိုယ်ဘာလုပ်နေတယ်ဆိုတာကို သိရတာပေါ့နော်။ ဒါပေမဲ့ ကိုယ့်ရဲ့ဇာတ်ရုပ်၊ ကိုယ့်ရဲ့ဝတ်စားဆင်ယင်မှုနဲ့အတူ ရိုက်ကွင်းနေရာတွေအကုန်လုံးကို ပရိုဂျူဆာက လျှို့ဝှက်ထားပြီး ရုံမတင် ရသေးတဲ့အချိန်မှာ ဇာတ်ကားရဲ့ပုံရိပ်တွေက ကြိုပြီး တက်သွားတာမျိုး မဖြစ်စေချင်ဘူး။ အဲဒါကြောင့် ပုံမတင်ဖြစ်ဘူး။ ကိုကြံ့ပုံမတင်တော့ ကားမရိုက်ဘဲ ခရီးချည်းပဲ ထွက်နေတယ်လို့ ပရိသတ်က ထင်နေကြတာပါ။ အမှန်တော့ ကိုကြံ့က ကားရိုက်နဲ့ခရီးသွားတာကို မျှအောင်လုပ်နေပါတယ်။

**Voice: ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ 'မင်းလည်း ဘိုကေ၊ ငါလည်းဘိုကေ' ရုပ်ရှင်ကားက ရုံဝင်ငွေအရရော၊ ပရိသတ်အားပေးမှုအရပါ အောင်မြင်ပေမယ့် အနုပညာစံနှုန်းမမီဘူးလို့ ထောက်ပြကြတာမျိုးတွေရှိတယ်၊ အဲ့ဒီအပေါ်ဘာပြောချင်လဲ။**

**KKB:** အနုပညာဆိုတာကတော့ သူ့စံနှုန်းနဲ့ သူရှိသလို ပရိသတ်ကအားပေးမှု အတိုင်းအတာလည်းရှိတယ်။ ဒါပေမဲ့ ဘယ်သူကမှတော့ ပျက်စီးရာပျက်စီးကြောင်း မလုပ်ပါဘူး။ ကိုကြံ့တို့အနေနဲ့ အတင်းကြီးလည်း မဖြစ်ဖြစ်အောင် ဖန်တီးယူခဲ့ကြတာမဟုတ်ဘူး။ ကိုကြံ့တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက်နဲ့ အခြေအနေ၊ အချိန်အခါအပေါ်မှာ မူတည်ပြီး ဖန်တီးခဲ့ကြတာပါ။ ပြီးတော့ ကိုကြံ့ခဏခဏပြောဖူးပါတယ်။ ကိုကြံ့တို့နိုင်ငံရဲ့ ဈေးကွက်က စားသုံးသူအကြိုက်ကို ဖန်တီးသူက လိုက်ပေးနေရတယ်။ သူများနိုင်ငံတွေမှာက ဖန်တီးသူနောက်ကို စားသုံးသူကလိုက်ရတယ်။ အဲဒီနှစ်ခုက မတူဘဲနဲ့ ဇောက်ထိုးဖြစ်နေတယ်။ တကယ်လို့ အဲ့ဒီနှစ်ခုတည့်သွားမယ်ဆိုရင်တော့ သူတို့ လိုချင်တဲ့ စံနှုန်းပြည့်ကားတွေ ထွက်လာပါလိမ့်မယ်။

**Voice: လက်ရှိမှာ ပရိသတ်နောက်ကို ဖန်တီးသူက လိုက်နေရပေမယ့် ဖန်တီးသူနောက်ကို ပရိသတ်က ပြန်လိုက်လာဖို့ အရိပ်အယောင်တွေ တွေ့နေရတယ်လို့ ပြောထားဖူးတော့ အချိန်နီးနေပြီလား။**

**KKB:** ဒါကတော့ အနုပညာသမားတိုင်းရဲ့ရင်ထဲမှာရှိတဲ့ဆန္ဒပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုကြံ့တို့က ဈေးကွက်အရ၊ စီးပွားရေးအရ အနုပညာဖန်တီးမှုဆိုတာထက် ဖန်တီးမှုကိုဦးစားမပေးရဘဲနဲ့ ပရိသတ် အာသီသကိုပဲ ဦးစားပေးပြီး လိုက်လုပ်နေရတယ်။ အဲဒါကြောင့် ဖန်တီးမှုစွမ်းရည်တွေ ကျဆင်းလာသလို ပရိသတ်တွေအနေနဲ့လည်း ဖန်တီးမှုအသစ်အဆန်းတွေကို မကြည့်ရ၊ မခံစားရတော့ဘူးပေါ့နော်။ ဒါပေမဲ့ လက်ရှိမှာတော့ ပြောင်းလဲလာမှုလေးတွေ မြင်လာရပါတယ်။ အဓိက ဖန်တီးသူနောက်ကို ခံစားသူ လိုက်လာတာက အနုပညာလောကအတွက် တကယ်ကို ဝမ်းသာစရာပါပဲ။

# ကမ္ဘာ့တီထွင်မှုအညွှန်းကိန်း ၂၀၁၇ တွင် အာရှ၌ စင်ကာပူ ပထမနေရာချိတ်

**စင်ကာပူ၊ ဇွန် ၂၉**




ကမ္ဘာ့အသိဉာဏ်မူပိုင်ခွင့်အဖွဲ့ (WIPO) နှင့် ကော်နဲလ်တက္ကသိုလ်တို့ ပူးပေါင်း ထုတ်ပြန်သည့်ကမ္ဘာ့တီထွင်မှု အညွှန်းကိန်း GII (Global Innovation Index, 2017) တွင် စင်ကာပူနိုင်ငံသည် အာရှ၌ အဆင့်တစ်ချိတ်ကာ ရပ်တည်နိုင်ခဲ့ပြီး၊ ကမ္ဘာ့ အဆင့် နံပါတ် ၇ ဖြစ်ကြောင်း Open Gov Asia သတင်းတွင် ဖော်ပြထားသည်။

GII ကထုတ်ပြန်ချက်အရ နိုင်ငံတစ်နိုင်ငံ၏ တီထွင်မှုနှင့် တိုးတက်မှုများကို တိုင်းတာရာ၌ အချက်ငါးချက်အပေါ် အခြေခံခဲ့ကြောင်း၊ (၁) နိုင်ငံအဖွဲ့အစည်း (၂) လူသားရင်းမြစ်နှင့် သုတေသန (၃) အခြေခံအဆောက်အအုံ (၄) ဈေးကွက်အတွေ့အကြုံ (၅) လုပ်ငန်းအတွေ့အကြုံများပေါ်တွင် အခြေခံကာ ဆုံးဖြတ်တိုင်းတာပြီးမှ သတ်မှတ် ပေးခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

GII အညွှန်းကိန်းတွင် နိုင်ငံတစ်နိုင်ငံ Output အနေနှင့် စီးပွားရေးကို အခြေခံပြီး တိုင်းတာရာ၌လည်း စင်ကာပူနိုင်ငံသည် အသိပညာနှင့် အတတ်ပညာပိုင်းအပြင်၊ ဆန်းသစ်သော တီထွင်လုပ်ဆောင်မှုများကို သူမတူအောင် လုပ်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရကြောင်း ရေးသားထားသည်။

ကမ္ဘာ့အဆင့် တီထွင်မှုအညွှန်းကိန်းထိပ်တွင် ဆွစ်ဇာလန်၊ ဆွီဒင်၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန် နိုင်ငံတို့က အစဉ်လိုက် နေရာယူထားကြောင်း၊ ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ့တီထွင်မှု အညွှန်းကိန်းတွင် ၇ နှစ် ဆက်တိုက် ပထမနေရာကို ယူထားသည့် နိုင်ငံဖြစ်ကြောင်းလည်းဖော်ပြထားသည်။

အစီရင်ခံစာ၌ ကမ္ဘာ့ဝင်ငွေအနည်းဆုံးနှင့် အလယ်အလတ်စာရင်းဝင် နိုင်ငံ ၁၇ နိုင်ငံစာရင်းတွင်ပင် ကင်ညာနှင့် ရဝမ်ဒါကဲ့သို့သော နိုင်ငံများသည် တီထွင်မှုများကို အပြိုင်အဆိုင်လုပ်လာကြကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ အဆင့် ၆၀ တွင်ရှိနေပြီး၊ ဖိလစ်ပိုင်သည် အဆင့် ၇၃ ရှိကာ ဗီယက်နမ်သည် အဆင့် ၄၇၊ ထိုင်းသည် အဆင့် ၅၁ နေရာ၌ ရှိနေကြောင်း တင်ပြထားသည်။

အာရှနိုင်ငံအားလုံးထဲတွင် စင်ကာပူနိုင်ငံသည် တီထွင်မှုစံ တိုင်းတာ သတ်မှတ်ချက်အားလုံး၌ အတိုးတက်ဆုံး ဖြစ်နေသောကြောင့် ထိပ်ဆုံးနိုင်ငံနေရာကို ရောက်ရှိလာသော်လည်း အာရှတွင် ဗီယက်နမ်ကို သတိပြုစောင့် ကြည့်ရမည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Open Gov Asia တွင် ရေးသားထားသည်။ ■

---

# ဘက်ထရီမလို၊ လေလှိုင်းကပြောဆိုနိုင်စွမ်း ရမည့်ဖုန်း တီထွင်

**ဝါရှင်တန်၊ ဇွန် ၂၉**



အမေရိကန်ပြည်ထောင်စု၊ ဆီရက်တဲပြည်နယ်၊ ဝါရှင်တန်တက္ကသိုလ်မှ ပညာရှင်များသည် ဘက်ထရီမလိုဘဲ ပတ်ဝန်းကျင်ရှိ လေလှိုင်းအသုံးပြုနိုင်မည့် ဆဲလ်ဖုန်းတစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်း Wired သတင်းတွင် ဖော်ပြထားသည်။

Backscatter ဆိုသည့် နည်းပညာအပေါ်တွင် အခြေခံထားသည့် ယင်းဖုန်းသည် ရေဒီယိုလှိုင်းများဖြင့် ဆက်သွယ်နိုင်ရန် တီထွင်ထားခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဆဲလ်ဖုန်းတိုင်းတွင် စွမ်းအင်ရယူ သုံးစွဲနိုင်မှုမှာ ယနေ့တိုင်အောင်ပြင် ပြဿနာတစ်ခု အနေနှင့် တည်ရှိနေပြီး၊ ဆက်သွယ်ရေးစနစ်ကို စစ်အေးခေတ် စပိုင်နည်းပညာတစ်ခုဖြစ်သော Analog စနစ်ကို Digital အစား အသုံးပြုထားကြောင်း ပညာရှင်များက ပြောကြားသည်။

ဘက်ထရီမပါသည့်ဖုန်းနည်းပညာမှာ ယခင်က သီချင်းဆိုသည့် ပိုစတာများကို တီထွင်မှုအပေါ်တွင် အခြေခံထားပြီး “Passive Wi-Fi System” ကြောင့် စွမ်းအင်မလိုဆိုသော်လည်း တိုးတက်စေရန် ထပ်မံလုပ်ဆောင်ဖို့ လိုနေသေးကြောင်း၊ လူသားတို့ပြောသည့် စကားများကို Analog မှ Digital သို့ပြောင်းရာတွင်သာ စွမ်းအင်များစွာလိုပြီး၊ ပြောစကားများကို Analog စနစ်ကို အသုံးပြုပါက စွမ်းအင်ပါဝါ မလိုအပ်ကြောင်း တီထွင်သူ ဗမ်ဆီ တောလားက ပြောကြားသည်။

ယခုတီထွင်ထားသည့် ဖုန်းဒီဇိုင်းသည် စစ်အေးခေတ်က ဆိုဗီယက်တပ်များမှ စပိုင်များ အသုံးပြုသည့် ရေဒီယိုလှိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံကာ လေထဲတွင် ပုန်းကွယ်နေသည့် စွမ်းအားကို ရယူအသုံးပြု သည့် နည်းပညာတစ်ခုဖြစ်သည်။

ယခုတီထွင်ထားသည့် ဖုန်းတွင် ဘက်ထရီမပါဘဲ၊ လက်နှင့် ထိတွေ့လုပ်ဆောင်ခိုင်းရသည့် မျက်နှာပြင်ပေါ်မှ နံပါတ်များကို မလုမပအသွင်ဖြင့် မြင်ကြရကြောင်း၊ LED မြင်ကွင်းကို သေးငယ်စွာသာ လုပ်ဆောင်နိုင်သေးသောကြောင့်ဖြစ်ကြောင်း၊ ဆားကစ်ပြားများကို ယခုအနေအထားထက် ပိုပြီးကောင်းမွန်အောင် လုပ်ဆောင် နိုင်ပါက လက်ရှိဖုန်းများအတိုင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဗမ်ဆီကဆိုသည်။

ဖုန်းများကို ဘက်ထရီမပါ၊ ပတ်ဝန်းကျင်စွမ်းအင်ကို လှိုင်းစနစ်ဖြင့် ရယူအသုံးပြုနိုင်မည်ဆိုခြင်းကို “Backscattering” ဟုအမည်ပေးထားပြီး၊ အကွာအဝေး ၁၂ ပေအတွင်း ကောင်းစွာ အသုံးပြုနိုင်စေရန် တီထွင် ပြနိုင်ခဲ့ပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်စေရန် ကြိုးစားလုပ်ဆောင်သွားမည်ဟု Wired တွင် ဖော်ပြထားသည်။ ■

## NEWS IN BRIEF

### ထိုင်းနိုင်ငံတွင်နေထိုင်သွားသည့် ပါကစ္စတန်နိုင်ငံသား ကွန်ပျူတာခိုးဖောက်မှုကြောင့် အဖမ်းခံရ

ယခင်ထိုင်းနိုင်ငံ ဘန်ကောက်၌ နေထိုင်သွားသည့် မိုဟာမက်ဆိုဟေးလ်ကာ့စ်မာနီဆိုသူအား နယူးဂျာဆီပြည်နယ် တရားရုံးက နိုင်ငံတကာကွန်ပျူတာများနှင့် တယ်လီဖုန်းများကို ခိုးဖောက်မှုများအပြင် ဒေါ်လာ သန်း ၂၀ ခန့်ကို ငွေမည်းခဝါချမှုများဖြင့် ထောင်ဒဏ်လေးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် ဆိုဟေးလ်ကို ဆုံးရှုံးနစ်နာသူများအတွက် လျော်ကြေးအဖြစ် ဒဏ်ငွေ ဒေါ်လာ ၇၂ သန်းခန့်ကို ပြန်လည် ပေးဆောင်စေရန် ပူးတွဲအမိန့်ချမှတ်ခဲ့ကြောင်း AP သတင်းတွင်ဖော်ပြထားသည်။

ဆိုဟေးလ်သည် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ လူပေါင်း ၆၅၀ ခန့်၏ တယ်လီဖုန်းနံပါတ်များကို ခိုးဖောက်အသုံးပြုပြီး ဆက်သွယ်ရေးကို အနှောင့်အယှက်ပေးမှုများကြောင့် အမေရိကန်တရားရုံးကပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ■

### ယူကရိန်းနိုင်ငံမှ ကွန်ပျူတာဗိုင်းရပ်စ် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် ပျံ့နှံ့

ကမ္ဘာ့ နိုင်ငံ ၆၀ ကျော်ရှိ စီးပွားရေး ကုမ္ပဏီနှင့် လုပ်ငန်းကြီးများတွင် WannaCry ဟုအမည်ပေးထားသော ကွန်ပျူတာ ဗိုင်းရပ်စ်တစ်မျိုး၏ တိုက်ခိုက်ခြင်းကို ခံနေရပြီး ဒေါ်လာ ၈ ဘီလီယံတန်ဖိုးခန့်အထိ ဆုံးရှုံးနစ်နာမှု များရှိနေကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

ယင်းဗိုင်းရပ်စ်၏ တိုက်ခိုက်မှုကြောင့် Cyence ဆိုသည့် ကုမ္ပဏီကြီးတစ်ခု အပြင် မွန်ဘိုင်းမှသည် လော့စ် အိန်ဂျလိစ်အထိ သင်္ဘောဆိပ်များ၊ ဩစတြေးလျနိုင်ငံ ချောကလက်စက်ရုံများကို ထိခိုက်နစ်နာစေခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

WannaCry ဗိုင်းရပ်စ်သည် ယူကရိန်းနိုင်ငံကပို့လွှတ်နေခြင်းဖြစ်ကြောင်း၊ Update လုပ်ပါဆိုသည့် ညွှန်ကြား များကို မှားယွင်းလုပ်ကာ download များချယူရာမှ ကူးစက်ခြင်းဖြစ်ကြောင်း၊ GoldenEye သို့မဟုတ် Petya ဆိုသည့် ဗိုင်းရပ်စ်များလည်း ဇွန်လ ၂၇ ရက်နေ့ကတည်းက ပျံ့နှံ့နေကြောင်း Reuters တွင်ရေးသားထားသည်။ ■

### တစ်လက်မ၏ ငါးပုံတစ်ပုံခန့်သာထူသော နံရံကပ် ၇၇ လက်မတီဗီ LG ထုတ်

အထူ တစ်လက်မ၏ ငါးပုံတစ်ခန့်သာရှိတော့သည့် အလွန်ပါးသော၊ မြင်ကွင်းအရွယ် ၇၇ လက်မရှိသည့် နံရံကပ် တီဗီအသစ်ကို တောင်ကိုရီးယားနိုင်ငံ LG ကုမ္ပဏီက ထုတ်လုပ်လိုက်ကြောင်း PC Mag သတင်းတွင်ဖော်ပြထားသည်။

ယင်းတီဗီကို နံရံတွင် သံလိုက်ခာတ်ဖြင့် ကပ်ထားနိုင်စေရန် တီထွင်ထားကြောင်း၊ မိမိတို့တီဗီတွင် အသံဘောက်စ်များနှင့် ဆက်သွယ်သည့် ကြိုးတစ်ချောင်းသာရှိမည်ဖြစ်ပြီး အားလုံးကို ကြိုးပျောက် Wi-Fi စနစ်များဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း တီထွင်သူများကပြောကြားသည်။

LG သည် OLED နည်းပညာ၊ Dolby Atmos အသံစနစ်များကိုထည့်ပေးထားသည့် 77W7 တီဗီအသစ်ကို ဒေါ်လာ ၂၀၀၀၀ ဖြင့်ရောင်းချရန် ပြင်ဆင်နေကြောင်း ယင်းသတင်းကဆိုသည်။ ■

### Facebook ပေါ်တွင် တစ်ပတ်လျှင် အမုန်းစကားပို့စ်ပေါင်း ၆၆၀၀၀ ခန့်ဖယ်ရှားနေရ

ကမ္ဘာကျော် ဆိုရှယ်မီဒီယာကြီးတစ်ခုဖြစ်သည့် Facebook ပေါ်တွင် တစ်ပတ်လျှင် ပြဿနာဖြစ်စေနိုင်သည့် အမုန်းစကားပို့စ်ပေါင်း ၆၆၀၀၀ ခန့်ကို လူသားလုပ်သားပေါင်း ၄၅၀၀ ခန့်အသုံးပြုကာ ဖယ်ရှားရှင်းလင်းနေရ ကြောင်း Facebook ၏ ထုတ်ပြန်ချက်ကို AFP သတင်းတွင်ဖော်ပြထားသည်။

Facebook ကို ယခုအခါ သုံးစွဲသူပေါင်း ကမ္ဘာအနှံ့ ၂ ဘီလီယံခန့်ရှိလာပြီဖြစ်ပြီး လူမျိုးရေး၊ လိင်ခွဲခြားမှုများနှင့် အခြားစိတ်သဘောကွဲလွဲစရာကိစ္စများကို တင်နေကြသည့်အထဲမှ တစ်လလျှင် ပို့စ်ပေါင်း ၂၈၈၀၀၀ ခန့်ကို ရှင်းလင်းဖယ်ထုတ်ပေးနေရကြောင်း ယင်းသတင်းကဆိုသည်။

မိမိတို့ကုမ္ပဏီအနေနှင့် အမုန်းစကားများတင်လာပါက ချက်ချင်းဖယ်ရှားပစ်လိုက်နိုင်မည့် ဉာဏ်ရည်တု (AI) စနစ်ကို တိုးမြှင့်သုံးစွဲရန် စီစဉ်လျက်ရှိကြောင်း၊ ဉာဏ်ရည်တုနည်းပညာကို အသုံးပြုပြီး ၂၄ နာရီလုံး စောင့်ကြည့်ကာ ဖယ်ရှားမှုများပြုလုပ်ရန် စီစဉ်နေကြောင်း Facebook တာဝန်ရှိသူများကပြောကြားသည်။ ■

### ညဆိုင်းဆင်းရသည့် အလုပ်သမားများ ကိုယ်ခန္ဓာကိုထိခိုက်စေနိုင်ဟုဆို

ညဆိုင်းများဆင်းပြီး အလုပ် လုပ်နေရသူများအနေနှင့် လူခန္ဓာကိုယ်၏ သက်တမ်းကိုသာမက ရောဂါဘယများ ပိုမိုဖြစ်စေနိုင်သည့် ခြိမ်းခြောက်မှုများကိုပါ ခံစားရဖွယ်ရှိကြောင်း ကူးစက်ရောဂါဆရာဝန်ကြီး ဒေါက်တာ ပါဗင်းဘာတီ၏ ပြောကြားချက်ကို The Mirror သတင်းတွင်ဖော်ပြထားသည်။

ညဆိုင်းဆင်းပြီး အလုပ် လုပ်နေရသူများအနေနှင့် သဘာဝအတိုင်း အနားယူခြင်းများ မလုပ်ရသောကြောင့် DNA များပျက်စီးစေကာ အိပ်စက်မှုကို အားပေးသည့် ဟော်မုန်းများလည်း ပျက်စီးစေပြီး၊ နှလုံး၊ ကင်ဆာ၊ သွေးတိုးနှင့် ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါများ သာမန်လူများထက်အဖြစ်များကြောင်းယင်းသတင်းက ဆိုသည်။

ညဆိုင်းဆင်းနေကြသည့် အလုပ်သမားများ၏ ကုန်ဆုံးပျက်စီးနေသည့် ဟော်မုန်းများကို အစားထိုးပြန်လည် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ကင်ဆာဖြစ်စေနိုင်ကြောင်းကိုလည်း WHO ကထုတ်ပြန်ထားသည်။ ■

# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာပြည်သို့ မျက်စိကျနေကြဆဲ

## (The Straits Times သတင်းစာမှ Tan Hui Yee ၏ သတင်းဆောင်းပါးကို သန့်ဇင်စိုး ဘာသာပြန်သည်)

ပြုပြင်ပြောင်းလဲမှု၏ လေးလံမှုများ ရှိနေသော်ငြား မြန်မာ့စီးပွားရေးကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားနေကြဆဲ ဖြစ်သည်ဟု ရန်ကုန်တွင် ဇွန်လ ၂၈ ရက်နေ့က ပြုလုပ်သော ဖိုရမ်တစ်ခု၌ စင်ကာပူအခြေစိုက် Think Tank တစ်ခုမှ တွဲဖက်ပါမောက္ခ ဆိုင်မွန်တေးက ပြောကြားခဲ့သည်။

နိုင်ငံတကာအရေးဆိုင်ရာ စင်ကာပူအင်စတီကျုက ပြုလုပ်သော နိုင်ငံရပ်ခြားစီးပွားရေး စစ်တမ်းကောက်ယူမှု ရလဒ်အရ ၆၇ ရာခိုင်နှုန်းက စီးပွားရေးဆိုင်ရာ အမြင်များတွင် အကောင်းမြင်နေဆဲဖြစ်သည်ဟု ဒုတိယအကြိမ်မြောက် အာဆီယံ-မြန်မာဖိုရမ် ASEAN-Myanmar Forum ပါမောက္ခ ဆိုင်မွန်တေးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ဥပဒေရေးရာများတွင် ရှင်းလင်းမှုများ မရှိသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ခက်ခဲသည်ဟု ၈၄ ရာခိုင်နှုန်းက ဖြေဆိုသည်တော့ ရှိသည်။

သို့သော် ထုတ်ပြန်ဖော်ပြထားသည့်အတိုင်း ကျယ်ပြန့်သော နယ်ပယ်ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ခိုင်မာအားကောင်းသော စီမံချက်များ ပြုလုပ်ရာ၌ အရှိန်မြှင့်ရန် ဗုဒ္ဓဟူးနေ့က ပြုလုပ်သော အဆိုပါဖိုရမ်သို့ တက်ရောက်လာကြသော စီးပွားရေးနယ်ပယ် ခေါင်းဆောင်များက အစိုးရသစ်ကို တိုက်တွန်းလိုက်သည်။

မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ပို့ကုန်တိုးမြှင့်ရေး၊ စွမ်းအင်နှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ စသည်ဖြင့် နယ်ပယ် ၁၀ခုကို ဦးစားပေးရင်းနှီးမြှုပ်နှံစေရေး သတ်မှတ်ထားသည်။ ပြီးခဲ့သည့် ဇူလိုင်လက ၎င်းအဖွဲ့အစည်းသည် လုပ်ဆောင်ချက်များစွာအနက် ပိုမိုကျယ်ပြန့်သော စီးပွားရေး မူဝါဒကို ထုတ်ပြန်ခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြိုင်ဆိုင်မှုကို အားပေးရေးနှင့် ကြိုးနီစနစ် ဖယ်ရှားရေးတို့ကို ရည်ရွယ်ခဲ့သည်။




လက်ရှိ စီးပွားရေးမူဝါဒသည် နက်ရှိုင်းစွာ ဖော်ပြထားမှုမရှိဟု ပြည်တွင်းစီးပွားရေးသမား သူရိန်အောင်က ပြောကြားခဲ့သည်။

"ရည်မှန်းချက်ကတော့ ဟုတ်ပါပြီ။ အဲဒီရည်မှန်းချက်ကို ဘယ်လိုသွားကြမလဲ" ဟု ရန်ကုန်အနီး သီလဝါ အထူးစီးပွားရေးဇုန် ကဏ္ဍတစ်ရပ်ကို လှုပ်ရှားလည်ပတ်နေသည့် Myanmar Japan Thilawa Development မှ ဒုတိယဥက္ကဋ္ဌက The Straits Times သတင်းစာကို ပြောကြားခဲ့ပါသည်။ "လက်ရှိတည်ဆဲ ဗျူရိုကရေစီနဲ့ စီမံခန့်ခွဲမှု အသစ်ကို ထည့်သွင်းရာမှာ စိန်ခေါ်မှုတစ်ခု ဖြစ်ပါတယ်" ဟုလည်း ဆိုသည်။

ဘဏ္ဍာနှစ်အဆုံး မတ်လအကုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅ ဘီလီယံ မြန်မာကရခဲ့ပြီး ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈ ဘီလီယံ ရခဲ့ပေရာ ကျဆင်းခဲ့သည်ဟု ဆိုရပေမည်။ ဧပြီလက မြန်မာ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် ပြဋ္ဌာန်းခဲ့ပြီးနောက်တွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာလိမ့်မည်ဟု အစိုးရအရာရှိများက ယုံကြည်ထားကြသည်။

လက်ရှိ အခြေခံဥပဒေအရ တပ်မတော်နှင့် အာဏာခွဲဝေသုံးစွဲနေရသော အရပ်သား အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ရှင်းလင်းသော စည်းမျဉ်းများနှင့် မက်လုံးများပေးရန် အချိန်သိပ်ကြာလွန်းနေသဖြင့် အပြောအဆိုခံရပြီး ဖိအားများဝင်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သော မြန်မာ့စီးပွားရေးသည် ယခုနှစ်တွင် ၆ ဒသမ၉ ရာခိုင်နှုန်းထိ တက်လာမည်ဟု ကမ္ဘာ့ဘဏ် World Bank က ခန့်မှန်းထားသည်။ စီးပွားရေးရပ်ဝန်းတွင် ရှင်းလင်း ပြတ်သားမှုရှိလာရန်အတွက် အမြန်ဆုံး လိုအပ်နေသည့် အသေးစိတ် စီးပွားရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရာတွင် စွမ်းရည်ကန့်သတ်ချက်ရှိခြင်း ကဲ့သို့သော စိန်ခေါ်မှုများကို အစိုးရအနေနှင့် ဆက်လက် ကြုံတွေ့နေရမည်ဖြစ်ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) က ဖေဖော်ဝါရီလက ပြောဆိုထားသည်။ လျှပ်စစ်စွမ်းအား မလုံလောက်မှု၊ ပို့ဆောင်ဆက်သွယ်ရေး မကောင်းမှု၊ ခက်ခဲရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) နှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးငွေရရှိမှု အကန့်အသတ်ရှိနေမှု စသည်တို့ကို စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရလျက်ရှိသည်ဟု IMF က ဆိုထားပါသည်။ နောက်ထပ်အဓိက အတားအဆီးတစ်ခုမှာကား အခွန်ငွေရရှိမှု ဖြစ်ပါသည်။ မြန်မာသည် ကမ္ဘာပေါ်တွင် အခွန်ဝင်ငွေရရှိမှု အနိမ့်ဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အခွန်ဘဏ္ဍာ ရရှိမှုသည် GDP ၏ ၇ဒသမ၅ ရာခိုင်နှုန်းသာရှိကာ ဒေသတွင်း ပျမ်းမျှခြင်းမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်ဟု IMF က ထုတ်ပြန်ထားသည်။

ငါးနှစ်သက်တမ်းဖြစ်သော ၂၀၂၀ တွင် ရလဒ်များကို မြင်ရရန်အတွက် လက်ရှိအစိုးရအနေနှင့် ဆုံးဖြတ်ချက်များကို လျင်မြန်စွာ ချရတော့မည်ဖြစ်ကြောင်း သူရိန်အောင်ကဆိုသည်။

"အစိုးရသစ်အနေနဲ့ လျင်မြန်စွာ ဆောင်ရွက်ဖို့ ကျွန်တော်မျှော်လင့်ပါတယ်" ဟု ၎င်းက ဆိုသည်။

"အစိုးရသက်တမ်း ငါးနှစ်အတွင်း အသီးအပွင့်တွေ မြင်တွေ့ရအောင် နောင်လာမယ့် ၆ လကနေ ၈ လအတွင်း မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ လိုနေပါပြီ" ဟု ၎င်းက ထောက်ပြသည်။ ■

**သန့်ဇင်စိုး**

The VOICE Daily

CARTOON



# ရွှေ့ပြောင်းဒုက္ခသည် ပြဿနာကြောင့် ဆိပ်ကမ်းများ ပိတ်ပစ်မည်ဟု အီတလီခြိမ်းခြောက်

**ရောမ၊ ဇွန် ၂၉**

အီတလီနိုင်ငံက ၎င်း၏ဆိပ်ကမ်းများသို့ အခြားတိုင်းပြည်များမှ ရေယာဉ်များက ရွှေ့ပြောင်းဒုက္ခသည်များ ပို့ဆောင်နေခြင်းကို ပိတ်ပင်တော့မည်ဟု ခြိမ်းခြောက်လိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

အခြေအနေမှာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေပြီဟု အီတလီကိုယ်စားလှယ် မော်ရီဇီယိုမာဆာရီက အီးယူသို့ အသိပေးစာ ပေးပို့ခဲ့ပြီးနောက် ယခုသတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုကိစ္စတွင် အခြားအီးယူနိုင်ငံများက တခြားနည်းလမ်း ရှာနေကြသည်ဟု ဝန်ကြီးချုပ် ပေါ်လိုဂျင်တီလိုနီက ပြောကြားသည်။

ပြီးခဲ့သောလေးရက်အတွင်း မြောက်အာဖရိကမှ ခန့်မှန်းခြေ လူတစ်သောင်းခန့် အီတလီသို့ ထွက်ခွာရန် ကြိုးစားခဲ့ကြသည်ဟု ယုံကြည်ရပြီး ယခုနှစ်အတွင်း အီတလီသို့ ရွှေ့ပြောင်းဒုက္ခသည် ၇၃,၀၀၀ ခန့် ဆိုက်ရောက်လာခဲ့ရာ ယခင်နှစ် ထိုအချိန်ကထက် ၁၄ ရာခိုင်နှုန်းတိုးလာခြင်းသည်။

လစ်ဗျားမှတစ်ဆင့် မက်ဒီတာရိန်းနီးယမ်းပင်လယ်ကို ဖြတ်ကျော်စဉ် ဒုက္ခသည် ၂၀၀၀ ခန့် သေဆုံး၊ ပျောက်ဆုံးခဲ့သည်ဟု ကုလဒုက္ခသည်အေဂျင်စီက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရာတွင် အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ဦးဆောင်နေသော်လည်း ကယ်ဆယ်ရေးပရဟိတအဖွဲ့များ၏ ရေယာဉ်များစွာမှာ ဂျာမနီနှင့်မော်လ်တာ အပါအဝင် အခြားအီးယူနိုင်ငံများ၏ အလံလွှင့်၍ လုပ်ဆောင်နေကြသည်။

နိုင်ငံခြားအလံလွှင့်ထားသော ကယ်ဆယ်ရေးသင်္ဘောများ အီတလီဆိပ်ကမ်းသို့ ပြန်ဝင်ခြင်းကို ပိတ်ပင်ရန် ဆွေးနွေးနေသည်ဟု အီတလီအစိုးရဘက်မှ ပြောကြားသည်။

ထိုကိစ္စကို အီတလီလူထုက စိတ်အနှောင့်အယှက် ဖြစ်နေကြပြီး ရေရှည်နည်းလမ်းတစ်ရပ် လိုအပ်နေပြီဟု ဝန်ကြီးချုပ်ဟောင်း မတ်တီယိုရန်ဇီက မှတ်ချက်ပေးထားသည်။

အီးယူဘက်ကမူ ဆိပ်ကမ်းဝင်ရောက်ဆိုက်ကပ်မှု စည်းကမ်းများကို နိုင်ငံတကာဥပဒေဖြင့် စီမံခန့်ခွဲခြင်းဖြစ်ကြောင်းနှင့် ပြောင်းလဲမှုမှန်သမျှသည် ကယ်ဆယ်ရေးအုပ်စုများ ကြိုတင်ပြင်ဆင်ချိန်ရရန် အချိန်ပေးသင့်ကြောင်း ပြောကြားသည်။

ပင်လယ်ပြင် အသက်အန္တရာယ်ဘေးကင်းရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းစာချုပ်တွင် 'ပင်လယ်ပြင်၌ ဘေးဒုက္ခတွေ့မှုကို ကြားသိရသော သင်္ဘောမှန်သမျှသည် ဆက်စပ်ဖြစ်စဉ်ကို မစဉ်းစားဘဲ ကယ်ဆယ်ရမည်ဖြစ်ပြီး ထိုနေရာနှင့် သက်ဆိုင်သော တိုင်းပြည်က သင်္ဘောပေါ်မှ လူများကို ကယ်ဆယ်ရန် အဦးဆုံးတာဝန်ရှိသည်။ ယင်းကဲ့သို့ဝင်ရောက်ဆိုက်ကပ်မှုကို လက်တွေ့ကျကျ စီစဉ်ပေးရန် သက်ဆိုင်ရာတိုင်းပြည်အစိုးရတွင် တာဝန်ရှိသည်'ဟု ဖော်ပြထားသည်။

လစ်ဗျားမှ ထွက်ခွာလာသော စက်လှေများအတွက် အီတလီသည် အနီးဆုံးဆိပ်ကမ်းဖြစ်သည်။

အီးယူ လူဝင်မှုဆိုင်ရာ ကောင်မရှင်နာမင်းကြီး ဒီမီထရီအေဗရာမိုပိုလော့စ်က "အခြေအနေ မဟန်ဘူးလို့ အီတလီက ပြောတာမှန်ပါတယ်။ ဒုက္ခသည်တွေ လျော့သွားအောင် လစ်ဗျားလို အာဖရိကနိုင်ငံတွေကို ကူညီပေးနေသလိုပဲ လိုအပ်ရင် အီတလီကိုလည်း ငွေကြေးထည့်ဝင်ပေးရမှာပါ။ လက်ဆစ်ဆုပ်စာ အီးယူနိုင်ငံအချို့ကိုယ့်အစီအစဉ်နဲ့ကိုယ် လှုပ်ရှားနေတာကို ခွင့်မပြုနိုင်ပါဘူး"ဟု ပြောကြားထားသည်။ ■ F-04




# အမေရိကန်ပြည်ထောင်စုတွင် လုံခြုံရေးစည်းကမ်းသစ်များချမှတ်မှုကြောင့် လက်ပ်တော့ ပိတ်ပင်မှု သက်တမ်းမတိုးရန် ဆုံးဖြတ်

**နယူးယောက်၊ ဇွန် ၂၉**

လက်ပ်တော့ ပိတ်ပင်မှုကို သက်တမ်းမတိုးတော့ အမေရိကန်ပြည်ထောင်စုသည် တိုင်းပြည်အတွင်းသို့ ဝင်ရောက်လာသည့် လေကြောင်းခရီးစဉ်များတွင် လုံခြုံရေးတိုးမြှင့်ရန် တင်းကျပ်သော အစီအစဉ်သစ်များကို ချမှတ်လိုက်သော်လည်း ခရီးသည်ကယ်ဗင်ခန်းအတွင်း လက်ပ်တော့ ပိတ်ပင်မှုကို တိုးချဲ့ခြင်းမပြုတော့ဟု BBC သတင်းတွင် ဖော်ပြထားသည်။

မွတ်ဆလင် ရှစ်နိုင်ငံမှ အမေရိကန်သို့ လာသော လေကြောင်းခရီးစဉ်များတွင် ခရီးသည်ခန်းအတွင်း လက်ပ်တော့များ သယ်ဆောင်မှုကို မတ်လကတည်းက စတင်ပိတ်ပင်ခဲ့သည်။

ယခုအစီအစဉ်သစ်များတွင် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ခရီးစဉ်များကို ခရီးသည်နှင့် လျှပ်စစ်ပစ္စည်း စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည်။

လေကြောင်းလိုင်းများသည် လိုက်နာဆောင်ရွက်ရန် ရက်ပေါင်း ၁၂၀ အချိန်ရပြီး သို့မဟုတ်ပါက ခရီးသည် အသုံးအဆောင် လျှပ်စစ်ပစ္စည်းအားလုံး ပိတ်ပင်မှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ အဆိုးစွန်အားဖြင့် အမေရိကန်သို့ ပျံသန်းခွင့်ကိုပင် ပိတ်ပင်ခံရနိုင်သည်။

ဗုဒ္ဓဟူးနေ့က အစီအစဉ်သစ်များကို ထုတ်ပြန်ခဲ့သော အမိမြေလုံခြုံရေးဝန်ကြီး ဂျွန်ကယ်လီက "အမှားလုပ်လို့မရပါဘူး။ ရန်သူတွေက ဗုံးထောင်ဖို့၊ အတွင်းလူထားဖို့၊ လေယာဉ်ပြန်ပေးဆွဲဖို့ နည်းလမ်းအသစ်တွေ ဆက်တိုက်ရှာဖွေနေကြပါတယ်။ ခြိမ်းခြောက်မှုတစ်ခုချင်းကို တုံ့ပြန်နေမယ့်အစား လူထုဘေးကင်းစေဖို့နဲ့ အကြမ်းဖက်သမားတွေ အောင်မြင်မှုမရအောင် ပြုလုပ်ဖို့ အစီအစဉ်သစ်တွေ ချမှတ်ရမှာပါ" ဟု ပြောကြားသည်။

ဂျွန်ကယ်လီပြောသော အစီအစဉ်သစ်များတွင် ခရီးသည်အားလုံးကို စစ်ဆေးမှုတိုးမြှင့်ရေး၊ တစ်ကိုယ်ရေသုံး လျှပ်စစ်ပစ္စည်းများကို တိုးမြှင့်စစ်ဆေးရေး၊ လေယာဉ်ပေါ်နှင့် ခရီးသည်လိုက်ပါသော နေရာများတွင် လုံခြုံရေးစည်းကမ်းများ တင်းကျပ်ရေး၊ ခွေးများဖြင့် စစ်ဆေးမှုကို တိုးချဲ့ရေးတို့ ပါဝင်သည်။

အစီအစဉ်သစ်များတွင် လေဆိပ်ပေါင်း ၂၈၀ နှင့် လေကြောင်းလိုင်းပေါင်း ၁၈၀ တွင် အကျုံးဝင်ပြီး နေ့စဉ်ခရီးသည် ၃၂၅,၀၀၀ သယ်ဆောင်ပေးနေသော ခရီးစဉ် ၂၁၀၀ ခန့်အပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

မူလလက်ပ်တော့ ပိတ်ပင်မှုတွင် ပါဝင်သော လေဆိပ်များအနေနှင့် အစီအစဉ်သစ်များကို လိုက်နာမည်ဆိုပါက ထိုစည်းကမ်းချက်ကို ရုပ်သိမ်းပေးမည်ဟု အမိမြေလုံခြုံရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

လောလောဆယ်တွင် မွတ်ဆလင် ရှစ်နိုင်ငံမှ လာသော လေကြောင်းခရီးစဉ်များတွင် စမတ်ဖုန်းထက်ကြီးသော ပစ္စည်းများကို ခွင့်ပြုခြင်းမရှိပေ။

ဗြိတိန်နိုင်ငံကလည်း မွတ်ဆလင် ခြောက်နိုင်ငံမှ လေကြောင်းခရီးစဉ်များအပေါ်တွင် အလားတူ စည်းကမ်းများ ချမှတ်ထားသည်။

အရွယ်အစားကြီးသော လျှပ်စစ်အသုံးအဆောင်များကို ကုန်လှောင်ခန်းတစ်နေရာတည်းတွင် စုပြုံထားပါက လီသီယမ်ဘက်ထရီများ မီးလောင်နိုင်သည့်အန္တရာယ်ရှိသည်ဟု လေကြောင်းဘေးကင်းရှင်းရေး ကျွမ်းကျင်သူများက သတိပေးထားကြသည်။

■ F-04

# အမေရိကန်အမျိုးသမီးတစ်ဦးက YouTube တွင် စတန့်ထွင်ရန် ချစ်သူကို သေနတ်နှင့်ပစ်

**နယူးယောက်၊ ဇွန် ၂၉**

အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ်မှ အမျိုးသမီးတစ်ဦးသည် လွဲမှားသော လူမှုမီဒီယာ စတန့်ထွင်မှုအဖြစ် ချစ်သူကို အသက်ဆုံးရှုံးအောင် ပစ်ခတ်ခဲ့သည့်အတွက် အာဏာပိုင်များက တရားစွဲဆိုထားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ချစ်သူအမျိုးသား ပီဒရိုရုစ်သည် စာအုပ်ကို ရင်ဘတ်သို့ဆွဲယူခဲ့ပြီး ကျည်ဆန်ကို ကာကွယ်လိုက်သည်ဟု ယုံကြည်ရပြီး ၎င်းကိုပစ်ခတ်ခဲ့သည့် မိုနာလီဇာပီရက်ဇ် ၁၉ နှစ်ကို ဖမ်းဆီးထိန်းသိမ်းထားသည်။

သုံးနှစ်အရွယ် ကလေးတစ်ဦးရှိပြီး ဒုတိယကိုယ်ဝန်ရှိနေသည့် စုံတွဲသည် လူမှုမီဒီယာတွင် ပရိသတ်တိုးလာစေရန် ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ရုစ်၏အဒေါ်ဖြစ်သူက ပြောကြားသည်။

"ကျွန်မရဲ့တူက ကြည့်တဲ့ပရိသတ်များလာအောင် စတန့်ထွင်မယ်လို့ သူ့ရဲ့အကြံကို ပြောပြပါတယ်။ သေနတ်ကို ဘာကြောင့် သုံးရမှာလဲ။ မလုပ်နဲ့လို့ ကျွန်မက တားခဲ့ပါတယ်" ဟု ကလော်ဒီယာရုစ်က WDAY ရုပ်သံသို့ ပြောကြားသည်။

"သူတို့က တစ်ဦးနဲ့တစ်ဦး အင်မတန်ချစ်တဲ့သူတွေပါ။ လွဲမှားတဲ့ ကျီစယ်မှုကို လုပ်ခဲ့ကြတာပါ" ဟု သူမကဆိုသည်။

ကိုယ်ဝန်ဆောင် မစ္စပီရက်ဇ်သည် မရည်ရွယ်ဘဲ လူသတ်မှု ဒုတိယအဆင့်ဖြင့် စွဲချက်တင်မှုကို ရင်ဆိုင်နေရပြီး ဗုဒ္ဓဟူးနေ့တွင် ၎င်းကို ရုံးတင်စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။

အသုံးပြုခဲ့သော သေနတ်သည် ၅၀ မမ ကယ်လီဘာပစ္စတိုဖြစ်ပြီး ရင်ဘတ်ကို ကာခဲ့သောစာအုပ်မှာ အဖုံးမာ အင်န်ဆိုက်ကလိုမီးဒီးယားစာအုပ်ဖြစ်သည်။

တနင်္လာနေ့ကဖြစ်ရပ်ကို ရိုက်ကူးခဲ့သော ကင်မရာနှစ်လုံးကို ရဲတပ်ဖွဲ့က သိမ်းဆည်းထားသည်။ စာ-23



နောက်ဖုံး - မျိုးချစ်ပုဂ္ဂိုလ်လား၊ ဇာတ်ဆရာအလိုကျ ကပြရသူလား မှအဆက်

သေနတ်ကြီးကိုင်ပြီး ဟန်ပန်အမျိုးမျိုးဖြင့် ရိုက်ကူးထားသောဓာတ်ပုံများကို တွေ့ရသည်။

၂၀၁၅ ခုနှစ်က အက်ရှင်ရုပ်ရှင်ကား Suspended Death တွင် ပြန်ပေးဆွဲခံရသူကို ဝင်ရောက်ကယ်ဆယ်သော စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ဖူးသူဖြစ်ကြောင်း၊ သရုပ်ဆောင်ဟန်ရေးပြရသည်ကို ဝါသနာထုံသူဖြစ်ကြောင်း တွေ့လာရသည်။

ထိုရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်ပြီး ဒေသရုပ်သံတစ်ခုတွင် အင်တာဗျူးဖြေဆိုခဲ့စဉ်က "ကျွန်တော်က ရဟတ်ယာဉ်မောင်းသူပါ၊ တိုက်ခိုက်ရေး ရေငုပ်သမားလည်းဖြစ်သလို အလွတ် လေထီးခုန်သူလည်းဖြစ်ပါတယ်။ ဖခင်တစ်ယောက်၊ အဖော်ကောင်းတစ်ယောက်၊ သရုပ်ဆောင်တစ်ယောက်လည်းဖြစ်ပါတယ်။ သေခြင်းတရားဟာ တော်လှန်ရေးရဲ့ တစ်စိတ်တစ်ဒေသဖြစ်လို့ အိမ်ပြန်လာရမယ်ဆိုတာ မသိဘဲ ထွက်လာတဲ့ လူတစ်ယောက်လိုပါပဲ" ဟု သူ့အကြောင်းသူပြောခဲ့ဖူးသည်။

ပြန်ကြားရေးဝန်ကြီး အာနက်စတို ဗီလီဂတ်စ်ကတော့ ပီရက်ဇ်သည် အစ္စရေးလုပ် ကိုလံဘီယာမှလာသော ဗုံးလေးလုံး ပစ်ချခဲ့ပြီး တစ်လုံးမပေါက်ကွဲခဲ့ဟု အခင်းဖြစ်ပြီး နာရီအတန်ကြာတွင် ထုတ်ပြန်ခဲ့သည်။ ဖြစ်စဉ်တွင် မည်သူမျှ ဒဏ်ရာမရခဲ့သလို ၂၈ ရက်နေ့ နံနက်ခင်းတွင် အဆောက်အအုံနှစ်ခုစလုံး၌ မြင်သာသည့် ထိခိုက်မှုတစ်စုံတစ်ရာမျှ မတွေ့ခဲ့ရ။ ၂၈ ရက်နေ့တွင် ပီရက်ဇ်မောင်းနှင်ခဲ့သော ရဟတ်ယာဉ်ကို ကာရစ်ဘီယန်ကမ်းရိုးတန်း၊ ဝေးလံခေါင်သီသောဒေသတွင် ပြန်တွေ့ရသည်။ လူကိုတော့ မတွေ့တော့။

"ဒီအရူး၊ ဒီအစွန်းရောက် အကြမ်းဖက်သမားကို ရှာဖွေဖို့ အပြည့်အဝထောက်ပံ့ပေးကြဖို့ တောင်းဆိုလိုပါတယ်" ဟု ဒုတိယသမ္မတ တာရက်အယ်လ်အိုက်ဆာမီက တောင်းဆိုခဲ့သည်။

သို့သော်လည်း လူမဲ့လေယာဉ်ငယ် (ဒရုန်း)များ လွှတ်ရန်ပင် တရားမဝင်သည့် မြို့တော်တစ်ခု၏ အရေးကြီးသော အစိုးရအဆောက်အအုံများပေါ်တွင် ရဟတ်ယာဉ်တစ်စင်း ပတ်ပျံခြင်းကို မည်သို့မည်ပုံခွင့်ပြုခဲ့ပါသနည်းဆိုသည်ကို ဝေဖန်သူတို့က ထောက်ပြထားကြသည်။ ပီရက်ဇ်ကို ထောက်ခံကြောင်း ကြေညာချက်ထုတ်သည့်၊ ပူးပေါင်းသည့် ရဲနှင့် စစ်သားဟူ၍လည်း မတွေ့ရ။

"ဒီဟယ်လီကော်ပတာဖြစ်စဉ်က လိမ်ဆင်ကြီးဆိုရင်တော့ အစိုးရက သွေးရူးသွေးတမ်းဖြစ်နေတဲ့သဘောပါပဲ။ ဒါဟာ တကယ်အာဏာသိမ်းဖို့ကြိုးစားတာဖြစ်ပြီး ဘယ်သူကမှ မကာကွယ်နိုင်ခဲ့တာ ဆိုရင်တော့ ပိုတောင်ဆိုးသွားပြီ" ဟု တွစ်တာလူမှုကွန်ရက်အသုံးပြုသူတစ်ဦးက မှတ်ချက်ပေးခဲ့သည်။

ထိုဖြစ်စဉ်ကို ဗင်နီဇွဲလားရုပ်မြင်သံကြားမှ မဖြတ်မတောက် ထုတ်လွှင့်ခဲ့ရာ အခြားသော အရေးကြီးဖြစ်စဉ်အများအပြားကို ဆင်ဆာဖြတ်တောက် သတင်းအမှောင်ချလေ့ရှိသည့် အစိုးရ၏လုပ်ရိုးလုပ်စဉ်နှင့် မတူဟုလည်း ထောက်ပြစရာရှိနေသည်။

အခင်းဖြစ်သည့် ၂၇ ရက်နေ့တွင်ပင် အစိုးရကို ပွင့်ပွင့်လင်းလင်းဝေဖန်သူအဖြစ် ထင်ရှားသော ရှေ့နေချုပ် လွီဆာအော်တေဂါ၏အာဏာများကို ရုပ်သိမ်းသော စီရင်ချက်နှစ်ရပ်ကို တရားရုံးချုပ်က အတည်ပြုခဲ့ပြီး ထိုလုပ်ပိုင်ခွင့်အာဏာများကို သမ္မတ မာဒူရို၏ သစ္စာခံဟု ရှုမြင်ခံရသူ စုံစမ်းရေးအရာရှိ တာရက်ဝီလျံဆာ့ဘ်ကို လွှဲပေးခဲ့သည်။

"လူတိုင်းက ဟယ်လီကော်ပတာအကြောင်း ပြောနေချိန်မှာ တရားရုံးချုပ်က ရှေ့နေချုပ်ရဲ့အာဏာတွေကို စုံစမ်းရေးအရာရှိဆီ လွှဲပေးလိုက်ပြီ" ဟု နိုင်ငံရေးသဘောထားအမြင်ကောက်ခံသူ လူးဝစ်ဗင်းဆင့်တေးလီယွန်က တွစ်တာတွင်ရေးသားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် အတိုက်အခံလွှတ်တော်အမတ် အုပ်စုတစ်စုမှာ ၎င်းတို့ဆန္ဒမပါဘဲ လွှတ်တော်အဆောက်အအုံအတွင်း သမ္မတမာဒူရိုကို သစ္စာခံသော လက်နက်ကိုင် ပြည်သူ့စစ်အဖွဲ့တစ်ခု၏ ထိန်းသိမ်းခံထားရကြောင်းလည်း သတင်းထွက်လာခဲ့သည်။

၂၀၁၃ ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာသူ မာဒူရိုသည် ကွယ်လွန်သူ ဟူဂိုချားဗတ်စ်၏ ဆိုရှယ်လစ်မူဝါဒများကို ဆက်လက်အကောင်အထည်နိုင်စွမ်းမရှိခဲ့။ တိုင်းပြည်၏ ရေနံရင်းမြစ်ကြွယ်ဝမှုကို အသုံးချပြီး ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရေး၊ ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ရေး ကြိုးပမ်းမှုများသည် ချားဗတ်ဇ်လက်ထက်တွင်တော့ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရခဲ့သည်။ သို့သော်လည်း ရေနံဝင်ငွေကို မှီခိုနေရသည့် အကျင့်ပျက်ခြစားမှုများ၊ စီမံခန့်ခွဲမှုအလွဲများ၊ အလုမ်းကျယ်အလယ်လတ်သည့် စီမံကိန်းများသည် ရေနံဈေးထိုးကျချိန်တွင် ဇာတိရုပ်မှန်ပေါ်လာပြီး ဝရုန်းသုန်းကားဖြစ်စေခဲ့သည်။

ပြေလည်စေမည့်နည်းလမ်းတို့ကို ရှာဖွေရေးထက် အာဏာတည်မြဲရေးကိုသာ မာဒူရိုအစိုးရက အဓိကထားနေပြီး အတိုက်အခံတို့ အနိုင်ရခဲ့သော လွှတ်တော်တွင် အာဏာလက်မဲ့ဖြစ်ရေးအတွက် မဟာမိတ်ဖြစ်နေသော တရားရုံးချုပ်ကို အသုံးချခဲ့ရာ ဆန္ဒပြမှုများ ပိုအားကောင်းလာအောင် လှုံ့ဆော်သလိုဖြစ်သွားခဲ့သည်။

ဧပြီလတွင်း ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆိုးဆုံးလုယက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ရဟတ်ယာဉ်ဇာတ်လမ်းထွက်ပေါ်လာခြင်းဖြစ်သည်။ ဇွန်လ ၂၆ ရက်နေ့ညနှင့် ၂၇ ရက်နေ့တို့တွင် နိုင်ငံ၏အရေးပါဆုံးစစ်စခန်းတစ်ခုရှိရာ မာရာကေးမြို့မငြိမ်သက်မှုများဖြစ်ပွားခဲ့ပြီး ဆိုင် ၆၄ ဆိုင်ထက်မနည်း ဖောက်ထွင်းခံခဲ့ရသည်။ အမျိုးသားအစောင့်တပ်ဖွဲ့များမှာ အခြေအနေကို ထိန်းနိုင်ခြင်းရှိ ၊ မရှိကလည်း မသေချာလှပေ။

မငြိမ်သက်မှုများ၊ ဆန္ဒပြမှုများတွင် လူ ၇၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သလို ဒဏ်ရာရသူထောင်ချီရှိခဲ့သည်။ ဇွန်လ ၂၇ ရက်နေ့အစောပိုင်းတွင်ပင် သမ္မတ မာဒူရိုက သူနှင့် သူ့အပေါ်ထောက်ခံသူများသည် ကွယ်လွန်သူသမ္မတ ဟူဂိုချားဗတ်ဇ်၏ ဘိုလီဗားရီးယန်း တော်လှန်ရေးကို ကာကွယ်ရန် "မဲဆန္ဒဖြင့် မဖြေရှင်းနိုင်က" လက်နက်စွဲကိုင် ဖြေရှင်းသွားမည်ဟု သတိပေးခဲ့သေးသည်။

အကြမ်းဖက်မည်ဟု ခြိမ်းခြောက်မှုက ဟန့်လုံးသက်သက်မဟုတ်ဟု လေ့လာသူများက သုံးသပ်ကြသည်။

"ဒါက လိမ်ဆင်ပဲဖြစ်ဖြစ်၊ ရူးကြောင်ကြောင်ကောင်တစ်ကောင်က လုပ်တာပဲဖြစ်ဖြစ် သက်ရောက်မှုက အတူတူပဲ။ အစိုးရက အဆင့်တစ်ခုကို ရောက်လာပြီ၊ အကြမ်းဖက်မှုတွေ အားကောင်းစေချင်တဲ့ သဘောမှာရှိတယ်။ အစိုးရက "မီးခွက်စောင့်ဘီလူးကို မီးခွက်ထဲပြန်ထည့်ဖို့ လိုအပ်တဲ့ ဖိနှိပ်မှုအဆင့်မျိုးရအောင် ကြိုးစားနေပုံပဲ"ဟု International Crisis Group မှ အကြီးတန်းလေ့လာသုံးသပ်သူ ဖီးလ်ဂန်ဆန်က သုံးသပ်သည်။ ■

**Ref:(1)Guardian, Patriot, or government plant? Rumors fly over Venezuela helicopter attack by Virginia Lopez (2) Washington Post, Venezuela may be sliding into a civil war by Ishaan Tharoor**




သူ့ပါတီသာ ဖြုတ်ချခံရပါက ပြည်တွင်းစစ်ဖြစ်သွားမည်ဟု ယခုလအတွင်းက သတိပေးထားသည်

# ကမ္ဘောဒီးယား လူ့အခွင့်အရေးအုပ်စုကို စုံစမ်းစစ်ဆေးရန် ဝန်ကြီးချုပ်ဟွန်ဆန် ညွှန်ကြား

**ဖနွမ်းပင်၊ ဇွန် ၂၉**

ယခုလအတွင်း ကျင်းပခဲ့သော အာဏာရပါတီ အနိုင်ရခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများကို ဝေဖန်ခဲ့သည့် လူ့အခွင့်အရေးအဖွဲ့များ ပေါင်းစည်းထားသော The Situation Room အဖွဲ့ကို စုံစမ်းစစ်ဆေးရန် ဝန်ကြီးချုပ်ဟွန်ဆန်က ညွှန်ကြားခဲ့ကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) ၏ ၆၆ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် မိန့်ခွန်းပြောရာ၌ ဟွန်ဆန်က ဇွန်လ ၄ ရက် ဒေသန္တရရွေးကောက်ပွဲများကို စောင့်ကြည့်ခဲ့သော ယင်းအုပ်စုကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယား၏ ရှုန်းကန်နေရသော အတိုက်အခံများသည်လည်း ယင်းရွေးကောက်ပွဲများတွင် အခြေအနေကောင်းခဲ့ရာ လာမည့် ၂၀၁၈ အထွေထွေရွေးကောက်ပွဲတွင် ဆင်းရဲသောတိုင်းပြည်အပေါ် ဟွန်ဆန်၏ ၃၂ နှစ်ကြာအုပ်စိုးမှု အဆုံးသတ်နိုင်ရေး လမ်းပွင့်လာမည်ဟု မျှော်လင့်ချက်များရှိနေသည်။

ဟွန်ဆန်၏ CPP သည် ၁၁၅၆ နေရာတွင်အနိုင်ရခဲ့ပြီး အတိုက်အခံ ကမ္ဘောဒီးယားအမျိုးသား ကယ်ဆယ်ရေးပါတီ (CNRP) က ၄၈၉ နေရာသာ နိုင်သည်ဟု တရားဝင်ရလဒ်များတွင် ဖော်ပြထားသည်။

ဟွန်ဆန်က အာဏာဆက်လက်ကိုင်စွဲသွားမည်ဟု ထပ်တလဲလဲပြောကြားထားပြီး သူ့ပါတီသာ ဖြုတ်ချခံရပါက ပြည်တွင်းစစ်ဖြစ်သွားမည်ဟု ယခုလအတွင်းက သတိပေးထားသည်။

"ရွေးကောက်ပွဲကိုစောင့်ကြည့်တယ် အကြောင်းပြပြီး ဒီကောင်တွေ ဘာလုပ်ခဲ့တယ်ဆိုတာကို ဖော်ထုတ်ဖို့ ပြည်ထဲရေးဝန်ကြီးဌာနက ချက်ချင်းဆောင်ရွက်ရမယ်" ဟု ဟွန်ဆန်က The Situation Room ကို စုံစမ်းရန် ညွှန်ကြားခဲ့သည်။

The Situation Room မှအဖွဲ့ဝင်များထံမှ သဘောထားတောင်းခံရန် ဆက်သွယ်၍ မရခဲ့ကြောင်း Reuters က ဖော်ပြသည်။

အွန်လိုင်းတွင် ပို့စ်တင်ခြင်းအပါအဝင် ပြစ်ဒဏ်ကျခံဖူးသောနိုင်ငံရေးသမားများ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ခွင့်ကို ကန့်သတ်သည့် ဥပဒေတစ်ရပ်ကို ထပ်မံဖြည့်စွက်ပြီး အတိုက်အခံတို့ မလှုပ်သာစေရေး ဆောင်ရွက်ရန် ဟွန်ဆန်က ဇွန်လ ၂၈ ရက်နေ့တွင် အဆိုပြုခဲ့သည်။

ဟွန်ဆန်က ပြင်သစ်တွင် ခိုလှုံနေသော အတိုက်အခံခေါင်းဆောင် ဆမ်ရိန်ဆီကို ထောက်ပြသွားခဲ့သည်။ ရိန်ဆီသည် ဗီယက်နမ်နှင့် ကမ္ဘောဒီယားနယ်စပ်ကို ဖျက်သိမ်းကြောင်း အစိုးရ ကတိကြေညာချက်အတုကို လူမှုကွန်ရက်ပေါ် တင်ခဲ့မှုဖြင့် အပြစ်ရှိကြောင်း မျက်ကွယ်ဆုံးဖြတ်ခံထားရပြီး ထောင်ဒဏ်ချမှတ်ခြင်းခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေသည်။

The Situation Room အဖွဲ့က ဇွန်လ ၂၅ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာ နိုင်ငံရေးဖိနှိပ်မှု၊ လွတ်လပ်သော တရားစီရင်ရေးစနစ်မရှိမှု၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအပေါ် ခြိမ်းခြောက်မှုများ ရှိနေသမျှကာလပတ်လုံး ကမ္ဘောဒီးယားရွေးကောက်ပွဲ များမှာ အပြည့်အဝ လွတ်လပ်ပြီး တရားမျှတမှု မရှိနိုင်ဟု ပါရှိခဲ့သည်။

■ **F-03**

စာ-22 အမေရိကန်အမျိုးသမီးတစ်ဦးက YouTube တွင် စတန့်ထွင်ရန် ချစ်သူကို သေနတ်နှင့်ပစ် မှအဆက်

တနင်္လာနေ့က ၎င်းတို့၏ မင်နီဆိုတာ အိမ်အပြင်ဘက်တွင် အိမ်နီးချင်းများက စောင့်ကြည့်ရန် စုဝေးခဲ့ကြပြီးနောက် ရုစ်ကို ခြေတစ်လှမ်းအကွာမှ ပီရက်ဇ်က တစ်ချက်တည်း ပစ်ခဲ့ခြင်းဖြစ်သည်။

အိမ်နီးချင်းတစ်ဦးဖြစ်သူ ဝိန်းကင်မရွှန်းက "အားလုံးက ငိုနေကြတယ်။ ကျွန်တော်လည်း ဘယ်လိုမှ မနေနိုင်တော့လို့ အိမ်ကိုပြန်လာခဲ့တယ်" ဟုပြောကြားသွားသည်။

ယင်းစတန့်ထွင်မှုသည် ရုစ်၏အကြံဉာဏ်ဖြစ်ပြီး သူမကို ရုစ်က စည်းရုံးခဲ့သည်ဟု ပီရက်ဇ်က ပြောကြားသည်။

၎င်းတို့စုံတွဲသည် 'ငယ်ရွယ်သူဆယ်ကျော်သက် မိဘနှစ်ဦး၏ ဖြစ်ရပ်မှန်ဘဝ'ဟု အမည်တပ်ပေးထားသော YouTube ဗီဒီယိုလိုင်းကို မတ်လက စတင်ခဲ့ခြင်းဖြစ်ပြီး ရုစ်သေဆုံးသွားသော 'မျှတမှုအတွက် ထိတ်လန့်ဖွယ် စတန့်လုပ်ခြင်း' ဗီဒီယိုမှာ ၎င်းတို့၏ နောက်ဆုံးဗီဒီယိုဖြစ်သည်။

စက်တင်ဘာလတွင် မွေးဖွားတော့မည့် သားငယ်အတွက် နေအိမ်တွင် ခင်ပွန်းသည်ရှိနေခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်ဟု မစ္စပီရက်က သူမ၏ပရိသတ်များကို ယခင်အပတ်ကပင် ပြောဆိုခဲ့သေးသည်။

■ **F-04**

The VOICE Daily
Friday, June 30, 2017



## မှုခင်းသတင်းတိုများ

■ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာ၊ လမ်းသွယ်ရေမြောင်းအတွင်းတွင် ဇွန်လ ၂၈ ရက် နံနက် ၉ နာရီခွဲခန့် က အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရပဲ မှောက်လျက်အနေအထားသေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ်သိရှိနိုင်ရန် တက်သစ်နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၅/၁၇ ဖြင့် စစ်ဆေးနေသည်။

■ မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူရထားရပ်ကွက်၊ မီးရထားလိုင်းခန်းနေအိမ်ရှေ့လမ်းမပေါ်တွင် ဇွန်လ ၂၈ ရက် နေ့လယ်ပိုင်းက လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံး ပြုသည့် စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ တာမွေမြို့နယ်၊ ကျောက်ရှေ့ရပ်ကွက်၊မြို့သစ်(၁)လမ်းရှိ တိုက်ခန်းတစ်ခုတွင် ဇွန်လ ၂၈ ရက် နေ့လယ်ပိုင်းက အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦး အိပ်ရာထဲတွင် ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာမတွေ့ရဘဲ သေဆုံးနေသည်ကို တွေ့ရသဖြင့် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၂/၁၇ ဖြင့် စစ်ဆေးနေ သည်။

■ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အင်းလျားလမ်းဘက်မှ ဘုရင့်နောင်လမ်းဘက်သို့မောင်းနှင် လာသော ယာဉ်တစ်စီးသည် ဇွန်လ ၂၈ ရက် နေ့လယ်ပိုင်းက ရန်ကုန်တက္ကသိုလ်ဝင်ပေါက် ရှေ့အရောက် လမ်းလျှောက်နေသူ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဝင်တိုက်မိပြီး ဆက်လက်မောင်း နှင်လာရာ လှည်းတန်းလမ်းဆုံ မီးပွိုင့်အကျော် ဂမုန်းပွင့်ကုန်တိုက်ရှေ့အရောက် အသက် ၁၇ နှစ်အရွယ် မျိုးသမီးနှစ်ဦးကို ထပ်မံတိုက်မိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ အသက် ၃၀ အရွယ် အမျိုးသမီးကို ယင်းမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့်ထားသည်။

■ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊လယ်ယာ(၁)လမ်းရှိလက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် ဇွန်လ ၂၈ ရက် ညနေပိုင်းက လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြု သည့် စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၅ နှစ်အရွယ် အမျိုးသား တစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစား ဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

J 16

## လှည်းကူးတွင် ဓားထိုးမှု နှစ်ကြိမ်ဖြစ်၊ တစ်ဦးသေဆုံး

**ရန်ကုန်၊ ဇွန် ၂၉**

လှည်းကူးမြို့ပေါ်တွင် ဇွန်လ ၂၈ ရက်နေ့က ဓားထိုးမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ဓားထိုးခံရသူ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း(၁) လမ်းရှိအဆောင်တစ်ခုတွင် ဇွန်လ ၂၈ ရက် မွန်းလွဲ ၁ တစ်နာရီခန့်က အသက် ၁၈ နှစ်အရွယ် အဆောင်နေအမျိုးသားကို ဘေးချင်းကပ်လျက်နေထိုင်သူ အသက် ၂၅ နှစ်အရွယ် အမျိုးသားက ဓားနှင့် ထိုးသဖြင့် ဘယ်ရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် အင်းစိန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"နေ့လယ် တစ်နာရီလောက်ဖြစ်တဲ့ ဓားထိုးခံရတဲ့ ကောင်လေးက သေသွားတယ်၊ အဲဒါကြောင့် လူသတ်မှုနဲ့ ပြောင်းဖွင့်ထားပါတယ်၊ ပြစ်မှုကျူးလွန်တဲ့သူကလည်း ထွက်ပြေးနေလို့ လိုက်လံစုံစမ်းရှာဖွေနေတယ်၊ ညပိုင်းမှာဖြစ်တဲ့ ဓားထိုးမှုက မစိုးရိမ်ရဘူး၊ ပြစ်မှုကျူးလွန်တဲ့ သူကိုလည်း ဖမ်းမိထားပါတယ်" ဟု ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

လှည်းကူးမြို့နယ်၊ ၈/၁ မြို့မရပ်ကွက်၊ ခိုင်ရွှေဝါလမ်းမပေါ်တွင် ယင်းနေ့ည ၈ နာရီခွဲခန့်က အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦး ဓားထိုးခံရပြီး ရင်ဘတ်ထိုးသွင်းဒဏ်ရာရရှိကာ လှည်းကူးမြို့နယ် ဆေးရုံကြီးမှတစ်ဆင့် အင်းစိန်ဆေးရုံကြီးသို့တင်ပို့ကုသထားရသဖြင့် ပြစ်မှုကျူးလွန်သည်ဟုဆိုသော အသက် ၂၀ အရွယ် ကျော်မျိုးနောင်ကို ဖမ်းဆီးပြီး ယင်းမြို့မရဲစခန်းက (ပ) ၈၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

■ J-16

## အမျိုးသားတစ်ဦး ရွှေပြည်သာတံတားပေါ်မှ ခုန်ချ

**ရန်ကုန်၊ ဇွန် ၂၉**




အင်းစိန်မြို့နယ်၊ ရွှေပြည်သာ တံတားတွင် ဇွန်လ ၂၈ ရက် ညပိုင်းက အမျိုးသားတစ်ဦး တံတားပေါ်မှ မြစ်ထဲသို့ခုန်ချခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

တံတားပေါ်မှ ခုန်ချခဲ့သော အမျိုးသားကိုပြန်လည်တွေ့ရှိရန် အင်းစိန်၊ ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်တို့မှ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မြစ်ကြောင်းတစ်လျှောက် ရှာဖွေလျက်ရှိကြောင်းနှင့် မြစ်ထဲ ခုန်ချသူ၏ ဘေးလွယ်အိတ်အား ရွှေပြည်သာတံတားပေါ်ရှိ ရေလယ်တိုင်အမှတ်(၂)အနီးတွင် သိမ်းဆည်းရမိခဲ့ကြောင်း အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ဘေးလွယ်အိတ်အတွင်းမှ အော်ရီဒူး ဆင်းမ်ကတ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ချမ်းမြေ့သီဟ အမည်ပါ ၁၂/ရပသ(နိုင်) ၀၅၅၈၃၇ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ချည်မျှင်နှင့်အထည်စက်ရုံ ဝန်ထမ်းကတ်တစ်ခု၊ ကျောင်းသားကတ်သုံးခု၊ အမျိုးသားသွေးလှူဌာနအမည်ပါကတ်တစ်ခု၊ သော့တွဲတစ်တွဲနှင့် နာရီတစ်လုံး၊ နားကြပ်တစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး တံတားပေါ်မှ ခုန်ချသူ၏ မိသားစုဝင်များနှင့်အဆက်အသွယ်ရရှိရန် ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## တာချီလိတ်တွင် ထိုင်းနိုင်ငံသားတစ်ဦး အပါအဝင် အမျိုးသားနှစ်ဦးကို အရေးယူ

**ကျိုင်းတုံ၊ ဇွန် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာရှိ အိမ်တစ်လုံးတွင် နေထိုင်သော ထိုင်းနိုင်ငံသားနှင့် ၎င်းကို တရားမဝင်တည်းခိုစေသော မြန်မာနိုင်ငံသားတစ်ဦးတို့ကို ဇွန်လ ၂၈ ရက် ညနေပိုင်းက လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေဖြင့် အမှုဖွင့်ထားကြောင်း တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါ အမျိုးသားကို ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေရာတွင် အသက် ၁၉ နှစ်အရွယ် ထိုင်းနိုင်ငံသား Mr.Patiphan Ploensuk မှာ ယာယီနယ်စပ် ဖြတ်သန်းခွင့် လက်မှတ်နှင့် လာရောက်သည်ကို တွေ့ရှိရပြီး သတ်မှတ်ရက်ကို ကျော်လွန်နေကြောင်း၊ ထိုင်းနိုင်ငံသားနှင့်ဦးအိုက်ကောင်(၄၇နှစ်)ကို လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေတို့ဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

■ R-16

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊ ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

## မျက်နှာဖုံး - မတရားအသင်းဥပဒေကို ပြန်လည်သုံးသပ်မည်ဟု မှ အဆက်

မတရားအသင်းဥပဒေနှင့် ဖမ်းဆီးတရားစွဲခံရမှုနှင့် ပတ်သက်၍ The Voice က မေးမြန်းစဉ် ပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

သတင်းထောက်သုံးဦးကို ဖမ်းဆီး၍ မတရားအသင်း ဥပဒေနှင့် စွဲဆိုခံရသည့်ကိစ္စသည် ကော်မရှင်သို့ ရောက်ရှိလာလျှင် ကော်မရှင်က အမြင်များကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာကို တင်ပြမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် ဇွန်လ ၂၆ ရက်နေ့က TNLA အဖွဲ့က ပြုလုပ်သော မူးယစ် ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနား သို့ တက်ရောက်ခဲ့ကြသည့် DVB သတင်းဌာနမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်၊ သတင်းထောက် ကိုပြည့်ဘုန်းအောင်နှင့် ဧရာဝတီသတင်းထောက် ဦးသိန်းဇော်တို့ကို တပ်မတော်က ဇွန်လ ၂၆ ရက် မွန်းလွဲပိုင်းတွင် နမ့်ဆန်- သီပေါကားလမ်းတွင် ဖမ်းဆီးခဲ့ပြီးနောက် ၂ ရက်အကြာတွင် ရဲစခန်းကို လွှဲပြောင်းပေး၍ မတရားအသင်း ဥပဒေ ပုဒ်မ ၁၇/ ၁ နှင့်အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

မတရားအသင်းဥပဒေကို ၁၉၀၈ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက အက်ဥပဒေ အမှတ် ၁၄ အဖြစ် ပြဋ္ဌာန်းခဲ့သည်။

■ T.L

## မျက်နှာဖုံး - ရန်ကုန်တိုင်း အပါအဝင် တိုင်းနှင့် ပြည်နယ် မှ အဆက်

ပတ်ကအကြောင်းကြားစာ ပေးပို့ထားပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး နယ်/လုံဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်း၏ နေရာတွင် တပ်မတော် တပ်ထိန်းတပ်ဖွဲ့မှ ဗိုလ်မှူးကြီးတစ်ဦးကို အစားထိုး တာဝန်ပေးအပ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကြီးတန်းအရာရှိ တစ်ဦးက ပြောကြားသည်။

"ရန်ကုန်တိုင်း နယ်/လုံဝန်ကြီးလည်း အပြောင်းအရွှေ့မှာ ပါပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ရုံးက အကြောင်းကြားစာ ပို့ပေးထားပြီသိရတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် နယ်/လုံအပြောင်းအရွှေ့စာရင်းအရ ရန်ကုန်၊ ကရင်၊ ရခိုင်အပါအဝင် အခြားပြည်နယ်နှင့် တိုင်းလေးခုမှ နယ်လုံဝန်ကြီးများ ပါဝင်နေပြီး အပြောင်းအရွှေ့ကို ယခုရက်ပိုင်းအတွင်း ဆောင်ရွက်ရန် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

အဆိုပါအပြောင်းအရွှေ့နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၏ လက်ကိုင်ဖုန်းကို ညနေ ၄ နာရီခန့်မှ ၄ နာရီ ၄၆ မိနစ်အထိ ဖုန်းဖြင့် အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပေ။

ရန်ကုန်တိုင်းတွင် အစိုးရသစ်လက်ထက်၌ အစိုးရသက်တမ်း ငါးနှစ်မပြည့်မီ ဒုတိယမြောက်အဖြစ် နယ်/လုံဝန်ကြီး ဗိုလ်မှူးကြီးတစ်ဦးကို အစားထိုးရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက စီစဉ်ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်သို့ စတင်ကူးပြောင်းခဲ့သော ၂၀၁၀ ခုနှစ်တွင် ရန်ကုန်တိုင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးတင်ဝင်းကို စတင်ခန့်အပ်ခဲ့သည်။

■ J-17

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

The Voice Daily
လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် -
၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## မျက်နှာဖုံး - ထူးအယ်လင်းနှင့် ကော်ဘရာ ရှေ့နေပါဝါတင်မှ အဆက်

ယင်းတရားရုံးထံမှ သိရသည်။

၎င်းတို့နှစ်ဦးသည် ဇွန်လ ၂၂ ရက် ည ၉ နာရီခန့်က ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်တွင် အရက်သေစာသောက်စားမူးယစ်ပြီး အငှားယာဉ်တစ်စီးကို ပုဆိန်ဖြင့်ထုခွဲရိုက်နှက်နေသည်ဟု ရဲတပ်ဖွဲ့သို့ တိုင်ကြားမှုရှိသဖြင့် ဒဂုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် ဖမ်းဆီးထိန်းသိမ်းခဲ့ကာ စစ်ဆေးခဲ့ပြီး ၎င်းတို့ယာဉ်အတွင်းမှ ပုဆိန်တစ်လက်တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်း က (ပ)၁၀၃/၁၇၊ ရန်ကုန်ရဲအက် ၃၀ (က) ဖြင့် အမှုဖွင့်ဆောင်ရွက်ကာ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

"ဒီအမှုနဲ့ပတ်သက်ပြီး ဘာမှပြောစရာမရှိဘူး၊ ကိုယ်တို့နဲ့တကယ်ဖြစ်ခဲ့တဲ့ကားဆရာ ပျောက်သွားတယ်၊ ကျန်ခဲ့တာက ကိုယ်တို့ပဲကျန်ခဲ့တာ၊ ဖြေရှင်းရတာ ကိုယ်တို့ပဲဖြေရှင်းရတာ၊ ကိုယ်တို့က ရပ်ကွက်ထဲက သာမန်လူတွေ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ်တို့က ရပ်ကွက်ထဲမှာ ဒီလိုပဲနေလိုက်တယ်၊ အဲဒီမှာ ရပ်ကွက်နဲ့ ပြဿနာဖြစ်တာပါ၊ ဒီကိစ္စမှာ အမှားအမှန်ရှိတယ်၊ အချိန်တန်ရင် အဖြေပေါ်မှာပါ၊ ဖြစ်တာက ရပ်ကွက်ကဖြစ်တာ၊ ကိုယ်တို့နဲ့ဖြစ်တဲ့ နှစ်ယောက်က ဘယ်ရောက်သွားမှန်း မသိဘူး" ဟု မီဒီယာများ၏ မေးမြန်းမှုကို ထူးအယ်လင်းက တရားရုံးပြင်ပတွင် ပြန်လည်ဖြေဆိုခဲ့သည်။

၎င်းတို့နှစ်ဦးနှင့်ပြဿနာဖြစ်ခြင်းသည် နှစ်ဖက်အပြန်အလှန်ဖြစ်ခြင်း မဟုတ်ကြောင်း၊ ရပ်ကွက်သူရပ်ကွက်သားများက မိမိတို့နှစ်ဦးအပေါ်ဆွမ်းကြီးဝိုင်းလောင်းသည့် ပုံစံမျိုးဖြစ်ကြောင်း၊ ပျက်စီးသွားသည့် ကားမှာမိမိတို့ကား ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်မှဝိုင်းထုသဖြင့် ပုဆိန်၊ ခဲများရောက်ရှိလာခြင်းဖြစ်ကြောင်း အဆိုတော်ထူးအယ်လင်းက ဆက်လက်ပြောကြားခဲ့သည်။

တရားရင်ဆိုင်နိုင်ရန် အဆိုတော် ထူးအယ်လင်းအတွက် အထက်တန်းရှေ့နေ ဦးကျော်စွာဝင်းကလည်းကောင်း၊ ကော်ဘရာအတွက် တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်မာဝင်းကလည်းကောင်း လိုက်ပါဆောင်ရွက်ရန် ယနေ့ရုံးချိန်းတွင် ရှေ့နေပါဝါတင်ခဲ့ပြီး ဆက်လက်စစ်ဆေးနိုင်ရန် ဇူလိုင်လ ၁၃ ရက်နေ့သို့ ပြန်လည်ချိန်းဆိုထားသည်။

■ J-16

## မျက်နှာဖုံး - သုံးရက်အတွင်း ထိုင်းရောက် မြန်မာအလုပ်သမား ၂၀၀၀ ကျော် မှ အဆက်



Photo by PZKK

ဖမ်းဆီးခဲ့သည်။

ထိုသို့ ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော မြန်မာအလုပ်သမားများ နေရပ်ပြန်ရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက သတိပေးစာ ထုတ်ပြန်ခြင်းများပြုလုပ်ခဲ့သည်။

"အခုသတင်းပို့တာကတော့ ဒီသုံးရက်အတွင်းကို နှစ်ထောင်လောက်ရှိတယ်။ သူတို့ဘယ်လိုပြန်ရမလဲ၊ ဘယ်လမ်းကပြန်ရမလဲပေါ့၊ အကူအညီတောင်းခံကြတယ်။ အခုကူညီပေးနေတဲ့လူစာရင်းအရ ပြောရတာပါ ဖမ်းခံထားရသူတွေ တချို့က အဆက်အသွယ်ပဲ ရတာလေးတွေရှိတယ်။ လူစာရင်းတွေက ကောက်ခံနေတုန်းပါပဲ။ ထိုင်းဘက်က တရားဝင်ဖမ်းထားစာရင်း မရသေးဘူး" ဟု ဦးနိုင်မင်းသူက ပြောကြားသည်။

လက်ရှိအချိန်၌ မြန်မာအလုပ်သမားများ အများစု သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံ မဲဆောက်မြို့ မဟာချိုင်နှင့် ဖူးခက်မြို့များ၌ အများဆုံး ဖမ်းဆီးထိန်းသိမ်းခံရလျက်ရှိသည်။

ထိုင်းနိုင်ငံမှ နေရပ်ပြန်လာသော မြန်မာလုပ်သား ၂၃၀၀ ကျော်မှာ ဇွန်လ ၂၉ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ရောက်ရှိလာကြောင်း မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ပြောကြားသည်။

"မြန်မာလုပ်သားတွေ ထိုင်းဘက်ကနေကားတွေနဲ့လာပြီး မြန်မာဘက်ကို ရေလမ်းကနေ ကိုးသုံးလုံး ဇက်ဆိပ်ကနေ ဇက်တွေနဲ့ ကူးလာကြတာ၊ လက်ရှိ နေထိုင်စားသောက်ဖို့ကို စီစဉ်ပေးထားသလို၊ နေရပ်ပြန်ရင်လည်း အခမဲ့ကားတွေ စီစဉ်ပေးထားပါတယ်" ဟု ၎င်းက ပြောဆိုသည်။

ထိုင်းနိုင်ငံသို့ တရားမဝင် လာရောက်နေထိုင်သော မြန်မာရွှေ့ပြောင်းလုပ်သားများကို ဘတ်ငွေနှစ်သောင်းမှ လေးသိန်း အထိ ဒဏ်ကြေးငွေ အပါအဝင် ထောင်ဒဏ်ခြောက်လ ချမှတ်ပြီး လက်ခံထားသော အလုပ်ရှင်ကို ဘတ်ငွေလေးသိန်းမှ ရှစ်သိန်းအထိ ဒဏ်ရိုက်မည်ဟု ဥပဒေ ပြင်ဆင် သတ်မှတ်လိုက်သောကြောင့် ထိုင်းနိုင်ငံရှိတရားမဝင်မြန်မာအလုပ်သမားများ ထောင်နှင့် ချီထွက်ပြေးလာခြင်းဖြစ်ကြောင်း ထွက်ပြေးလာသော မြန်မာလုပ်သားများထံမှ သိရသည်။

ထိုင်းနိုင်ငံမှ ထွက်ပြေးလာသော မြန်မာလုပ်သားများကို မြဝတီမြို့နယ် ကိုးသုံးလုံးဇက်ဆိပ်တွင် ကြိုဆိုကာ နေရာထိုင်ခင်းများနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးလက်ခံထားကြောင်း၊ ဇွန်လ ၂၉ရက် နံနက်၇နာရီမှ မွန်းလွဲ၂နာရီ ကျား ၁၄၅၇ဦးနှင့် မ ၉၂၈ ဦး စုစုပေါင်း ၂၃၈၅ ဦးရောက်ရှိလာကြောင်း မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား လေးသန်းခန့်ရှိပြီး တရားမဝင် မြန်မာနိုင်ငံလုပ်သား တစ်သန်းခန့် ရှိကြောင်း မြန်မာနိုင်ငံ အလုပ်သမားအရေး ဆောင်ရွက်သူများက ခန့်မှန်းပြောဆိုကြသည်။

တရားမဝင် မြန်မာနိုင်ငံသားများ အဖမ်းအဆီးမရှိ နေရပ်ပြန်နိုင်ရန် ထိုင်းနိုင်ငံနှင့် မြန်မာအစိုးရက ဆွေးနွေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်က ပြောကြားသည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲကို ဇွန်လ ၂၉ ရက်မှ၃၀ ရက်အထိ ရန်ကုန်မြို့၌ ပြုလုပ်နေခြင်းဖြစ်သည်။

ဇွန်လ ၁၉ ရက်၌ ထိုင်းနိုင်ငံ အစိုးရမှ ပြဋ္ဌာန်းလိုက်သော ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ဥပဒေအရ ဒဏ်ငွေနှစ်ထောင်မှ လေးသိန်းအထိနှင့် ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်နိုင်သည်။

■ J-18, R-16

# REGIONAL



Photo.Zin Min Tun

## ဆားလင်းကြီးမြို့နယ်တွင် ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများဆန္ဒပြ

**ကလေး၊ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်တွင် ဇွန်လ ၂၈ရက် နံနက်ပိုင်းက ငွေသာကျေးရွာဟောင်းရှိ အခြေခံပညာမူလတန်းလွန် စာသင်ကျောင်းကို ငွေသာကျေးရွာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးရေး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ အပါအဝင် စုစုပေါင်း လူဦးရေ ၁၀၀ကျော်ဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သော ငွေသာကျေးရွာ (ရွာသစ်) ကျေးရွာတာဝန်ခံ ဦးစိုးစိုး က ပြောကြားသည်။

ငွေသာကျေးရွာ၏ အထက်တွင် ဆည်တည်ဆောက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင် ငွေသာရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ ပြောင်းရွှေ့နေထိုင်ပြီး ရွာသစ်မှ ၁ မိုင်ကျော်ဝေးသော ရွာဟောင်းရှိ အခြေခံပညာမူလတန်းလွန် ကျောင်းသို့ ကျောင်းသား၊ ကျောင်းသူ ၉၀ ခန့်မှာ ကျောင်းတက်နေကြောင်း၊ ရွာဟောင်းမှ စာသင်ကျောင်းကို ရွာသစ်သို့ ပြောင်းရွှေ့ပေးရေး ဆောင်ရွက်နေချိန် ရွာဟောင်းရှိ စာသင်ကျောင်းကို အဆောက်အအုံ အသစ်တည်ဆောက်ရန် ပြုလုပ်ခဲ့ခြင်းကြောင့် ဆန္ဒထုတ်ဖော်ရခြင်း ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများထံမှ သိရသည်။

“ဝန်ကြီးချုပ်၊ တိုင်းလွှတ်တော် ဥက္ကဋ္ဌတို့ ရွာဘက်ကိုလာတဲ့အချိန်မှာ နှုတ်နဲ့ ကျောင်းရွှေ့ပေးဖို့ တောင်းဆိုခဲ့တယ်၊ နောက်နှစ်တွေ ရအောင်လုပ်ပေးပါမယ်နဲ့ ပြောလို့ စောင့်ရင်း စောင့်ရင်းနဲ့ အခုထိလုပ်မပေးသေးတာဗျ” ဟုကျေးရွာတာဝန်ခံ ဦးစိုးစိုးက ပြောဆိုသည်။

ဆန္ဒထုတ်ဖော်ရာတွင် ငွေသာဆည်အောက်ရှိ အခြေခံပညာမူလတန်း(လွန်) ကျောင်းပြောင်းရွှေ့ပေးရေး ငွေသာကျေးရွာသစ်ရှိကျောင်းသား၊ ကျောင်းသူ အယောက် ၉၀ ပညာသင်နှစ် တစ်နှစ်မအောက်ရေး၊ ကျောင်းသား၊ ကျောင်းသူအယောက်၃၀သာရှိသော ရွာဟောင်းမှ ကျောင်းသားဦးရေများပြားသော ရွာသစ်သို့ ပြောင်းရွှေ့ပေးပါလျက်နှင့် မရွှေ့ပေးသော တာဝန်ရှိသူများကိုအလိုမရှိ၊ ကျောင်းအဆောက်အအုံသစ် အလျင်အမြန် ဆောက်လုပ်ခဲ့သော လက်ရှိကျောင်းအုပ်ကြီးကို အလိုမရှိ စသည့် ကြွေးကြော်သံများဖြင့် လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့သည်။

အဆိုပါ ကျောင်းရွှေ့ပြောင်းရေးနှင့် ပတ်သက်၍ ခရိုင် ၊ မြို့နယ် ပညာရေးမှူး၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ဇွန်လတွင်သွားရောက်ညှိနှိုင်းရာ သုံးကြိမ်ခန့်ရှိခဲ့ကြောင်း ၊ ရွှေ့ပြောင်းရာတွင် ပြည်ထောင်စု အဆင့်က ရွှေ့ပြောင်းပေးမှ ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများအနေနှင့် ရွာဟောင်းရှိ ကျောင်းတွင် မအပ်ချင်ပါက အခြားရွာရှိ ကျောင်းတွင် အပ်နှံနိုင်ကြောင်း၊ ယင်းနောက်တွင် ကျောင်းပြောင်းရွှေ့ တည်ဆောက်ရေးအတွက် စာတင်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောမောင်က ပြောသည်။

■ R - 20

## ဇင်းကျိုက်ရေတံခွန်တွင် တရားမဝင် အရက်ရောင်းသောဆိုင်များကို ဖမ်းဆီး

**မော်လမြိုင်၊ ဇွန် ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိဇင်းကျိုက်ရေတံခွန်တွင် အရက်မရောင်းချရန် ဒေသန္တရအမိန့်ထုတ်ပြန်ထားသော်လည်း အရက်ရောင်းချသော စားသောက်ဆိုင် သုံးဆိုင်ကို ဇွန်လ ၂၆ရက်က ဖမ်းဆီးခဲ့ကြောင်း ပေါင်မြို့နယ် ရဲစခန်းထံမှ သိရသည်။

“ရေတံခွန်မှာ အရက်ရောင်းနေတာကို ဒေသခံတွေက လက်မခံဘူး၊ အရက်မူးပြီး ရန်ဖြစ်တာတွေ၊ မိန်းကလေးတွေသွားလာနေတဲ့နေရာမှာ မူးယစ်ရမ်းကားနေသူများတွေ့ရှိတာကြောင့် ဆိုင်တွေကို ပူးပေါင်းအဖွဲ့နဲ့ ဖမ်းဆီးခဲ့တာပါ” ဟု ပေါင်မြို့နယ် ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးက ပြောကြားသည်။

အရက်ရောင်းသည့်စားသောက်ဆိုင်များအနက် အချို့မှာ အရက်၊ ဘီယာများကို ဆိုင်တွင် မထားဘဲ ခိုးရောင်းမှုများလည်း ရှိကြောင်း၊ ဖမ်းဆီးရမိသော ဆိုင်ရှင်တို့ကို ယစ်မျိုး ဥပဒေပုဒ်မ ၃၀ (က) ဖြင့် အမှုဖွင့်ထားကြောင်း ၎င်းထံမှ သိရသည်။

ဇင်းကျိုက်ရေတံခွန်တွင် ရောင်းချနေ သော ဈေးဆိုင်များမှာ ပုဂ္ဂလိကထံ လေလံပေးထားပြီး ယခင်ကာလက အရက်ရောင်းချမှုများ ရှိနေကြောင်း၊ ၂၀၁၆ ခုနှစ်က ပေါင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က အရက်မရောင်းရ နေရာအဖြစ် သတ်မှတ်ရန် လွှတ်တော်တွင် အဆိုတင်သွင်း အောင်မြင်ခဲ့ပြီးနောက် ထိုဇင်းကျိုက်ရေတံခွန်ရှိ စားသောက်ဆိုင်များကို အရက်မရောင်းရ ဒေသန္တရ အမိန့်ထုတ်ပြန်ခဲ့သည်။

■

## ဘုရားကြီးမြို့ သံလမ်းဂိတ်မောင်းတံတံခါးချိတ်ပြုတ်ကာ ဆိုင်ကယ်ဖြင့် တိုက်မိရာမှ တစ်ဦးသေ

**တောင်ငူ၊ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့မှ အမြန်လမ်းသို့ဖြတ်တက်သော လမ်းမကြီးပေါ်ရှိ မီးရထားသံလမ်းကူးဂိတ်တွင် ဇွန်လ ၂၈ ရက် ညနေ ၄နာရီခန့်က ရထားသံလမ်း မောင်းတံခါးချိတ်ပြုတ်ရာမှ ဆိုင်ကယ်ကို တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း ဘုရားကြီးနယ်မြေရဲစခန်းထံမှ သိရသည်။

“တံခါးက ရင်ခွဲတံခါး တစ်ဖက်ကပ်ဖွင့်ထားပြီး ချိတ်နဲ့ ချိတ်ထားရတာ၊ တံခါးချိတ်က ပြုတ်ပြီး အလိုအလျောက်ပိတ်သွားချိန်မှာ အရှိန်နဲ့ မောင်းလာတဲ့ ဆိုင်ကယ်ကို တိုက်မိတာ”ဟု ဘုရားကြီးမြို့ နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဘုရားကြီးမြို့ သရက်ကုန်းကျေးရွာတွင်နေထိုင်သော ကိုသာချို( ၃၃နှစ်) မောင်းလာပြီး ဆိုင်ကယ်နောက်မှ မနော်ဟဲနီခေး(၃၃နှစ်)လိုက်ပါလာသောမော်တော်ဆိုင်ကယ်မှာ ဘုရားကြီးဘက်သို့မောင်းလာစဉ် သံလမ်းဂိတ်မောင်းတံ တံခါးချိတ်မှာ အလိုအလျောက်ပြုတ်ကာ တိုက်မိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းသူ သေဆုံးပြီး ဆိုင်ကယ်နောက်တွင်လိုက်ပါသူမှာ ဒဏ်ရာရရှိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း ဘုရားကြီးနယ်မြေရဲစခန်းထံမှ သိရသည်။

■

R-15

## မိတ္ထီလာသို့ ရှမ်းခရမ်းချဉ်သီးအဝင်များပြီး ဈေးကျ

**မိတ္ထီလာ၊ ဇွန် ၂၉**

ဒေသထွက်ခရမ်းချဉ်သီး မပေါ်သေးချိန် မိတ္ထီလာသို့ ရှမ်းပြည်ထွက် ခရမ်းချဉ်သီးများဝင်ရောက်လျက်ရှိပြီး အပျက်အစီးလည်းများသဖြင့် ခရမ်းချဉ်သီး (ဒေသအခေါ် ရှမ်းသီး)ဈေးမှာကျဆင်းနေကြောင်း မိတ္ထီလာမြို့မဈေးကြီး ကုန်စိမ်းတန်းရှိ ပွဲရုံများထံမှ စုံစမ်းသိရှိရသည်။

မိတ္ထီလာဈေးကွက်သို့ရှမ်းပြည်ထွက် ခရမ်းချဉ်ဝင်ရောက်မှုသည် တစ်နေ့လျှင် ခရမ်းချဉ်သေတ္တာ (၉၀၀-၁၀၀၀)ပါသော ကားသုံးစီးမှလေးစီးခန့်သာဝင်ရောက်သော်လည်း ယခုရက်ပိုင်းတွင် တစ်နေ့လျှင် ကားစီးရေရှစ်စီးမှ ကိုးစီးအထိ ဝင်ရောက်သဖြင့် ခရမ်းချဉ်သီး ပိဿာ ၂၀ ပါ တစ်သေတ္တာလျှင် ယခင်ဈေး ၁၄၀၀၀ ကျပ်ဝန်းကျင်မှ ၆၀၀၀ ကျပ်အထိ ဈေးကျဆင်းကြောင်း ဒေသခံခရမ်းချဉ်ပွဲရုံများထံမှ စုံစမ်းသိရှိရသည်။

ရှမ်းပြည်ထွက် ခရမ်းချဉ်သီးမှာ အစိုသီးနှင့် အခြောက်သီးဟူ၍နှစ်မျိုးရှိပြီး အစိုသီးကကြာရှည်အထား မခံသည့်အတွက် ဈေးချိုကြောင်း၊ ခရမ်းချဉ်သီးသည် ရှမ်းပြည်နယ်ရပ်စောက်၊ အောင်ပန်းနှင့် အောင်သပြေဒေသတို့မှ မိတ္ထီလာဈေးကွက်သို့ အများဆုံးဝင်ရောက်ကြောင်း ကျော်ပွဲရုံမှ ဒေါ်ဌေးဌေးလှုက ပြောကြားသည်။

“ရှမ်းပြည်ဘက်မှာပြီးခဲ့တဲ့ ဆောင်းအကုန် နွေအကူးကတည်းက ဂိုဒေါင်တွေနဲ့ ကျင်းထားတဲ့( သိုလှောင်ထားတဲ့) ခရမ်းချဉ်သီးတွေ ဒီဘက်ကို အများကြီးဝင်လာတယ်”ဟု ၎င်းက ဆိုသည်။

လက်ရှိအနေအထားအရ မိတ္ထီလာဈေးကွက်သို့ ခရမ်းချဉ်သီးဝင်ရောက်မှုများသဖြင့် ပွဲရုံများတွင် ဈေးကျသွားသော်လည်း လက်လီဈေးကွက်တွင်သိသာစွာကျဆင်းခြင်းမရှိကြောင်း၊ ဝင်ရောက်လာသော ခရမ်းချဉ်များမှာ သိုလှောင်ပစ္စည်းများဖြစ်၍ လမ်းခရီးတွင် ပျက်စီးမှုများကြောင်း သမာဓိပွဲရုံမှ ဦးပေါက်က ပြောဆိုသည်။

“ခရမ်းချဉ်သီး အချိန် ၂၀ ပါတစ်သေတ္တာမှာ ထက်ဝက်လောက်က အပျက်အစီးပါနေတော့ လက်လီသမားတွေက ပျက်စီးမှုတွေကိုကာမိအောင် ပွဲရုံဈေးထက် နှစ်ဆကျော်လောက်ရမှ စားသုံးသူကိုပြန်ရောင်းနိုင်တယ်” ဟု ၎င်းက ဆက်ပြောသည်။

မိတ္ထီလာမြို့နယ်တွင် ကုန်းတန်း၊ အင်ပင်ဝ၊ အိုင့်၊ ကုန်းသာ၊ နတ်မောက် မြို့နယ် အိုင်းမကြီး၊ သာယာကုန်း၊ ဆုံကုန်းစသောရွာများသည် တစ်နှစ်ပတ်လုံး ခရမ်းချဉ်ကို အဓိကစိုက်သောရွာများဖြစ်ပြီး၊ ဇူလိုင်လ နောက်ဆုံးသီတင်းပတ်တွင် ဒေသတွင်း၌ One Tri ခရမ်းချဉ် (ဒေသအခေါ် တိုင်ထောင်သီး) များထွက်လာတော့မည်ဖြစ်ကြောင်း ခရမ်းချဉ်စိုက်တောင်သူများထံမှ စုံစမ်းသိရှိရသည်။

■ R-01

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



ဓာတ်ပုံ - ပေါ်ဦး

# နှမ်းစိုက်ခင်း ပေါင်းထိုးလုပ်သားရှား၍ ဈေးမြှင့်ပေးခေါ်ရ

**နတ်မောက်၊ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူ အချို့အနေနှင့် ပေါင်းထိုးလုပ်သားရှားပါးခြင်းကြောင့် လုပ်သားခများကို ဈေးတိုးမြှင့်ပေးကာ အလုအယက်ခေါ်ယူနေရကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

မြို့နယ်အတွင်း နှမ်းစိုက်ခင်းများတွင် ပေါင်းမြက်ထူထပ်စွာပေါက်နေပြီး မိုးရွာသွန်းမှုများကြောင့် ပေါင်းထိုးမြက်သင်ချိန်နောက်ကျခဲ့ရကာ အချိန်မီ ပြီးစီးနိုင်ရေးအတွက် ယခုလိုလုပ်သားရှားပါးမှုများကို ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း ၎င်းတို့က ရှင်းပြပြောဆိုသည်။

"ဇွန်လနောက်ပိုင်း စိုက်ခင်း တွေက ပေါင်းရောနှမ်းပါတစ်ခါတည်းရောပေါက်တာ။ လုပ်သားကခေါ်မရ၊ ဈေးတွေတက်ပေးလည်း အလုအယက်ခေါ် နိုင်မှ၊ ဒါတောင်နောက်ရက်မသေချာတော့ ဒီနှစ်နှမ်းစိုက်ခင်းတွေ ကောင်းသလောက် အတော်လေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်" ဟု နတ်မောက်မြို့အနီး ဘုန်းတော်ပြည့်ကျေးရွာမှတောင်သူဦးတင်ဝင်းက ဆိုသည်။

ပုံမှန်အချိန်များတွင် လုပ်သားခဈေးနှုန်းမှာ တစ်နေ့တာလုံးအတွက် ကျပ် ၃၅၀၀ ရှိသော်လည်း ယခုအခါ လုပ်အားခမှာ ကျပ် ရှစ်ထောင်နှင့် တစ်သောင်းဝန်းကျင်အထိပေးရကြောင်း ကျွဲတူးကန်ကျေးရွာမှ တောင်သူ ဦးပန်းလှိုင်က ပြောကြားသည်။

"ကျွန်တော်ကတော့ ဘယ်လိုမှ လူငှားမရတာနဲ့ နွားရှဉ်းတွေနဲ့ နှမ်းကြောင်းတွေ ထပ်ခါထပ်ခါလိုက်ရတယ်။ ထွန်ရေးကြောင်းအတွင်းက ပေါင်းပင်တွေတော့ အပြောင်ရှင်းနိုင်ပေမယ့် အပင်ကြားကပေါင်းတွေပြောင်ဖို့အတွက်ကတော့ လုပ်သားငှားရမှပဲ အဆင်ပြေတော့မှာ" ဟု ၎င်းကရှင်းပြသည်။

ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်အတူ ထိုက်သင့်သော လုပ်အားခရရှိမှသာ လုပ်သားများ အဆင်ပြေနိုင်ကြောင်း၊ ယင်းသို့တစ်နေ့ လုပ်အားခ ကျပ် ၃၅၀၀မှာ ယခုအခါအဆင်ပြေဘဲ မိသားစုစားဝတ်နေရေးအတွက် သင့်တင့်မျှတသည့် လုပ်အားခရရှိရန် လိုအပ်ကြောင်း ကျောက်ပုံကျေးရွာမှ လုပ်သားခေါင်းဦးစိုးဝင်းက သုံးသပ်ပြောဆိုသည်။

နှမ်း ၅ တင်းခန့်ထွက်ရှိနိုင်မည့် တစ်ဧကစာအကျယ်ရှိ နှမ်းစိုက်ခင်းကို ပေါင်းထိုးလုပ်သားခကျပ်တစ်သိန်းဝန်းကျင်ခန့် ကုန်ကျနိုင်ပြီး ယမန်နှစ်က ရရှိသည့် နှမ်းဈေးနှင့်နှိုင်းယှဉ်ပါက ယာခင်းကျယ်ပြန့်လေ အရှုံးပေါ်လေဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။

"ပြောရရင်တော့ နှမ်းသုံးတင်းရောင်းလို့ ငွေတစ်သိန်းရဖို့မသေချာတဲ့ အဖြစ်မျိုးပါ။ တောင်သူတွေအတော်လေး ထိကြတယ်" ဟု နှမ်းစိုက်ဧကများသည့် ညောင်ကျပွင်ကျေးရွာတောင်သူ ဦးဆန်းဝင်းက ဆိုသည်။

■ R-02

# ကလေးမြို့ရှိ ရပ်ကွက် ၂ခုတွင် ရေတွင်းတူးရန် လေ့လာ

**ကလေး၊ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ သောက်သုံးရေမကြာခဏ ပြတ်လပ်မှုကြုံရသော လှိုင်သာယာနှင့် ကြို့သုံးပင်ရပ်ကွက်တို့တွင် ရေတွင်းများ တူးဖော်နိုင်ရေးအတွက် လေ့လာနေကြောင်း ကလေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက ပြောကြားသည်။

အဆိုပါရပ်ကွက် နှစ်ခုတွင် တွင်းရေများ ခန်းခြောက်ပြီး မကြာခဏ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေကြောင်း၊ မြေအောက်တွင် ကျောက်လွှာများ အထပ်ထပ်ခံနေခြင်း၊ အားလူကျောက်ဟုခေါ်သည့် ရေတွင်းတူးရန် ခက်သည့် ကျောက်များ အလွှာလိုက်တည်ရှိနေခြင်းတို့ကြောင့် ရေတွင်းတူးသော အပေါ်ယံ ရေကြောကိုသာအသုံးပြုကြရကြောင်း၊ အပေါ်ယံရေကြောမှာ နွေရာသီတွင် ရေခန်းခြောက်ခြင်း မိုးရာသီမိုးများပါက ရွှံ့ရေများကြောင့် တွင်းရေထွက်ပေါက်များ ပိတ်ကာရေခန်းခြင်းများ ဖြစ်ပေါ်သည့်အတွက် ရပ်ကွက်တစ်ခုလျှင် ရေတွင်းတစ်တွင်းနှုန်းကို ယခုဘဏ္ဍာနှစ်တွင် တူးဖော်ရန် လေ့လာနေကြောင်း ၎င်းထံမှ သိရသည်။

အဆိုပါ ရပ်ကွက်နှစ်ခုတွင် ဇွန်လဒုတိယပတ်မှစတင်ကာ မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် တောင်ကျရေများ ကျဆင်းလာပြီး နွံများပိတ်ဆို့မှုကြောင့် တွင်းရေခန်းခြောက်ခဲ့ကြောင်း၊ ပိတ်ဆို့သောတွင်းများထံမှ နွံကို ဖယ်ရှားပြီးသောကြောင့် သောက်သုံးရေ ပြန်လည်ရရှိနေကြောင်း၊ ရပ်ကွက်များတွင် ၁၂ရာသီပတ်လုံး သောက်သုံးရေ မပြတ်စေရန် ရေတွင်းတူးပေးမည်ဟု သိရသဖြင့် ဝမ်းသာကြောင်း ရပ်ကွက်နှစ်ခုမှ အုပ်ချုပ်ရေးမှူးများက ပြောကြားသည်။ ■

# ခြောက်တန်းကျောင်းသားကို ပါးရိုက်သည့် အမျိုးသမီး ပြန်လည်တောင်းပန်

**မိတ္ထီလာ၊ ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အောင်ဆန်းမြို့သစ်ရပ်ကွက်၊ အမှတ် (၂၇) မူလတန်းလွန်ကျောင်းတွင် မတော်တဆ ဘောလုံးမှန်သည်ကို အကြောင်းပြု၍ ခြောက်တန်းကျောင်းသားကို ပါးရိုက်ခဲ့သည့် အမျိုးသမီးသည် ဇွန်လ ၂၉ ရက်နေ့က ကျောင်းအုပ်ဆရာမကြီး၏ ညှိနှိုင်းပေးမှုကြောင့် ပြန်လည်တောင်းပန်ခဲ့သဖြင့် ကျေအေးပေးခဲ့ကြောင်း အရိုက်ခံရသည့် ကလေးငယ်၏ ဖခင် ဦးမောင်မောင်က ပြောကြားသည်။

"သားကို ပါးကိုတစ်ချက်ရိုက်တော့ တောင်းပန်တဲ့ဟာကို ပါးကို နှစ်ချက်ထပ်ရိုက်တယ်။ သားကန်လိုက်တဲ့ဘောလုံးက သားသူငယ်ချင်းကိုထိပြီး အန်တီ့ကို မှန်တာပါလို့ပြောတော့ ကုပ်ကိုဆွဲပြီး သုံးချက်ထပ်ရိုက်တယ်။ အခုပါးတွေနာနေတယ်" ဟု ကာယကံရှင်ကျောင်းသားက ပြောဆိုသည်။

ဖြစ်စဉ်မှာ ဇွန်လ ၂၈ ရက်၊ နေ့လယ်ပိုင်း မုန့်စားဆင်းချိန်ခန့်က အဆိုပါ ဆဋ္ဌမတန်းကျောင်းသားသည် သူငယ်ချင်းများနှင့် ဘောလုံးကန်နေစဉ် အဆိုပါ ကျောင်းတွင် တက်ရောက်နေသော ကလေးအတွက် ပုံဆွဲစာအုပ်ဝယ်ပေးရန် ကျောင်းဝင်းအတွင်းသို့ဝင်ရောက်လာသော အောင်ဆန်းမြို့သစ်ရပ်နေ အမျိုးသမီးကို ဘောလုံးမှန်သဖြင့် ဒေါသအလျောက် ကိုယ်ထိလက်ရောက်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေးက ပြောကြားသည်။

"ကျွန်မတို့က ပြဿနာအသွင်ကို ဆောင်သွားတာမဟုတ်ပါဘူး။ ညှိနှိုင်းပြီးတော့ပေါင်းစပ်ပေးဖို့ပါ။ ကလေးနစ်နာသွားတဲ့အတွက် ကလေးနဲ့မိဘတွေ ကျေနပ်တဲ့အထိတောင်းပန်ရမယ်။ ကလေးအများရှေ့မှာဖြစ်တဲ့အတွက် အများရှေ့မှာ တောင်းပန်ရမယ်။ လူကြီးတွေရဲ့ဒေါသစိတ်ကြောင့် ကလေးလေးတွေကို အပြစ်မဖြစ်စေချင်ဘူး။ ပြဿနာကိုလည်းကျယ်ပြန့်မသွားစေချင်ပါဘူး" ဟု ၎င်းက ဆိုသည်။

■ R-01

# ကုလားတန်စီမံကိန်းအတွက် အိန္ဒိယက သင်္ဘောခြောက်စင်း လွှဲပြောင်းပေးအပ်

**စစ်တွေ၊ ဇွန် ၂၉**

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးစီမံကိန်းတစ်ခုဖြစ်သည့် ကုလားတန်ဘက်စုံစီမံကိန်းတွင် အသုံးပြုရန်အတွက် သင်္ဘော ခြောက်စင်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ ဇွန်လ ၂၆ ရက်နေ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောကြားသည်။

ကုလားတန်ဟု အမည်ပေးထားသည့် သင်္ဘောခြောက်စင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့မှ ချင်းပြည်နယ်၊ ပလက်ဝမြို့အထိ ရေကြောင်းခရီးတွင်အသုံးပြုမည်ဖြစ်ပြီး ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကုန်းလမ်းဖြင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်မည်ဖြစ်ကြောင်း ကုလားတန်ဘက်စုံစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

စီမံကိန်းအရ ပလက်ဝနှင့် စစ်တွေမြို့သို့ ရေလမ်းခရီးတွင် အသုံးပြုရန်ပေးအပ်သည့်သင်္ဘောခြောက်စင်းအနက် နှစ်စင်းမှာ ဇန်နဝါရီလဆန်းက စစ်တွေမြို့ကို ရောက်ရှိနေပြီဖြစ်ကြောင်း စစ်တွေမြို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနထံမှ သိရသည်။

ကုလားတန် ဘက်စုံစီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် စတင်စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန်ရည်မှန်းထားခဲ့သော်လည်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် မူလသတ်မှတ်ထားသည့်အချိန်ထက် နောက်ကျခြင်းဖြစ်ပြီး မကြာမီဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း စီမံကိန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ R-04

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ပြည် ကေတီဗီစင်တင်စားသောက်ဆိုင်တွင် ဆိုင်လာသူကို ဝန်ထမ်းများ ရိုက်နှက်၊ တစ်ဦးသေဆုံး

**ပြည်၊ ဇွန် ၂၉**

ပြည်မြို့နဝဒေးကုန်စည်ကားဝင်းရှိ Royal Star Ktv စင်တင်စားသောက်ဆိုင်တွင် ဇွန်လ ၂၈ ည ၉နာရီခန့်က သီချင်းဆိုရန် လာရောက်သော အသက် ၂၃နှစ်အရွယ်လူငယ်သုံးဦးက အခန်းမရ၍ ဆိုင်ဝန်ထမ်းများနှင့် စကားများ ရန်ဖြစ်ရာမှ ဆိုင်ဝန်ထမ်းများက အုပ်စု ဖွဲ့ရိုက်နှက်သဖြင့် တစ်ဦး သေဆုံးခဲ့ကြောင်း ယင်းမြို့ အမှတ် (၂) မြို့မ ရဲစခန်းမှ ဒုရဲမှူး တင်ကိုက ပြောကြားသည်။

အဆိုပါဆိုင်သို့အသက် ၂၃နှစ် အရွယ် ကိုဇာနည်ထွန်း၊ ကိုသော်ဇင်အောင်၊ ကိုနိုင်းဝေယံတို့က ရောက်ရှိလာပြီး သီချင်းဆိုရန် အခန်းငှားရမ်းခဲ့ကြောင်း၊ ဧည့်ကြိုတစ်ဦးက တစ်ခန်း ကျန်သေးသည်ဟု ဆိုသော်လည်း အခြား ဧည့်ကြိုတစ်ဦးက ကြိုတင်ငှားရမ်းထားသူရှိသောကြောင့် မရနိုင်ကြောင်း ပြောရာမှ နှစ်ဖက်အချင်းများခဲ့ကြောင်း၊ ယင်းလူငယ်သုံးဦးကို ဆိုင်ဝန်ထမ်း ၁၅ဦး ကျော်က ဝိုင်းရိုက်ကာ ဓားဖြင့်ထိုးသဖြင့် ကိုဇာနည်ထွန်းသေဆုံးခဲ့ကြောင်း ယင်း ရဲစခန်းထံမှ သိရသည်။

"လှည့်ကင်းပတ်နေတုန်း ရိုက်ပွဲဖြစ်သွားတယ် ကြားလို့ ချက်ချင်းသွားတာ၊ ကေတီဗီခန်းထဲမှာ ဖြစ်တာကို အပြင်ကို ဆွဲထုတ်ထားတယ်"ဟု အမှတ်(၂) မြို့မ ရဲစခန်းမှ ဒုရဲမှူး တင်ကိုက ရှင်းပြသည်။

အဆိုပါ အုပ်စုဖွဲ့ရိုက်နှက်မှုကြောင့် တစ်ဦးသေဆုံးပြီး ကျန်နှစ်ဦးမှာ ပြည်မြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေရကြောင်း၊ လူသတ်မှုနှင့်ပတ်သက်၍ ဆိုင်ရှိ ဝိတ်တာများ၊ ဘားဝန်ထမ်း၊ စင်တင်မီးထိုးနှင့်လုံခြုံရေး စုစုပေါင်း ၂၈ဦးကို စစ်ဆေးနေပြီး CCTV မှတ်တမ်းများလည်းရှိကြောင်း၊ ကျူးလွန်သူများကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ၃၀၂၊ ၃၂၆၊ ၃၂၃၊ ၁၁၄တို့ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

"ရှော့ လှည့်ကင်းကားတွေ ပြီးတော့ ကျွန်တော့် လှည့်ကင်းကားက နဝဒေးလမ်းကနေပတ်လာချိန်မှာ လူတစ်ယောက်က လမ်းပေါ်အော်ပြီး ပြေးလာရင်း လဲကျသွားတယ်၊ ဆင်းကြည့်တော့ လဲကျနေသူက ကျွန်တော့် သူငယ်ချင်းနှစ်ယောက် အခြေအနေမကောင်းဘူး အမြန်သွားကယ်ပါ ပြောတယ်၊ သူ့ကယ်ဖို့လုပ်ပြီး ဆိုင်ရောက်သွားတော့ ဝန်ထမ်းတွေ တစ်ယောက်မှမရှိတော့ဘူးဆိုပြီးပြောတယ်။ သေဆုံးသူတစ်ယောက်နဲ့ နောက်တစ်ယောက်ကို ဆိုင်အပြင်ဆွဲထုတ်ထားတယ်"ဟု မျက်မြင်တွေ့ရှိသူ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လူသတ်မှုဖြစ်ရာ အနီးပတ်ဝန်းကျင်သို့ မေးမြန်းသော်လည်းမဖြေရဲကြောင်း၊ Royal Star ပိုင်ရှင်နှင့် မန်နေဂျာကို မေးမြန်း သော်လည်း ပြန်လည်ဖြေကြားခြင်း မရှိပေ။ ■

# တရားမဝင် သဲစုပ်လုပ်ငန်းများ ရပ်ဆိုင်းထားရန် တိုင်းအစိုးရ ညွှန်ကြား

**တောင်ငူ၊ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး မြို့နယ်အချို့ရှိ စစ်တောင်းမြစ်နှင့် ဧရာဝတီမြစ် အပါအဝင် အခြားမြစ်လက်တက်များတွင် တရားမဝင် သဲစုပ်လုပ်ငန်းလုပ်ကိုင်နေသူများကို ဇွန်လမှ စတင်ကာ လုပ်ငန်းများ ရပ်ဆိုင်းထားရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သစ်တောရေးရာ ဝန်ကြီး ဦးကျော်မင်းစံက ပြောကြားသည်။

မြစ်ကမ်းများတွင် သဲစုပ်လုပ်ငန်းများ လုပ်ကိုင်မှုများလာသဖြင့် ကမ်းပြိုမှုများ ပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် လိုင်စင်မရှိသော သဲထုတ်လုပ်သည့် လုပ်ငန်းများကို ပိတ်သိမ်းထားခြင်း ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများမှ လုပ်ငန်းလိုင်စင်လျှောက်ထားလိုသူများက သက်ဆိုင်ရာတွင် လျှောက်ထားပြီး သတ်မှတ်ချက်နှင့် ညီပါက ခွင့်ပြုချက်ပေးမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ပဲခူးတိုင်းဒေသကြီးရှိ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသော လုပ်ငန်းများကို တိုင်းအစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တိုင်ကြားလျက်ရှိရာ ပဲခူးနှင့်ပြည်မြို့နယ်များရှိ ကျောက်စရစ် ထုတ်ယူသည့် လုပ်ငန်းများ၊ သဲထုတ်လုပ်ရေး လုပ်ငန်းများမှာ အများဆုံး အတိုင်ခံရကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးရှိ မြစ်ချောင်းများတွင် သဲစုပ်လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မြစ်ချောင်းကြီးများသည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လုပ်ကိုင်ခွင့် မရှိကြောင်း၊ သဲနှင့်ကျောက်ထုတ်လုပ်ရာတွင် တစ်နေ့တာ သတ်မှတ်ကျင်းအရေအတွက်သာ ထုတ်ယူရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားသော်လည်း လိုက်နာသူ နည်းပါးကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်နေသူ အမျိုးသား တစ်ဦးက ပြောဆိုသည်။ ■

**R-15**




ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံတွင် ဇွန်လ ၂၉ ရက် နံနက်ပိုင်းက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေသခံ အမျိုးသမီး ၂၀ က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ထံမှ သိရသည်။

# NEWS IN BRIEF

## အင်းတော်တွင် ကျပ်သိန်း ၅၀၀ ကျော်ဖိုး မူးယစ်ဆေး ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ဇွန်လ ၂၉ရက် နံနက်အစောပိုင်းက အသက် ၂၃နှစ်အရွယ် လူငယ်တစ်ဦးထံမှကျပ်သိန်း ၅၀၀ကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများ ဖမ်းမိကြောင်း အင်းတော်မြို့မရဲစခန်းထံမှ သိရသည်။

အင်းတော်မြို့ဘက်မှ နဘားစော်မှော်ချောင်းဘက်သို့ ကိုကျော်ကျော်(ခ)ကျော်မင်းဦး (၂၃နှစ်) မောင်းလာသော ဆိုင်ကယ်ကို ရဲတပ်ဖွဲ့က ရှာဖွေရာမှ ဘိန်းဖြူ ၁၁ ဂရမ်စီပါသော ဆပ်ပြာခွက် ၃၃ ခွက်နှင့် စိတ်ကြွဆေးပြား ၁၅၀၀ ကျော်ကို ဖမ်းမိရရှိသဖြင့် ၎င်းကို အမှုဖွင့်ကာ ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း နဘားရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်ခင်ဇော်ထိုက် ကပြောကြားသည်။ ■

## ဟင်္သာတလမ်းတွင် မီးရထားနှင့် သုံးဘီးဆိုင်ကယ် တိုက်မိ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျုံတုံးကျေးရွာအုပ်စု တာဂွကျေးရွာမိုင်တိုင်အမှတ် ၁၁၃/၇ နှင့် ၁၁၃/၈ အကြား မီးရထားလမ်းနှင့် ကားလမ်းဆုံရာနေရာတွင် ဇွန်လ ၂၈ ရက် နံနက်ပိုင်းက သုံးဘီးဆိုင်ကယ်နှင့် မီးရထားတိုက်မိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဟင်္သာတဘက်မှ ကြံခင်းဘက်သို့ စက်ခေါင်းမောင်း ဦးကျော်ဇင်ဦးခုတ်မောင်းလာသော ရထားအမှတ် ၁၈၁ (အဆန်)အမြန်ရထား နှင့် ကိုသိန်းထိုက် (၂၇နှစ်) မောင်းလာသော သုံးဘီးဆိုင်ကယ်တို့ ပွတ်တိုက်ကာ ပေ ၁၀၀ခန့်အထိ ချိတ်ပါသွားကြောင်း၊ ယင်းနောက် သုံးဘီးဆိုင်ကယ်ပေါ်မှ သုံးဘီးဆိုင်ကယ်မောင်းသူ၏ သုံးနှစ်သမီးမှာ လွင့်ကျသွားပြီး ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၅ ဖြင့် အမှုဖွင့်ထားကြောင်း ဟင်္သာတမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ **R-13**

## ရွှေဘိုတွင် မိုးစပါးချေးငွေ စတင်ထုတ်ချေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်တွင် မိုးစပါးချေးငွေစတင်ထုတ်ချေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရွှေဘိုဘဏ်ခွဲမှ မန်နေဂျာ ဦးခင်မောင်ကျော်က ပြောကြားသည်။

ရွှေဘိုမြို့နယ် ကျေးရွာအုပ်စု ၇၂ အုပ်စုအတွက် ၂၀၁၇ မိုးစပါး စိုက်ဘဏ်ချေးငွေလျာထားချက် ကျပ်သိန်းပေါင်း ၁၆၂၅၀၀ သိန်းထုတ်ချေးရန်လျာထားပြီး ကျေးရွာ ၁၄ ရွာ၊ တောင်သူပေါင်း ၂၆၁၆ ဦး၊ မိုးစပါးစိုက်ဧက ၁၁၀၄၇ ဧက တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်း၊ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံ စိုက်ဧက ၁၆၄၃ ဧကအတွက် တစ်ဧကလျှင် ကျပ် ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးထားကြောင်း ၎င်းက ပြောကြားသည်။

ယခင်နှစ်များက နွေစပါးချေးငွေဆပ်ချိန်မှ မိုးစပါးချေးငွေကိုထုတ်ချေးပေးသော်လည်း စိုက်ဘဏ်ထုတ်ချိန် နောက်ကျခြင်းကြောင့် စိုက်ပျိုးရေးနောက်ကျမည်စိုးရိမ်သောကြောင့် တောင်သူများတောင်းဆိုချက်အရ နွေချေးငွေမဆပ်ခင် မိုးစပါးချေးငွေ ကြိုတင်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဦးခင်မောင်ကျော်က ရှင်းပြပြောဆိုသည်။ ■ **R-09**

# ကမ္ဘာ့ချန်ပီယံရှစ်အားကစားပြိုင်ပွဲကို ယူဂျင်းမြို့အိမ်ရှင်ဖြစ်ခွင့်ရရှိခဲ့ခြင်းတွင် မသမာမှုများရှိသဖြင့် အက်ဖ်ဘီအိုင် စစ်ဆေး

**နယူးယောက်၊ ဇွန် ၂၉**

အက်ဖ်ဘီအိုင်အကြီးတန်းအရာရှိများနှင့် အမေရိကန်ပြည်ထောင်စု ရာဇဝတ်မှုခင်း နှိမ်နင်းရေးရဲဌာနတို့သည် ၂၀၂၁ ခုနှစ် ကမ္ဘာ့ချန်ပီယံအားကစားပြိုင်ပွဲကို အော်ရီဂွန်ပြည်နယ်ရှိ ယူဂျင်းမြို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့်ကိစ္စ၌ နောက်ကွယ်တွင် မသင်္ကာဖွယ်ရာကိစ္စရပ်များရှိနေသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အက်ဖ်ဘီအိုင်အကြီးအကဲများသည် ၂၀၂၁ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ် အားကစားပြိုင်ပွဲကို ယူဂျင်းမြို့က အိမ်ရှင်ဖြစ်ခွင့်ရခဲ့ခြင်းနောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူမှုများနှင့် ငွေကြေးအလွဲသုံးစားမှု ကိစ္စရပ်များ ရှိနေသည်ကို သက်သေခံအချက်အလက်များ ရရှိထားပြီဖြစ်ပြီး ယခုစုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များကို အကျင့်ပျက်တိုက်စားမှု ရဲတပ်ဖွဲ့ဇဟိုကလည်း တစ်ဖက်တစ်လမ်းမှနေ၍ ပူးပေါင်းပါဝင်ကူညီပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာအားကစားသမားများအစည်းအရုံး(IAAF)သည် ၂၀၂၁ ခုနှစ်ပြိုင်ပွဲအတွက် အိမ်ရှင်မြို့တော်အပြီးသတ်ရွေးချယ်ခြင်းကို လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်၌ ဆောင်ရွက်ခဲ့ပြီး ယူဂျင်းမြို့ အိမ်ရှင်ဖြစ်ခွင့်ရနိုင်ရန် နောက်ကွယ်မှနေ၍ ပံ့ပိုးပေးခဲ့သူများအနက်တွင် နိုက်ကီအားကစားအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစုလည်း ပါဝင်ခဲ့သည်ဟု အက်ဖ်ဘီအိုင်က သံသယဝင်လျက်ရှိသည်။

ယူဂျင်းမြို့သည် ၂၀၂၁ ခုနှစ် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အိမ်ရှင်ဖြစ်ခွင့်ကို နာမည်ကြီးရေပန်းစားနေသည့် ဆွီဒင်နိုင်ငံ ဂိုသင်ဘာ့ဂ်မြို့ကို ကျော်ဖြတ်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းအခွင့်အရေးကို ရရှိနိုင်ရန်အတွက် ယူဂျင်းမြို့တော်ဝန်ကောင်စီက အပြည်ပြည်ဆိုင်ရာ အားကစားသမားများအစည်းအရုံးတာဝန်ရှိသူများကို လာဘ်ထိုးခဲ့ဖွယ်ရှိသည့် သံသယဖြစ်ဖွယ်ရာအချက်အလက်များကို အက်ဖ်ဘီအိုင်က စစ်ဆေးတွေ့ရှိထားပြီလည်းဖြစ်သည်။

အက်ဖ်ဘီအိုင်သည် လက်ရှိတွင် ပြင်သစ်ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အားကစားသမားများအစည်းအရုံး ဥက္ကဋ္ဌ လာမိုင်းဒိုင်ယာအက်ခ်ကို ပြင်သစ်နိုင်ငံ၌ နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဖြစ်ပြီး မကြာမီတွင် ဒိုင်ယာအက်ခ်ကို စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်သွားတော့မည်ဟုလည်း အက်ဖ်ဘီအိုင်က သတင်းထုတ်ပြန်ထားပြီဖြစ်သည်။

■ E-11


Daily Mail

# TODAY UPDATE NEWS

- မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံအနေနှင့် အားကစားနည်းများ သတ်မှတ်ရခြင်းမရှိသေးဘဲ ပြိုင်ပွဲဝင်လိုသည့် အားကစားအဖွဲ့ ၂၉ ဖွဲ့ကို စိစစ်မှုများ ပြုလုပ်လျက်ရှိသည်။
- မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ ခုနှစ် KBZ Bank Cup ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်သော ကမ္ဘောဒီးယား ယူ-၂၂ အသင်းသည် မြန်မာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ပြင်ဆင်ချိန်သုံးရက်သာရှိသေးသည့်အတွက် ရလဒ်ပိုင်းကို ကျေနပ်မိကြောင်း နည်းပြချုပ်ဖြစ်သူက ပြောကြားခဲ့သည်။
- မြန်မာ ယူ-၂၂ အသင်း တိုက်စစ်ကစားသမား သန်းပိုင်အနေနှင့် ကမ္ဘောဒီးယားအသင်းနှင့်ပွဲစဉ်တွင် ဘောလုံးဆုံးရှုံးမှုများစွာ ပြုလုပ်ခဲ့သည့်အတွက် တိုးတက်လာခြင်း မရှိသေးကြောင်း နည်းပြချုပ်ဂတ်ဆီဇီက မှတ်ချက်ပြုခဲ့သည်။
- လက်ဝှေ့လောကနှင့် ကာလအတန်ကြာ ကင်းကွာနေခဲ့ရာမှ ပထမဆုံးအကြိမ်ထိုးသတ်မည့် MMA ပြိုင်ပွဲတွင်ပြည်တွင်းမှ ရိုးရာလက်ဝှေ့ကစားသမား ထက်အောင်ဦးကို အနိုင်ရရှိမည်ဟု ယုံကြည်ကြောင်း သပြေညိုက ပြောကြားသည်။
- ဂျပန်၊ ဗီယက်နမ်အသင်းများနှင့် ခြေစမ်းကစားရန် ဖိတ်ကြားထားသော်လည်း အကြောင်းပြန်ကြားခြင်း မရှိသေးသည့်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများကစားရန် ခက်ခဲလျက်ရှိသည်။

■ J-04


Daily Mail

# ၂၀၁၇-၁၈ ဘောလုံးရာသီ ဘွန်ဒက်စ်လီဂါပွဲစဉ်ဇယား ထုတ်ပြန်

**မြူးနစ်၊ ဇွန် ၂၉**

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ကျင်းပရေးကော်မတီသည် လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီအတွက် ပွဲစဉ်ဇယား ထုတ်ပြန်ကြေညာပေးလိုက်ပြီဖြစ်ပြီး လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်မှာ ရာသီအဖွင့်ပွဲစဉ်သုံးပွဲတွင် ပွဲကျပ်များ ဆက်တိုက်ကစားရမည့် အခြေအနေများရှိနေကြောင်း The Bild က ဖော်ပြထားသည်။

၂၀၁၇၁၈ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးရာသီသည် လာမည့် ဩဂုတ်လ ၁၈ ရက်နေ့တွင် စတင်မည်ဖြစ်ကာ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ရာသီပိတ်သိမ်းလိမ့်မည်ဖြစ်ပြီး ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်က အစဉ်အလာပြိုင်ဘက်အသင်းတစ်သင်းဖြစ်သော လေဗာကူဆင်ကို အိမ်ကွင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်သွားရလိမ့်မည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်သည် ဘွန်ဒက်စ်လီဂါပွဲစဉ်(၂)တွင် ဝါဒါဘရီမင်နှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်ကာ ပွဲစဉ်(၃)၌လည်း လူငယ်သွေးသစ်များဖြင့် ဖွဲ့စည်းထားသော ဟော့ဖ်ဖန်ဟိမ်းကို ဘိုင်ယန်မြူးနစ်က အဝေးကွင်းပွဲစဉ်အဖြစ် ဆက်လက်ရင်ဆိုင်သွားရလိမ့်မည်ဖြစ်သည်။

၂၀၁၆-၁၇ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်၏နောက် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်ကို ရယူနိုင်ခဲ့သည့် လိုက်ပ်ဇစ်ဂျ်သည်လည်း ရာသီအဖွင့်ပွဲစဉ်ကို အဝေးကွင်းသို့ သွားရောက်၍ ရှော်ကေးနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ပွဲစဉ်(၂)တွင် ဖရိုင်းဘတ်၊ ပွဲစဉ်(၃)တွင် ဟမ်းဘတ်တို့ကို လိုက်ပ်ဇစ်ဂျ်က ဆက်လက်ရင်ဆိုင်သွားရလိမ့်မည်ဖြစ်သည်။

၂၀၁၇-၁၈ ဘောလုံးရာသီဖွင့် ဂျာမန်ဆူပါဖလားပွဲစဉ်အဖြစ် အမှတ်ပေးချန်ပီယံ ဘိုင်ယန်မြူးနစ်နှင့် ပိုကယ်လ်ဖလား ချန်ပီယံ ဒေါ့မွန်တို့ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး ၂၀၁၇-၁၈ ဘောလုံးရာသီ ဂျာမန်ပိုကယ်လ်ဖလားပြိုင်ပွဲမှာဩဂုတ်လ ၁၁ ရက်နေ့တွင် စတင်မည်ဖြစ်သည်ဟု ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

■ E-11

**၂၀၁၇-၁၈ ဂျာမန်ဘွန်ဒက်စ်လီဂါ ရာသီဖွင့်ပွဲစဉ်များ**
**(၁၈/၁၉/၂၀-၈-၂၀၁၇)**

ဘိုင်ယန်မြူးနစ် - လေဗာကူဆင်
ဟော့ဖ်ဖန်ဟိမ်း - ဝါဒါဘရီမင်
ဟာသာဘာလင် - စတုဂတ်
ဖရိုင်းဘတ် - ဖရန့်ဖတ်
မိုချင်ဂလက်ဘတ် - ကိုလုံး
ရှော်ကေး - လိုက်ပ်ဇစ်ဂျ်
ဟမ်းဘတ် - အော့စ်ဘတ်
မိန့်ဇ် - ဟန်နိုဗာ
ဝုဖ်ဘတ် - ဒေါ့မွန်

# ကြံ့ခိုင်မှု မပြည့်ဝသည့် အနေအထားဖြင့် ပြိုင်ပွဲကစားနေခြင်းဖြစ်သည်ဟု ဂိုးသမား ဘာရာဗို အသိပေး

**မော်စကို၊ ဇွန် ၂၉**

ချီလီလက်ရွေးစင်အသင်းဂိုးသမား ဘာရာဗိုသည် ၎င်းအနေနှင့် ကြံ့ခိုင်မှုမပြည့်ဝသည့်အခြေအနေကို အံတုရင်ဆိုင်ကာ ပြိုင်ပွဲ ပါဝင်ကစားနေခြင်းဖြစ်သည်ဟု ချီလီက ပေါ်တူဂီကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ကွန်ဖက်ဒရေးရှင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အပြီးတွင် သတင်းမီဒီယာများကို ဖွင့်ဟပြောကြားသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

ချီလီနှင့် ပေါ်တူဂီတို့ ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲတက်ရောက်ခွင့်အတွက် ပင်နယ်တီအဆုံးအဖြတ်ခံယူရာတွင် ပေါ်တူဂီအသင်းကန်သွင်းသည့် ပင်နယ်တီများကို သုံးလုံးဆက်တိုက် ပုတ်ထုတ်ကာကွယ်ခဲ့သော ဘာရာဗိုသည် ၎င်းအနေနှင့် ဒဏ်ရာပြဿနာရှိနေခြင်းကြောင့် ပုံမှန်အနေအထားတစ်ခုဖြင့် ကစားနိုင်ရန် ရုန်းကန်ရလျက်ရှိသည်ဟု အသိပေးထားပြီး ယမန်နှစ်ဘောလုံးရာသီ၌ မန်စီးတီးကိုကိုယ်စားပြုကစားခဲ့ရာတွင် ဝေဖန်မှုများဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရသော ဘာရာဗိုမှာ ချီလီလက်ရွေးစင်အသင်းကို ကိုယ်စားပြုရာတွင်မူ အံ့အားသင့်ဖွယ်ကောင်းလောက်အောင်ပင် လက်စွမ်းတည်ငြိမ်လျက်ရှိသည်။

ပေါ်တူဂီနှင့် ချီလီတို့သည် ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျခဲ့သည့်အတွက် အချိန်ပိုဆက်လက်ယှဉ်ပြိုင်လိုက်ရပြီး အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ကြသည့်အတွက် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန် ပင်နယ်တီအဆုံးအဖြတ် ခံယူလိုက်ကြရခြင်းဖြစ်သည်။

ပေါ်တူဂီနှင့် ချီလီတို့ ပင်နယ်တီအပြိုင် ကန်သွင်းရာတွင် ချီလီဘက်က ဗီဒယ်လ်၊ အေရန်ဂွက်ဇ်နှင့် ဆန်းချက်ဇ်တို့ ဆက်တိုက်ဂိုးဝင်ခဲ့သော်လည်း ပေါ်တူဂီကစားသမားများဖြစ်ကြသော ကွာရက်စ်မာ၊ မော်တင်ညိုနှင့် နာနီတို့၏ပင်နယ်တီကန်ချက်များကို ချီလီဂိုးသမား ဘာရာဗိုက ပုတ်ထုတ်ကာကွယ်လိုက်သည့်အတွက် အဆုံးသတ်တွင် ချီလီက ပေါ်တူဂီကို ပင်နယ်တီအဆုံးအဖြတ် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာရာဗိုသည် ပေါင်ကြွက်သားလုံးဒဏ်ရာပြဿနာကို ရင်ဆိုင်နေရသည့်ကြားမှနေ၍ ချီလီအသင်းကိုကိုယ်စားပြုကာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ ပါဝင်ကစားရန် ရုရှားသို့ လိုက်ပါလာခဲ့ခြင်းဖြစ်ပြီး အုပ်စုအဖွင့်ပွဲစဉ်နှစ်ပွဲတွင် ကြံ့ခိုင်မှုအခြေအနေ စိတ်မချရသည့်အတွက် ၎င်းကို ချီလီနည်းပြ ပစ်ဇီဇီက ပွဲမထုတ်ခဲ့ခြင်းဖြစ်သည်။

■ E-11










# ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကျင်းပမည့်နေ့ကို ဘာစီလိုနာ ထုတ်ပြန်ကြေညာ၊ ဘာစီလိုနာ၏ကမ်းလှမ်းမှုကို ဒယ်လ်လိုဖူ ပယ်ချ

**ဘာစီလိုနာ၊ ဇွန် ၂၉**

ဘာစီလိုနာအသင်းသည် ဘရာဇီးကလပ် ချာပီကိုအန်ဆီနှင့်ယှဉ်ပြိုင်ကစားမည့် ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကို လာမည့် ဩဂုတ်လ ၇ ရက်နေ့၌ ၎င်းတို့အသင်းပိုင် နျူးကမ့်ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်ဟု AS က ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင်ဖြစ်ပွားခဲ့သည့် လေယာဉ်ပျက်ကျမှုဖြစ်စဉ်၌ ချာပီကိုအန်ဆီ တစ်သင်းလုံးနီးပါး အသက်ဆုံးရှုံးခဲ့ရသည်ကို အားပေးကူညီရန်အတွက် ယခုပွဲစဉ်ကို စီစဉ်လိုက်ခြင်းဖြစ်ပြီး ပွဲစဉ်အတွက်ရရှိသည့် ကွင်းဝင်ကြေးများအများစုကို ချာပီကိုအန်ဆီအသင်း လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့ရသူများ၏ကျန်ရစ်သူမိသားစုဝင်များနှင့် သေကံမရောက် သက်မပျောက်ဘဲ ဒဏ်ရာပြင်းထန်စွာရရှိပြီးနောက် အသက်ဆက်ရှင်ခွင့်ရခဲ့သူများကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဘာစီလိုနာက သတင်းထုတ်ပြန်ထားသည်။

ချာပီကိုအန်ဆီအသင်းသည် ကိုလံဘီယာကလပ် အက်သလက်တီကိုနေစီယွန်နယ်နှင့် ကိုပါဆပ်ဒ်အမေရိကာနာဖလား ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားရန် အက်သလက်တီကိုနေစီယွန်နယ်အသင်းအခြေစိုက်ရာ ကိုလံဘီယာနိုင်ငံသို့ သွားရောက်စဉ်တွင် လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ရင်ဆိုင်ခဲ့ရပြီး ယင်းလေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် ချာပီကိုအန်ဆီအသင်းကစားသမားများ၊ နည်းပြအဖွဲ့ဝင်များ၊ အသင်းကြီးကြပ်သူများ၊ သတင်းရယူရန် လိုက်ပါလာသည့် သတင်းထောက်များ အပါအဝင် လူပေါင်း ၇၁ ဦး အသက်ဆုံးရှုံးခဲ့ကြရသည်။

ဘာစီလိုနာသည် လက်ရှိတွင် အဲဗာတန်အသင်းက ပိုင်ဆိုင်ထားသည့် ၎င်းတို့၏ လာမာစီယာ လူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သည့် ဒယ်လ်လိုဖူကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းရာ၌ အခက်အခဲများဖြင့် ရင်ဆိုင်နေရပြီး အဲဗာတန်မှာ ဒယ်လ်လိုဖူကို ခေါ်ယူချိန်၌ သဘောတူညီထားခဲ့မှုများအရ ၎င်းကို မဖြစ်မနေ ပြန်လည်ရောင်းထုတ်ပေးရမည်ဖြစ်သော်လည်း ကာယကံရှင် ဒယ်လ်လိုဖူက ၎င်းအနေနှင့် ဘာစီလိုနာထံသို့ မပြောင်းရွှေ့လိုကြောင်း ငြင်းဆန်နေသည့်အတွက် အပြောင်းအရွှေ့အထမြောက်ရန်မှာ ခက်ခဲနေခြင်းဖြစ်သည်။

အဲဗာတန်သည် လွန်ခဲ့သည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဒယ်လ်လိုဖူကို ခြောက်လသက်တမ်းစာချုပ်ဖြင့် စီးရီးအေကလပ် အေစီမီလန်ထံသို့ အငှားစေလွှတ်ခဲ့ပြီး ၎င်းအနေနှင့် အေစီမီလန်နှင့် အပြီးသတ်စာချုပ်ချုပ်ဆိုခွင့် ရနိုင်ရေး သို့မဟုတ် ပါက ဂျူဗင်တပ်ထံသို့ ပြောင်းရွှေ့ခွင့် ရနိုင်ရေးကိုသာ လိုလားမိသည်ဟု ဒယ်လ်လိုဖူက ဖွင့်ဟအသိပေးထားသည်။ ■E-11

# ထိုင်း ယူ-၁၈ အသင်းနှင့် ခြေစမ်းကစားရန် မြန်မာ ယူ-၁၈ အသင်းကမ်းလှမ်း

**ရန်ကုန်၊ ဇွန် ၂၉**

အာရှချန်ပီယံရှစ် ယူ-၁၈ ခြေစစ်ပွဲနှင့် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းသည် ထိုင်းနိုင်ငံတွင် ထိုင်းယူ-၁၈ အသင်းနှင့်ခြေစမ်းရန် ကမ်းလှမ်းထားကြောင်းသိရှိရသည်။

မြန်မာအသင်းသည် အဆိုပါပြိုင်ပွဲများ မကစားမီ ခြေစမ်းပွဲများကစားရန် စီစဉ်ထားခြင်းဖြစ်ပြီး ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းတွင် ခြေစမ်းပွဲကစားနိုင်ရန် ကမ်းလှမ်းထားခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

"ထိုင်း ယူ-၁၈ အသင်းနဲ့ခြေစမ်းဖို့ ကမ်းလှမ်းထားတာ ဟုတ်ပါတယ်။ သူတို့ဘက်က အခုထိတော့ အကြောင်းမပြန်သေးပါဘူး။ ကစားဖြစ်မယ်ဆိုရင် တစ်ပွဲပဲ ကစားဖြစ်မှာပါ"ဟု ၎င်းက ရှင်းပြသည်။

ပြင်သစ်နိုင်ငံသားနည်းပြ ဘန်လာဘီ တာဝန်ယူထားသည့်မြန်မာ့လက်ရွေးစင် ယူ-၁၈ အမျိုးသားအသင်းသည် လက်ရှိအချိန်တွင် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲကို Phoenix အမည်ဖြင့် ယှဉ်ပြိုင်နေပြီး အဆင့် လေးနေရာတွင် ရပ်တည်နေသည်။

မြန်မာ ယူ-၁၈ အသင်းသည် အာဆီယံချန်ပီယံရှစ် ယူ-၁၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗီယက်နမ်၊ နယူးဇီလန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့နှင့် စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘာရိန်းနိုင်ငံ၌ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် အာရှချန်ပီယံရှစ် ယူ-၁၉ ပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းသည တရုတ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

လိဂ်ပြိုင်ပွဲ ခေတ္တရပ်နားချိန်တွင် မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားများကို အနားပေးထားမည်ဖြစ်ပြီး ဇူလိုင်လကုန်ပိုင်းမှသာ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ရန် စီစဉ်ထားသည်ဟု ယင်းအသင်းထံမှ သိရှိရသည်။

မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အီတလီစီးရီးအေထိပ်သီးကလပ် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ဩဂုတ်လအတွင်း ခြေစမ်းကစားရန်လည်း ရှိနေသေးသည်။

■ J-04

# ပင်နယ်တီကန်သွင်းရာတွင် ဘယ်ဘယ်အောက်ခြေထောင့်ကို ကန်သွင်းပါက ဂိုးဝင်မှု ရာခိုင်နှုန်းများ

**လန်ဒန်၊ ဇွန် ၂၉**

ဘောလုံးအားကစားနည်းဆိုင်ရာ စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော Soccerpro သည် ဘောလုံးပြိုင်ပွဲများတွင် ပင်နယ်တီကန်သွင်းရာ၌ ဂိုးပေါက်၏မည်သည့်နေရာသို့ ဂိုးဝင်မှုအများဆုံးဖြစ်သည်ကို ရာခိုင်နှုန်းသတ်မှတ်ချက်ဖြင့် စစ်တမ်းတစ်ရပ် ထုတ်ပြန်ပေးလိုက်ပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

ပင်နယ်တီကန်သွင်းရာတွင် ဂိုးဝင်ရန် ရာခိုင်နှုန်းမြင့်မားသည့် နေရာမှာ ကစားသမားဖြစ်သူဘက်က ကြည့်မည်ဆိုပါက ဂိုးတိုင်အောက်ခြေ၏ညာဘက်ထောင့်နေရာဖြစ်ပြီး ယင်းနေရာသို့ပင်နယ်တီကန်သွင်းရာတွင် ဂိုးဝင်မှုပမာဏမှာ ၄၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း Soccerpro က ဆိုသည်။

ပင်နယ်တီကန်သွင်းရာတွင် အနိမ့်ဘောကန်သွင်းချက်များသည် ဂိုးဝင်ရန်ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ယင်းစစ်တမ်းက အသိပေးထားပြီး ဂိုးဝင်ရန် ရာခိုင်နှုန်းအနည်းဆုံးသော ကန်ချက်များမှာ ဂိုးပေါက်၏အလယ်တည့်တည့်သို့ ခါးဖြတ်ဘောအဖြစ် ကန်သွင်းမှုများပင်ဖြစ်သည်။

ပင်နယ်တီကန်သွင်းရာတွင် ဂိုးပေါက်၏အလယ်တည့်တည့်သို့ ခါးဖြတ်ဘောအဖြစ်ကန်သွင်းသည့် ကန်ချက်များသည် ဂိုးဝင်မှုပမာဏ ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိပြီး အမြင့်ဘောကန်သွင်းရာတွင်လည်း ကစားသမားဖြစ်သူဘက်ကကြည့်မည်ဆိုပါက ဂိုးတိုင်၏ဘယ်ဘက်အပေါ်ထောင့်ဖြစ်သည့်နေရာကသာ ဂိုးဝင်မှုရာခိုင်နှုန်းများ လေ့ရှိသည်။

Soccerpro သည် ဂျာမနီ ယူ-၂၁ အသင်းက အင်္ဂလန် ယူ-၂၁ အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူသွားခဲ့သည့် ယူ-၂၁ ဥရောပဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အပြီးတွင် ယခုစစ်တမ်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူးဟောင်း အလန်ရှီးယားကမူ အင်္ဂလန်ကစားသမားများမှာ ပင်နယ်တီအဆုံးအဖြတ် ခံယူရမည့်အခြေအနေသို့ ရောက်ရှိလာပါက ယုံကြည်မှုပျောက်ဆုံးသွားတတ်လေ့ရှိသည်ဟု မှတ်ချက်ပေးပြောကြားသွားခဲ့သည်။

ဂျာမနီ ယူ-၂၁ အသင်းနှင့် အင်္ဂလန် ယူ-၂၁ အသင်းတို့ပင်နယ်တီအဆုံးအဖြတ်ကန်သွင်းချိန်တွင် ဂျာမနီ ယူ-၂၁ လက်ရွေးစင်ဂိုးသမား ပိုလာစ်ဘက်ခ်က အင်္ဂလန်တိုက်စစ်မှူး အေဘရာဟာမ်နှင့် နောက်ခံလူရက်ဒ်မွန်းတို့၏ပင်နယ်တီကန်သွင်းချက်များကို ပုတ်ထုတ်ကာကွယ်သွားခဲ့ပြီး နောက်ဆုံးပင်နယ်တီကို တာဝန်ယူကန်သွင်းခဲ့ရသော ရက်ဒ်မွန်းမှာ ပင်နယ်တီကန်ရန် လှမ်းလျှောက်လာခဲ့စဉ်ကတည်းကပင် ဖိအားများနေခဲ့သည်ကို ၎င်း၏မျက်နှာ၌ အထင်အရှားမြင်ရကြောင်း အလန်ရှီးယားက ဝေဖန်ထောက်ပြသွားသည်။ ■E-11




# ကရန်းစ်ဒရော့ပ်နှင့် ပယ်လီဂရီနီတို့ကို ရိုးမား ခေါ်ယူအားဖြည့်

**ရောမ၊ ဇွန် ၂၉**

စီးရီးအေကလပ် ရိုးမားအသင်းသည် အသင်းကို အင်အားဖြည့်တင်းရန်အတွက် ဖီယင်နုအသင်း နောက်ခံကစားသမား ကရန်းဒရော့ပ်နှင့် ဆက်ဆူအိုလို ကွင်းလယ်လူ ပယ်လီဂရီနီတို့ကို ခေါ်ယူလိုက်ပြီဖြစ်ကာ ယင်းကစားသမားနှစ်ဦးအတွက် ရိုးမားက ပြောင်းရွှေ့ကြေးပမာဏ ယူရို ၂၄ သန်း အသုံးပြုလိုက်ရကြောင်း Gazzetta Dello Sport က ဖော်ပြထားသည်။


AP

ရိုးမားသည် "ရထားတွဲ"ဟု အမည်ပြောင်ပေးအပ်ခြင်းခံထားရသည့် နောက်ခံလူ ကရန်းစ်ဒရော့ပ်ကို ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၄ သန်း ကုန်ကျခဲ့ပြီး ကစားသမားဖြစ်သူ၏စွမ်းဆောင်ရည်များအပေါ်တွင် မူတည်၍ အပိုဆုကြေးပမာဏ ပေါင်လေးသန်း ထပ်မံပေးချေရန်လည်း ရိုးမားက သဘောထူထားသည်။

ကရန်းစ်ဒရော့ပ်သည် အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများ အောင်မြင်ခဲ့အပြီးတွင် ရိုးမားနှင့် ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီး ယင်းစာချုပ်အရ ကရန်းစ်ဒရော့ပ်မှာ ၂၀၂၂ ခုနှစ် ဇွန်လတိုင်သည်အထိ ရိုးမားထံတွင် ရှိနေတော့မည်ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ်ရှိ ခရပ်စ်ဒရော့ပ်သည် ရိုးမားထံတွင် ကျောနံပါတ် ၂၆ ကို ဝတ်ဆင်ကစားသွားလိမ့်မည်ဖြစ်ပြီး ရိုးမားထံသို့ ၎င်းပြောင်းရွှေ့ဖြစ်ခဲ့သည်မှာ နယ်သာလန်ကွင်းလယ်လူ စထရုတ်မန်း၏ တိုက်တွန်းမှုများကြောင့်ဖြစ်သည်ဟု ခရပ်စ်ဒရော့ပ်က အသိပေးပြောကြားသွားခဲ့သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ပယ်လီဂရီနီသည် ရိုးမားလူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၎င်းကို ၂၀၁၅ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ ဈေးကွက်ဖွင့်လှစ်ချိန်၌ ရိုးမားက ဆက်ဆူအိုလိုထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ဒဒသမ ၂၅ သန်းဖြင့် ရောင်းထုတ်လိုက်ခြင်းဖြစ်သည်။

ရိုးမားသည် ပယ်လီဂရီနီကို ရောင်းချချိန်၌ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပယ်လီဂရီနီကို ၎င်းတို့ပြန်လည်ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပမာဏ ယူရို ၁၀ သန်းသာ ရယူ၍ ဆက်ဆူအိုလိုက လက်လွှတ်ပေးရမည်ဟု သဘောတူညီမှုရယူထားခဲ့ကာ ယင်းသဘောတူညီထားမှုအပေါ်တွင် မူတည်၍ ယခုအပြောင်းအရွှေ့မှာ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း ရိုးမားက ထုတ်ပြန်ကြေညာထားသည်။

အီတလီ ယူ-၂၁ အသင်းကို ကိုယ်စားပြု၍ ယူ-၂၁ ဥရောပဖလားပြိုင်ပွဲကို ပါဝင်ကစားခဲ့သော ပယ်လီဂရီနီသည် ယမန်နေ့၌ အီတလီနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး အပြောင်းအရွှေ့အတွက် ဆေးစစ်မှုခံယူခဲ့ကာ ယနေ့(သောကြာနေ့)တွင် ရိုးမားက ပယ်လီဂရီနီကို ၎င်းတို့၏အသင်းသားအဖြစ် သတင်းစာရှင်းလင်းပွဲကျင်းပ၍ တရားဝင် မိတ်ဆက်ပေးသွားတော့မည်ဖြစ်သည်။ ■ E-11

# တားမြစ်ဆေးဆိုင်ရာ စည်းမျဉ်းများကို နာဆရီချိုးဖောက်ခဲ့ပါက မန်စီးတီးအသင်း ပေါင် ၁၂ ဒသမ ၅ သန်း ဆုံးရှုံးနစ်နာဖွယ်ရှိ

**မန်ချက်စတာ၊ ဇွန် ၂၉**

မန်စီးတီးသည် ၎င်းတို့၏တိုက်စစ်တောင်ပံကစားသမားဖြစ်သူ နာဆရီကို ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီ(WADA)က တားမြစ်ဆေးဆိုင်ရာ စည်းမျဉ်းများချိုးဖောက်မှုဖြင့် အရေးယူခဲ့ပါက ငွေပမာဏ ပေါင် ၁၂ ဒသမ ၅ သန်း နစ်နာရမည့်အခြေအနေတစ်ရပ်ကို ရင်ဆိုင်ကြုံဆုံရတော့မည်ဖြစ်ကြောင်း Skly Sports က ဖော်ပြထားသည်။

အသက် ၃၀ အရွယ်ရှိ နာဆရီနှင့် မန်စီးတီးအကြားရှိစာချုပ်သည် သက်တမ်းအားဖြင့် ၂ နှစ် ကျန်ရှိနေဆဲဖြစ်ပြီး ယင်းစာချုပ်အရ မန်စီးတီးမှာ နာဆရီကို တစ်ပတ် လုပ်ခလစာအကျိုးခံစားခွင့်အဖြစ် ပေါင် ၁၂၀,၀၀၀ ပေးချေနေရသည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ယမန်နှစ်ဘောလုံးရာသီ၌ နာဆရီကို စပိန်လာလီဂါကလပ် ဆီဗီလာထံသို့ အငှားစေလွှတ်ခဲ့ပြီး လက်ရှိနွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်တွင် နာဆရီကို အပြီးသတ်ရောင်းထုတ်ရန် စီစဉ်နေချိန်၌ ယခုပြဿနာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

နာဆရီသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၌ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့သို့သွားရောက်ရာတွင် ပြင်ပဆေးခန်းတစ်ခု၌ ဆေးသွင်းမှုခံယူခဲ့ကာ နာဆရီမှာ ရေဓာတ်ခန်းခြောက်သည့်ဝေဒနာခံစားခဲ့ရသည့်အတွက် ဆေးသွင်းမှုလာရောက်ခံယူခဲ့ခြင်းဖြစ်သည်ဟု ယင်းဆေးခန်းရှိဝန်ထမ်းတစ်ဦးက ထုတ်ဖော်အသိပေးထားသည်။

ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီသည် ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးအနေနှင့် ထိုးဆေးအသုံးပြုကုသရန် လိုအပ်ခဲ့ပါက ခြောက်နာရီခြားလျှင် တစ်ကြိမ်စီ ၅၀ မီလီမီတာထက် မပိုသောပမာဏကိုသာ ထိုးနှံရမည်ဟု အသိပေးထားပြီး ယင်းထက်ပိုမိုသည့်ပမာဏကို အသုံးပြုရန်လိုအပ်လာခဲ့ပါက ၎င်းတို့ထံသို့ အကြောင်းကြားစာပေးပို့ကာ ခွင့်ပြုချက်တောင်းခံရမည်ဟုလည်း ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီက စည်းမျဉ်းပြဋ္ဌာန်းထားပြီးဖြစ်သည်။

ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီသည် နာဆရီ၏စည်းမျဉ်းချိုးဖောက်ခဲ့မှုကို များမကြာမီတွင် တရားဝင်စတင်စစ်ဆေးတော့မည်ဖြစ်ပြီး အကယ်၍ ပြစ်မှုထင်ရှားကြောင်း သတ်မှတ်ခံခဲ့ရပါက ၎င်းတို့အနေနှင့် နာဆရီကို ပြိုင်ပွဲများ ပါဝင်ကစားခွင့် လေးနှစ်ပိတ်ပင်သည်အထိ အရေးယူခွင့်ရှိကြောင်း ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီတာဝန်ရှိသူတစ်ဦးက ရှင်းပြထားသည်။

မန်စီးတီးသည် ကမ္ဘာ့တားမြစ်ဆေးတိုက်ဖျက်ဆန့်ကျင်ရေးအေဂျင်စီက နာဆရီကို ပြိုင်ပွဲများပါဝင်ကစားခွင့် ပိတ်ပင်လိုက်ပါက စာချုပ်သက်တမ်းကုန်ဆုံးသွားချိန်တိုင်သည်အထိ လုပ်ခလစာ ပေးချေနေရတော့မည်ဖြစ်ပြီး နာဆရီအတွက် မန်စီးတီးဘက်က တစ်နှစ် အသုံးပြုနေရသည့် လစာကုန်ကျစရိတ်မှာ ပေါင် ၁၂ ဒသမ ၅ သန်းဖြစ်သည်။ ■ E-11



Daily Mail

# အရှေ့တောင်အာရှ ကျောင်းသားအားကစားပြိုင်ပွဲ မြန်မာနိုင်ငံက ကစားသမား ၅၀ ဝန်းကျင်ဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဇွန် ၂၉**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ ခုနှစ် အရှေ့တောင်အာရှ ကျောင်းသားအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ကစားသမားအင်အား ၅၀ ဝန်းကျင်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင်လ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့် အားကစားနည်း ခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ပြောကြားသည်။

မြန်မာအားကစားအဖွဲ့အနေနှင့် ယင်းပြိုင်ပွဲအတွက် အားကစားနည်းများ လျာထားသော်လည်း အားကစားသမားအင်အားကိုမူ ယခုမှသာ ထုတ်ပြန်ခြင်းဖြစ်ပြီး ကစားသမား ၄၀ မှ ၅၀ အတွင်း ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

"အဲဒီပွဲကိုသွားဖို့ အားကာသိပ္ပံက ကလေးတွေနဲ့ အခြေခံကျောင်းတွေက ရွေးပေးထားတဲ့ကျောင်းသား၊ ကျောင်းသူတွေထဲက ပြန်ရွေးရဦးမယ်။ ပထမဆုံးအကြိမ် ဝင်ပြိုင်တာဆိုတော့ အောင်မြင်မှုရယူနိုင်ဖို့ထက် အနာဂတ်မျိုးဆက်တွေ အတွေ့အကြုံရဖို့ပဲ အဓိကထားတယ်" ဟု ဦးသက်လွင်က ရှင်းပြသည်။

နဝမအကြိမ်ကျင်းပမည့် ASEAN Schools Games ပြိုင်ပွဲကို မြန်မာနိုင်ငံအနေနှင့် ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကျွမ်းဘား၊ တင်းနစ်အားကစားအဖွဲ့တို့ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှ ကျောင်းသားအားကစားပြိုင်ပွဲ အသက် ၁၈ နှစ်အောက် လူငယ်ကစားသမားများသာ ယှဉ်ပြိုင်ရသောပြိုင်ပွဲဖြစ်သည်။ ■ J-04



# အမွှာရင်သွေးများမှာ သားငယ်များဖြစ်ကြောင်း စီရော်နယ်ဒို အတည်ပြု

**မော်စကို၊ ဇွန် ၂၉**

ပေါ်တူဂီလက်ရွေးစင်အသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် ၎င်းမှာ အမွှာရင်သွေးနှစ်ဦး ဖခင်ဘဝသို့ ရောက်လာခဲ့ပြီဖြစ်ကြောင်းကို ပထမဆုံးအကြိမ်အဖြစ် သတင်းမီဒီယာများရှေ့မှောက်တွင် တရားဝင် ဖွင့်ဟဝန်ခံလိုက်ပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

စီရော်နယ်ဒို၏အမွှာရင်သွေးများသည် သတင်းမီဒီယာများဖော်ပြနေသကဲ့သို့ သားငယ်တစ်ဦးနှင့် သမီးငယ်တစ်ဦး မဟုတ်ဘဲ သားငယ်နှစ်ဦးသာဖြစ်ပြီး ယင်းအတည်ပြုချက်ကို ပေါ်တူဂီနှင့် ချီလီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အပြီးတွင် စီရော်နယ်ဒိုက သတင်းမီဒီယာများထံ ပေးအပ်သွားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အမွှာသားငယ်နှစ်ဦးကို အငှားကိုယ်ဝန်ဖြင့် ရရှိခဲ့ခြင်းဖြစ်ကာ ယင်းကိုယ်ဝန်ကို အမေရိကန်သူတစ်ဦးက လွယ်ပေးခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒို၏မိသားစုဝင်များသည် အမွှာရင်သွေးများအတွက် လိုအပ်သည့် မမျိုးဥကို မည်သူ့ထံမှနေ၍ ရယူခဲ့သည်ဆိုခြင်းကိုမူ လျှို့ဝှက်ထားဆဲဖြစ်ပြီး လက်ရှိတွင် စီရော်နယ်ဒို၏မိခင် ဒိုလိုရက်စ်မှာ ယင်းကလေးငယ်များကို မက်ဒရစ်မြို့သို့ခေါ်ယူရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်နေပြီဖြစ်သည်။

စီရော်နယ်ဒိုသည် လက်ရှိတွင် သားသုံးဦး၏ဖခင်ဘဝသို့ ရောက်လာခဲ့ပြီဖြစ်ပြီး အမွှာရင်သွေးနှစ်ဦး မတိုင်မီတွင် ဖွားမြင်ခဲ့သော ခရစ္စတီယာနိုရော်နယ်ဒိုဂျူနီယာမှာ လက်ရှိတွင် အသက်ခုနစ်နှစ်အရွယ် ရှိနေပြီဖြစ်သည်။

စီရော်နယ်ဒိုသည် ခရစ္စတီယာနိုဂျူနီယာအတွက် မမျိုးဥကို မက္ကဆီကိုအမျိုးသမီးတစ်ဦးထံမှနေ၍ ရယူခဲ့ပြီး ကိုယ်ဝန်ကိုမူ အမေရိကန်သူတစ်ဦးအား ဆောင်ခိုင်းခဲ့ခြင်းဖြစ်သည်ဟု စီရော်နယ်ဒို၏အိမ်တွင် အိမ်အကူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောကြားထားသည်။

စီရော်နယ်ဒို၏အတူနေချစ်သူ ဂျီအော်ဂျီနာသည် လက်ရှိတွင် စီရော်နယ်ဒို၏ရင်သွေးကို ကိုယ်ဝန်လွယ်ထားပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေပြီး ကိုယ်ဝန်သက် ငါးလရှိနေပြီဖြစ်သော ယင်းရင်သွေးမှာ မိန်းကလေးဖြစ်ကြောင်း Daily Star က ရေးသားထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် စီရော်နယ်ဒိုက "ကျွန်တော့်ရဲ့ဘဝထဲကို အမွှာရင်သွေး သားငယ်လေးနှစ်ဦး ဝင်ရောက်လာချိန်မှာတောင် နိုင်ငံလက်ရွေးစင်အသင်းအတွက် ကိုယ်ရော စိတ်ပါနှစ်ပြီး ကျွန်တော်ကစားပေးနေတာပါ။ ဒီနေ့မှာ ရှုံးပွဲကြုံခဲ့ရတဲ့အတွက် အရမ်းပဲ စိတ်ပျက်ရပါတယ်။ နောက်ထပ် နိုင်ငံတကာအဆင့် ဆုဖလားတစ်လုံးကို ဆွတ်ခူးရယူဖို့ အားခဲ့ပြီး ဒီပြိုင်ပွဲကို ကျွန်တော်တို့ ပါဝင်ကစားခဲ့တာပါ။ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မလာခဲ့တဲ့အတွက် အရမ်းပဲ စိတ်ပျက်ရပါတယ်"ဟု ပြောကြားခဲ့သည်။ ■ E-11

# မာနိုလတ်စ်ကိုခေါ်ယူရန် ချယ်လ်ဆီး ကြားဝင်လာ၍ ဇင်းနစ်နည်းပြ မန်ချီနီ ဒေါသထွက်

**မော်စကို၊ ဇွန် ၂၉**



Getty Images

ဇင်းနစ်အသင်းကို တာဝန်ယူကိုင်တွယ်နေသည့် မန်စီးတီးနည်းပြဟောင်း မန်ချီနီသည် ၎င်းတို့ထံသို့ ပြောင်းရွှေ့ရောက်ရှိရန် သေချာလုနီးပါး ရှိနေပြီဖြစ်သည့် ရိုးမားနောက်ခံလူ မာနိုလတ်စ်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းက ကြားဝင်လာခဲ့သည့်အတွက် အလွန်အမင်း ဒေါသပေါက်ကွဲလျက်ရှိကြောင်း Mail Online က ဖော်ပြထားသည်။

ဇင်းနစ်နှင့် ရိုးမားတို့သည် မာနိုလတ်စ် အပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၆ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး အပြောင်းအရွှေ့ကို အပြီးသတ်ရန်အတွက် ဆေးစစ်မှုများ လုပ်ဆောင်ရန် ဇင်းနစ်က စီစဉ်နေချိန်တွင် ချယ်လ်ဆီးက မာနိုလတ်စ်ကိုခေါ်ယူရန် ကြားဝင်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီသည် အသင်းနှင့်လမ်းခွဲသွားခဲ့ပြီဖြစ်သော နောက်ခံလူ ဂျွန်တယ်ရီ၏ကွက်လပ်ကို အစားပြန်ဖြည့်ရန်အတွက် ထိပ်တန်းအဆင့်ခံစစ်မှူးတစ်ဦးခေါ်ယူရန် စီစဉ်နေပြီး ၎င်း၏တပည့်ဟောင်းတစ်ဦးဖြစ်သော ဂျူဗင်တပ်နောက်ခံလူ ဘိုနူချီကိုခေါ်ယူနိုင်ရန် မလွယ်ကူတော့သည့်အတွက် မာနိုလတ်စ်ဘက်သို့ ကွန်တီက ဦးလှည့်လိုက်ခြင်းဖြစ်သည်။

ဇင်းနစ်သည် မာနိုလတ်စ်ကို လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ ဆေးစစ်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးက ကြားဝင်လာခဲ့ပြီးသည့်နောက်တွင် အပြောင်းအရွှေ့ဆိုင်ရာ အခြေအနေအရပ်ရပ်မှာ ပြောင်းလဲသွားခဲ့ကြောင်း ဇင်းနစ်နည်းပြ မန်ချီနီက ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

မန်ချီနီသည် လွန်ခဲ့သည့် ဇွန်လ ၁ ရက်နေ့၌ ဇင်းနစ်နည်းပြအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးက ကြားဝင်လာခြင်းကြောင့် မာနိုလတ်စ်မှာ စိတ်ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း၊ အခန့်မသင့်ပါက ဇင်းနစ်က ကမ်းလှမ်းထားမှုများကို ငြင်းဆန်ပယ်ချသည်အထိ ဖြစ်သွားနိုင်ကြောင်းလည်း မန်ချီနီက ဝန်ခံထားပြီဖြစ်သည်။

ဇင်းနစ်သည် အသက် ၂၆ နှစ်အရွယ်ရှိ မာနိုလတ်စ်ကို ဆေးစစ်မှုများ အောင်မြင်ခဲ့ပါက တစ်နှစ်လုပ်ခလစာပမာဏ ပေါင် ၃ ဒသမ ၅ သန်းပေးချေမည့် လေးနှစ်သက်တမ်းစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ ■ E-11



BBC

# မျိုးချစ်ပုဂ္ဂိုလ်လား၊ ဇာတ်ဆရာအလိုကျ ကပြရသူလား
# ဗင်နီဇွဲလား ဟယ်လီကော်ပတာ တစ်ခန်းရပ်ပြဇာတ်

## ဇေဝင်းနောင် ရေးသားသည်။

**အက်ရှင်ဇာတ်ကားတွင်းမှ ဇာတ်ဝင်ခန်းတစ်ခုနှင့် တူသည်။ ရန်သူပတ်လည်ဝိုင်းနေသော အပူပိုင်းနိုင်ငံတစ်ခုတွင် ခိုးယူလာသော ရဟတ်ယာဉ်တစ်စင်း၊ အထူးတပ်ဖွဲ့ဝင်တစ်ဦးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ သင်္ကေတများအပေါ် တိုက်ခိုက်မှု။**

ဇွန်လ ၂၇ ရက်နေ့ညနေပိုင်းတွင် Liberatad (လွတ်မြောက်မှု) ဆိုသော စာသားနှင့် ၃၆၀ ဆိုသော ကိန်းဂဏန်းပါ စာတန်းကို သယ်ဆောင်လာသော အပြာရောင်ရဟတ်ယာဉ်တစ်စင်း ကရာကတ်စ်ကောင်းကင်ယံတွင် ပျံဝဲနေခဲ့သည်။ 'အစိုးရတစ်ရပ်သည် ဒီမိုကရေစီမဆန်စွာ ပြုမူလုပ်ဆောင်ပါက ထိုအစိုးရကို ပြည်သူများက စွန့်လွှတ်ပိုင်ခွင့်ရှိသည်' ဆိုသော ဗင်နီဇွဲလားအခြေခံဥပဒေပါ ပုဒ်မ ၃၅၀ ကို ရည်ညွှန်းခြင်းဖြစ်သည်။

တရားရုံးချုပ်နှင့်ပြည်ထဲရေးဝန်ကြီးရုံးအပေါ်မှ ပျံသန်းစဉ်တွင် ပိုင်းလော့က ကျည်ဖြင့်ပစ်ခတ်ခဲ့သလို ဗုံးများပစ်ချခဲ့ပြီး ယင်းနောက်တွင်မှ နေဝင်ချိန်နှင့်အတူ ပျောက်ကွယ်ထွက်ပြေးသွားခဲ့သည်။

မိနစ်ပိုင်းအတွင်း လူမှုကွန်ရက်ပေါ်တွင် အဆိုပါပိုင်းလော့၏ ဗီဒီယိုများ၊ ဓာတ်ပုံများ ပျံ့နှံ့သွားခဲ့သည်။ သူ့ကိုယ်သူ အော်စကာ ပီရက်ဇ်ဟုဆိုသော ရဲတပ်ဖွဲ့ အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟုဆိုသည်။ "ကျုပ်တို့မှာ ရွေးချယ်စရာ နှစ်ခုရှိတယ်၊ နက်ဖြန်ခါမှာ ကျုပ်တို့ရဲ့ လိပ်ပြာလုံမှုနဲ့ ပြည်သူတွေရဲ့ အဆုံးအဖြတ်ကို ခံမလား ဒီကနေ့ပဲ ဒီအကျင့်ပျက်အစိုးရ လက်အောက်က ကျုပ်တို့ဘာသာ လွတ်မြောက်အောင် လုပ်မလား"ဟု ပီရက်ဇ်က စိန်ခေါ်မေးခွန်းထုတ်နေပုံကို ဗီဒီယိုဖိုင်တစ်ခုတွင် မြင်တွေ့ခဲ့ရသည်။ သူ့နောက်တွင်တော့ တိုက်ပွဲဝင်ဝတ်စုံဝတ်၊ မျက်နှာဖုံးစွပ်ကာ ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသူလေးဦးက သတိအနေအထားဖြင့် ရပ်တန့်နေသည်။

သမ္မတနီကိုလပ်စ်မာဒူရိုကတော့ ယခုဖြစ်စဉ်သည် သူ့ထံမှ အာဏာသိမ်းရန်ကြိုးစားသော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု လျင်လျင်မြန်မြန်စွပ်စွဲခဲ့သည်။ "လူဒါဇင်ချီ သေကျေပျက်စီးနိုင်တဲ့အဖြစ်ဆိုးမျိုးဖြစ်သွားနိုင်တယ်" ဟု သမ္မတက ထုတ်ပြန်ခဲ့သည်။

လူထုထောက်ခံမှု တစ်ဟုန်ထိုးကျဆင်းနေသည့် သမ္မတမာဒူရို အစိုးရကို စစ်တပ်က အာဏာသိမ်းပြီလား၊ ပီရက်ဇ်၏ ဗီဒီယိုဖိုင်တစ်ခုတွင်း၌ ကြွေးကြော်ထားသလို စစ်တပ်၊ ရဲနှင့် ပြည်သူပူးပေါင်းပြီး အာဏာရှင်ဖြုတ်ချမှုကြီး စတင်ပြီလားဟု စိတ်လှုပ်ရှားစရာ၊ မျှော်လင့်စရာ တစ်ဖက်မှာတော့ စိုးရိမ်စရာ ဖြစ်စဉ်တစ်ခု၏ နိဒါန်းအလား ယုံမှားစရာဖြစ်ခဲ့သည်။

သို့သော်လည်း ဇူလိုင်လ ၂၈ ရက်နေ့တွင်တော့ ဖြစ်စဉ်၏ ထိုးဇာတ်ဆန်နေမှုအပေါ် လူတွေက သံသယပိုပွားလာကြသည်။ တိုင်းပြည်တွင် စားနပ်ရိက္ခာနှင့် ဆေးဝါးကာလရှည် မလုံလောက်မှု ကြုံတွေ့နေရသလို သုံးလကြာဆန္ဒပြပွဲများဖြစ်ပွားနေချိန်တွင် အစိုးရက အာရုံလွှဲရန် ဇာတ်ဝင်ခန်းတစ်ခန်း ဖန်တီးလိုက်ခြင်းလောဟု သံသယပွားသူ ပိုများလာပြီဖြစ်သည်။

အတိုက်အခံ လွှတ်တော်ဥက္ကဋ္ဌ ဂျူလီယိုဘောဂတ်ဟ်ကတော့ သူရော၊ အခြားသူများပါ ဖြစ်စဉ်များကို ဆန်းစစ်ဆဲဖြစ်သည်ဟု မတင်မကျဆိုသည်။

"ရုပ်ရှင်ဇာတ်ကားကျနေတာပဲ။ တချို့တွေကတော့ လုပ်ဇာတ်လို့ပြောတာပဲ။ တချို့တွေ ကျတော့လည်း တကယ်ဖြစ်တာတဲ့၊ ခြုံပြောရရင်တော့ဗျာ၊ တိုင်းပြည်က ဂုဏ်သိက္ခာအတွက် တိုက်ပွဲဝင်နေချိန်မှာ အစိုးရကတော့ ယိုယွင်းပျက်စီးနေတာကို ပြတဲ့ ဖြစ်စဉ်လို့ပဲဆိုရမှာပါ"ဟု ဘောဂတ်ဟ်က သုံးသပ်သည်။




BBC

ကွန်ရက်တွင် စတိုင်ကျကျ ပုံမျိုးစုံ တင်ရသည်ကို မွေ့လျော်သူ ဆိုသည့်အချက်ကလည်း ပေါ်ထွက်လာသည်။ ဂျာမန်သိုးထိန်းခွေးကြီးနှင့်အတူ၊ မြင်းစီး၍ တစ်ဖုံ၊ ရေငုပ်ဒိုင်ဗင်ဝတ်စုံဖြင့် တစ်လီ၊ ရိုင်ဖယ်

စာ - 23

# ALSO IN NEWS

## ဒေါ်နယ်ထရမ့်အမှတ်တံဆိပ်ဘီယာနဲ့ မက္ကဆီကိုသားတွေ ဒေါ်နယ်ထရမ့်ကို လှောင်ပြောင်

မက္ကဆီကိုနဲ့ အမေရိကန်ဘီယာချက်လုပ်ရောင်းချသူတွေ ပူးပေါင်းထုတ်လုပ်လိုက်တဲ့ လတ်ဆတ်တဲ့ချက်ဘီယာတစ်ခုကို ဒေါ်နယ်ထရမ့်ပုံ အမှတ်တံဆိပ်နဲ့ ဖြန့်ချိခဲ့ပါတယ်။ မက္ကဆီကိုနယ်သားပုံစံ ဆင်မြန်းထားတဲ့ ဒေါ်နယ်ထရမ့်ပုံနဲ့ ဘီယာကို Amigous Cerveza ဆိုတဲ့ နာမည်နဲ့ထုတ်လုပ်တာပါ။ မက္ကဆီကို ဘက်ကို အာပေါင်အာရင်းသန်သန် ပြစ်တင်ပြောဆိုတာ၊ တံတိုင်းကာမယ်ဆိုပြီး လုပ်တာတွေကို ပြန်လည်လှောင်ပြောင်တာဖြစ်ပါသတဲ့။

"ထရမ့်တံဆိပ်နဲ့ဆိုရင် ပြောစရာဖြစ်မယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ ရောင်းကောင်းတယ်ခင်ဗျ"လို့ ဘီယာကုမ္ပဏီရဲ့ အမှုဆောင်ချုပ် လူးဝစ်စ်အင်းနရစ်ဒီလာရီဂူရာ က ပြောကြားပါတယ်။ စပိန်စကား မိတ်ဆွေသူငယ်ချင်း အမီဂိုကို အမေရိကန်အသံထွက်နဲ့ စာလုံးပေါင်းထားတဲ့ ဘီယာကိုလည်း မေလကတည်းက ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ ဘီယာပုလင်း ၁၂၀၀ နဲ့ စည်ဘီယာ ၄၀၀ လီတာ ထုတ်ရောင်းခဲ့ပြီး ပထမအပတ်မှာပဲ အကုန်ရောင်းကုန်သွားခဲ့ပါတယ်။ ■ F-02



## အမေရိကမြို့ငယ်လေးမှာ ခွေးတစ်ကောင်ကို မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်

အမေရိကန်ပြည်ထောင်စု ကန်တက်ကီပြည်နယ်က မြို့ငယ်လေးတစ်မြို့မှာတော့ ရွေးကောက်ပွဲတစ်ရပ်မှာ မြို့တော်ဝန်သစ်ဟာ အပြတ်အသတ် အနိုင်ရသွားခဲ့ပါတယ်။

'ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာနဲ့ နားလည်မှု'ဆိုတဲ့ မဲဆွယ်ဆောင်ပုဒ်နဲ့ ဝင်ပြိုင်ခဲ့ရာမှာ အနိုင်ရသွားခဲ့တဲ့မြို့တော်ဝန်ဟာ ခွေးမလေးတစ်ကောင်ဖြစ်ပါသတဲ့။ အဲဒီမြို့ငယ်လေးဟာ မြို့တော်ဝန်ရွေးကောက်ပွဲမှာ တိရစ္ဆာန်တွေကိုသာ ပြိုင်စေဖို့ ဆုံးဖြတ်ခဲ့ပြီး မြို့တော်ဝန်အဖြစ် အနိုင်ရသွားတဲ့ ဘရိုင်နက်ပေါလ်ထရီဆိုတဲ့ ခွေးမလေးဟာ မြည်းတစ်ကောင်နဲ့ ကြောင်တစ်ကောင်ကို ကျော်ဖြတ်အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ မဲပေးပုံကလည်း ထူးဆန်းပြီး မဲတစ်ပြားထည့်ချင်ရင် တစ်ဒေါ်လာ လှူကာ စိတ်ကြိုက်မဲထည့်နိုင်ပါသတဲ့။ ခွေးမလေးဘရိုင်ဟာ စုစုပေါင်း မဲ ၃၃၀၀ ရရှိ သွားခဲ့ပါတယ်။ မဲပေးပွဲကရတဲ့ ငွေကြေးတွေကို မြို့လယ်က ကုန်စုံဆိုင်လေးအတွက် ငွေကြေးထည့်ဝင်ကြမှာ ဖြစ်ပါသတဲ့။ မြို့တော်ဝန် ခွေးမလေးဟာ လူသားတွေအပြင် အခြားသတ္တဝါတွေအပေါ်မှာလည်း ကြင်နာတတ်သူဖြစ်တယ်လို့ ထောက်ခံသူ မြို့သူမြို့သားတွေက ဆိုကြပါတယ်။




■ F-02